မြန်မာ့အလင်း

အတွဲ (၅၄)
အမှတ် (၁၁၀)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီ ၁၈ ရက်၊ တနင်္ဂနွေနေ့။

စေတနာသုံးတန်

- မလှူမီ ရည်မှန်းကာလ၌ ဖြစ်ပေါ်နေသော စိတ်အစဉ်သည် ပုဗ္ဗစေတနာဖြစ်သည်။
- လှူနေဆဲကာလ ဖြစ်ပေါ်နေသော စိတ်အစဉ်သည် မုဉ္စစေတနာဖြစ်သည်။
- လှူပြီးနောက် တသသကြည်နူးနေသော စိတ်အစဉ်သည် အပရစေတနာဖြစ်သည်။

ယနေ့မြန်မာနိုင်ငံသည် စာပေလွတ်လပ်ခွင့်မြင့်မားသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ရောက်ရှိနေပြီ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုဘယ်-မြန်မာစာပေပွဲတော်ဖွင့်ပွဲအခမ်းအနားသို့ သဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၁၇

"စာအုပ်စာပေ လူ့မိတ်ဆွေ" ဟူသည့်အတိုင်း စာအုပ်စာပေကို အများပြည်သူတို့ စိတ်ဝင်စားမှု၊ ဖတ်ရှုလေ့လာမှု တိုးတက်လာစေရန်၊ နိုင်ငံတကာ စာပေများ၊ နိုဘယ်ဆုရ ပုဂ္ဂိုလ်များ၏ စာပေလက်ရာမွန်များဖြင့် မြန်မာစာပေအားဖြည့်မြှင့်တင်ရန်၊ မြန်မာစာပေရေးသားသူတို့၏ စိတ်အားထက်သန်မှု၊ စိတ်ကူးစိတ်သန်းသစ်များနှင့်အတူ တီထွင်ဖန်တီးမှုအသစ်များ တိုးတက်ဖြစ်ပေါ်လာစေရန်၊ စာပေကျေးဇူးဖြစ်သည့် အတွေးအမြင်ဗဟုသုတနှင့်သဘောထားအမြင်များ ကြီးမြတ်ကျယ်ပြန့်ခြင်းကြောင့် လူ့အဖွဲ့အစည်းအတွင်း ငြိမ်းချမ်းမှုရရှိစေခြင်းဖြစ်ကြောင်းကို အများပြည်သူတို့ သိမြင်လာစေရန် ရည်ရွယ်၍ နိုဘယ်-မြန်မာစာပေပွဲတော်ကို ကျင်းပခြင်းဖြစ်ရာ နိုဘယ်-မြန်မာစာပေပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံ၌ ကျင်းပခဲ့သည်။

နိုဘယ်-မြန်မာစာပေပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးစိုးသိန်းနှင့် ဦးအောင်မင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးရဲထွဋ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦး၊ မြန်မာနိုင်ငံစာရေးဆရာအသင်းနှင့် မြန်မာစာပေလောကမှ အသင်းအဖွဲ့များ၊ နော်ဝေနိုင်ငံ နိုဘယ်ဆု ရွေးချယ်ရေးကော်မတီမှ တာဝန်ရှိသူများ၊ ဆွီဒင်နိုင်ငံ စာပေနိုဘယ်ဆုရွေးချယ်ရေးကော်မတီမှ တာဝန်ရှိသူများ၊ နိုင်ငံတကာမှ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်တွင်းပြည်ပ စာရေးဆရာများ၊ ကဗျာဆရာများ၊

စာမျက်နှာ ၈ ကော်လံ ၁ ❖

လက်လီနှင့်လက်ကားဈေးနှုန်းများ ကွာခြားမှုကြောင့် သားငါးမွေးမြူရေးလုပ်ငန်းရှင်များ အခက်အခဲဖြစ်

သတင်း-ခင်ရတနာ ➢ ဓာတ်ပုံ-မေဦးမိုး

ရန်ကုန် ဇန်နဝါရီ ၁၇

အခြေခံ စားသောက်ကုန်ဖြစ်သည့် သားငါးဈေးများမှာ ယမန်နှစ်နှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းကျဆင်းနေခြင်းသည် ထုတ်လုပ်သူများပြားခြင်းနှင့် ထုတ်လုပ်မှု နည်းပညာများ တိုးတက်လာခြင်းတို့ကြောင့်ဖြစ်ပြီး မွေးမြူထုတ်လုပ်သူအများစုမှာ အရှုံးခံကာ ဈေးကွက်ပြိုင်ဆိုင်ရောင်းချမှုများပင်ရှိကြောင်း သိရသည်။

နေ့စဉ်စားသုံးနေသော သားငါးဈေးများ ယမန်နှစ်နှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းမြင့်တက်မှု မရှိခြင်းကြောင့် စားသုံးသူများ ဝယ်ယူစားသောက်ရန် အဆင်ပြေသော်လည်း ထုတ်လုပ်မှုနည်းပညာများကို စနစ်တကျ ပုံမှန်စစ်ဆေးရန် လိုအပ်ကြောင်း တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဆရာဝန် ဒေါက်တာမြင့်ကျော်က ပြောကြားသည်။

ဆောင်းခိုငှက်များ ဝင်ရောက်တတ်သော ယခုကာလများအတွင်း တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မန္တလေးတိုင်းဒေသကြီးကို အခြေခံကာ သားငါးကဏ္ဍ ကျန်းမာရေးလုပ်ငန်းများကို အရှိန်မြှင့်

စာမျက်နှာ ၉ ကော်လံ ၄ ▲

နွားချေးမြေဩဇာအသုံးပြုစိုက်ပျိုးထားသော အော်ဂဲနစ်စိုက်ခင်းတစ်ခင်းကို တွေ့ရစဉ်။

အော်ဂဲနစ်ဟင်းသီးဟင်းရွက်များ အလေးထားစားသုံးသင့်ပြီ

ရန်ကုန် ဇန်နဝါရီ ၁၇

အမေး၊အရေး-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-ကေဇင်

ယနေ့ပြည်သူများကား ရောဂါပေါင်းစုံအကြား ဖြတ်သန်းသွားလာနေကြရသည်။ လေထု၊ မြေထု၊ ရေထုများက လူသားတို့ပယောဂကြောင့် ညစ်ညမ်းနေကြပြီး လူသားတိုင်းနီးပါး ရောဂါတစ်မျိုးမဟုတ်တစ်မျိုး ခံစားနေကြရသည့် ယနေ့အချိန်တွင် ကျန်းမာရေးသည် အရေးကြီးလာသည်။ ကျန်းမာရေးအတွက် စနစ်တကျ နေထိုင်စားသောက်ကြရန် လိုအပ်သည်ဖြစ်ရာ ကျန်းမာစေသည့် အစားအစာများ ရွေးချယ်စားသုံးရန် အရေးကြီးသည်။ အထူးသဖြင့် အသီးအရွက်စားခြင်းသည် ကျန်းမာရေးအတွက် ကောင်းမွန်သော်လည်း ပိုးသတ်ဆေးကင်းစင်သော ဓာတုဆေးဝါးအသုံးပြုမှုမရှိသော အသီးအရွက်များကို စားသုံးမှသာ ကျန်းမာရေးအတွက်

စာမျက်နှာ ၉ ကော်လံ ၁ ■

ယနေ့ မာတိကာ

အကြမ်းဖက်ခြိမ်းခြောက်မှုအပေါ် ဥရောပတစ်ဝန်း လုံခြုံရေးတပ်လှန့် — စာမျက်နှာ ❖ ၄

ကျွန်းစုမြို့နယ်တွင် စက်လှေနစ်မြုပ်၍ ခရီးသည်တစ်ဦးသေဆုံး — စာမျက်နှာ ❖ ၅

အနက်ဆန့်ကျင်စကားလုံးများ(၂) — ဆောင်းပါး၊ စာမျက်နှာ ❖ ၆

ဗြိတိသျှတင်းနစ်မယ် ဒုတိယအကြိမ် WTA ဖလားဆွတ်ခူး — စာမျက်နှာ ❖ ၁၂

အိန္ဒိယနိုင်ငံရောက် မြန်မာရေလုပ်သား ၁၅၀ အမိနိုင်ငံသို့ ပြန်လည်ရောက်ရှိ

သတင်း၊စာမျက်နှာ ➢ ၇

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

စီမံကိန်းလုပ်ငန်းများ ထိရောက်စွာဖော်ဆောင်

နိုင်ငံတော်အစိုးရအနေဖြင့် တစ်မျိုးသားလုံး၏ လူမှုစီးပွား တစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပထမငါးနှစ်စီမံကိန်းကို နှစ်စဉ်စီမံကိန်းများဖြင့် အကောင်အထည်ဖော်လျက်ရှိရာ လာမည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်သည် ပထမငါးနှစ်စီမံကိန်း၏ နောက်ဆုံး နှစ်ဖြစ်ပြီး လက်ရှိအစိုးရ၏ငါးနှစ်သက်တမ်းအတွင်း နောက်ဆုံးနှစ် အဖြစ် အကောင်အထည်ဖော်ရမည်ဖြစ်ပါသည်။ ထို့အပြင် နောင်လာမည့် အစိုးရသက်တမ်းတွင် အကောင်အထည်ဖော်ရမည့် ဒုတိယငါးနှစ်စီမံကိန်းရေးဆွဲရန်အတွက် အခြေခံနှစ်လည်းဖြစ်ပါ သည်။

ပထမငါးနှစ်စီမံကိန်းကို ''ပြည်သူဗဟိုပြုဖွံ့ဖြိုးမှု'' ခေါင်းစဉ်ဖြင့် ရေးဆွဲထားပြီး နိုင်ငံတစ်ဝန်းလုံး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံဖြစ်ပေါ်လာစေရန် သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်မှုစနစ်ဖြစ်ပေါ် လာစေရန်၊ ကုလသမဂ္ဂထောင်စုနှစ်ရည်မှန်းချက်ကို ပြည့်မီစေရန် စသည့်မျှော်မှန်းချက်များ ချမှတ်ထားသည့်အပြင် တိုင်းရင်းသား ပြည်သူအားလုံး စားဝတ်နေရေး ပြည့်စုံဖူလုံရုံသာမက အခြေခံ ကျန်းမာရေးစောင့်ရှောက်မှုရရှိပြီး ပညာရည်မြင့်မားလာစေရန် ပြည်သူလူထုတစ်ရပ်လုံး သောက်သုံးရေနှင့်လျှပ်စစ်ဓာတ်အား ဖူလုံစေရန်၊ ပို့ဆောင်ဆက်သွယ်ရေး လွယ်ကူချောမွေ့စေရန်နှင့် ၂၀၁၅ ခုနှစ်တွင် ဆင်းရဲမှုရာခိုင်နှုန်း လျှော့ချနိုင်ရေး ဆောင်ရွက် ရန်တာဝန် (Mission) များ ချမှတ်ဆောင်ရွက်ခဲ့ပါသည်။

လာမည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်သည် အရေးကြီးသည့် နှစ်တစ်နှစ်ဖြစ်သကဲ့သို့ စီမံကိန်းလုပ်ငန်းများ ထိထိရောက်ရောက် ဖော်ဆောင်ရမည့်နှစ်လည်းဖြစ်ပါသည်။ ပညာရေး၊ ကျန်းမာရေး အသုံးစရိတ်များ တိုးတက်သုံးစွဲရမည်ဖြစ်သကဲ့သို့ ၂၀၁၅ ခုနှစ် တွင် အိမ်ထောင်စု စုစုပေါင်း၏ ၅၀ ရာခိုင်နှုန်း လျှပ်စစ်မီးရရှိ ရေး ရည်မှန်းထားပြီး ဆောင်ရွက်နေကြောင်းလည်း သိရပါ သည်။ သို့ပါ၍ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဇန်နဝါရီ ၁၄ ရက်က ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပ သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စီမံကိန်းကော်မရှင် (၁/၂၀၁၅) အစည်းအဝေးတွင် စီမံကိန်းလုပ်ငန်းများ အောင်မြင် အောင် ဆောင်ရွက်ရာ၌ သာမန်ဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ ရလဒ်ကောင်း ထွက်ပေါ်လာသည်အထိ ဆောင်ရွက်ကြရမည်ဖြစ် သည့်အတွက် လုပ်ငန်းတစ်ခုချင်းအလိုက် နေ့စဉ်၊ လစဉ်အကောင် အထည်ဖော်ဆောင်ရွက်ရမည့်လုပ်ငန်း ဇယားရေးဆွဲပြီး နေ့စဉ်၊ လစဉ် ကြိုးပမ်းဆောင်ရွက်ကြရန်နှင့်နေ့စဉ်၊ လစဉ်တိုးတက်မှုရလဒ် များကိုလည်း မှတ်တမ်းထားရှိဆောင်ရွက်သွားကြရန် လိုအပ် ပါကြောင်း၊ ပြည်သူကိုလတ်တလောအကျိုးပြုနိုင်မည့် လုပ်ငန်းများ ကို ဦးစားပေးလုပ်ဆောင်ကြရန် လိုအပ်ပါကြောင်းစသည်ဖြင့် ပြောကြားခဲ့ပါသည်။

နိုင်ငံတော်အနေဖြင့် ပြီးခဲ့သည့်လေးနှစ်တာကာလအတွင်း စီးပွားရေးလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ရာတွင် အဓိကအားဖြင့် စီးပွားရေးမူဝါဒလေးရပ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ ကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့်ကဏ္ဍစုံ၊ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည် ဆောက်ရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား အချိုးကျ မျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုတစ်ရပ်လုံးရရှိခံစား နိုင်မည့် လူမှုစီးပွားနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေး၊ စာရင်း ဇယားကိန်းဂဏန်းများ အရည်အသွေးပြည့်ဝရေးဟူသော ရည်မှန်း ချက်များ ချမှတ်ဆောင်ရွက်ခဲ့သည်။ သို့ပါ၍ ဤရည်မှန်းချက် များအတိုင်း ဆက်လက်အောင်မြင်မှုများရရှိရေး ပြည်သူလူထု နှင့်တကွ သက်ဆိုင်ရာတာဝန်ရှိသူအားလုံးက ကဏ္ဍအလိုက်၊ ဒေသအလိုက် စီမံကိန်းလုပ်ငန်းများ ထိရောက်စွာ ဖော်ဆောင် သွားသင့်ပါကြောင်း။ ။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

နှစ်ပတ်အတွင်း မြန်မာ့ရွှေဈေး ငွေကျပ် ၂၅၀၀၀ မြင့်တက်

ရန်ကုန် ဇန်နဝါရီ ၁၇

၂၀၁၄ ခုနှစ်မှ ၂၀၁၅ ခုနှစ် အကူးအပြောင်း နှစ်ဆန်းရက်များ အတွင်း ကမ္ဘာ့ရွှေဈေးမှာ ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၀၀ နီးပါး ခုန်တက်လာခဲ့သည်ဟု ရွှေဘုံသာလမ်းရှိ အပိုင်းရွှေများ အရောင်းအဝယ်ပြုလုပ်နေသူများထံမှ ကြားသိရသည်။

ကမ္ဘာ့ရွှေဈေးမှာ ၂၀၁၅ ခုနှစ် အစ ဇန်နဝါရီ ၃ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၁၈၈ ဖြင့် အနိမ့်ဆုံးရှိနေရာမှ ဇန်နဝါရီ ၁၆ ရက် ညနေ ကမ္ဘာ့ရွှေဈေးကွက် ပိတ်သိမ်းချိန်၌ အမေရိကန်ဒေါ်လာ ၁၂၈၀ အထိဖြစ်သွားခဲ့သည်။ ရက်သတ္တနှစ်ပတ်အတွင်း ဒေါ်လာ ၁၀၀ နီးပါးမျှမြင့်တက်လာခဲ့ခြင်းဖြစ်သည်။ ဇန်နဝါရီ ၃ ရက်တွင် မြန်မာ့ရွှေဈေးမှာ တစ်ကျပ်သားလျှင် ငွေကျပ် ၆၆၁၀၀၀ ရှိနေခဲ့သည်။

ဇန်နဝါရီ ၁၅ ရက် ညနေ ဈေးပိတ်ချိန်၌ ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၂၂၉ ရှိနေခဲ့ပြီး မြန်မာ့ရွှေဈေးမှာ ငွေကျပ် ၆၇၁၂၀၀ ရှိနေခဲ့သည်။ ဇန်နဝါရီ ၁၆ ရက် ဈေးအဖွင့်၌ ကမ္ဘာ့ရွှေဈေးမှာ ၁၂၅၉ ဒေါ်လာအထိ မြင့်တက်လာပြီး မြန်မာ့ရွှေဈေးမှာ ငွေကျပ် ၆၇၇၅၀၀ ဖြင့် စခဲ့သည်။

ညနေဈေးပိတ်ချိန်၌ ကမ္ဘာ့ရွှေဈေးမှာ ၁၂၈၀ ဒေါ်လာဖြစ်လာခဲ့ပြီး မြန်မာ့ရွှေဈေးမှာ ငွေကျပ် ၆၈၁၀၀၀ ဖြင့် ဈေးပိတ်ခဲ့သည်။ စနေ၊ တနင်္ဂနွေမှာ ကမ္ဘာ့ရွှေဈေးကွက် ပိတ်သော ရက်များဖြစ်သည်။

ရွှေဈေးအပြောင်းအလဲမြန်ဆန်မှုကြောင့် ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များ အသင်းရုံး အရောင်းအဝယ်ခန်းမ၌ အသင်းဝင်ရောင်းသူဝယ်သူတို့၏ "ဈေးခေါ်သံ" "ဈေးပေးသံ" တို့ စီညံလျက်ရှိနေသည်။ ခန်းမအတွင်း အရောင်းအဝယ် စနစ်တကျဖြစ်စေရန် အသင်းအတွင်းရေးမှူး ဦးဝင်းမြင့်နှင့်အဖွဲ့က စောင့်ရှောက်ပေးလျက်ရှိနေသည်ကို တွေ့ရသည်။

အလုပ်အမှုဆောင် ဦးအေးချို (စမ်းချောင်း)က "လက်ရှိအနေအထား အရ ဈေးမြင့်တက်လာတဲ့အတွက် အနိမ့်ဈေးနဲ့ ဝယ်ထားသူတွေက ပြန်ထုတ်ရောင်းကျသလို ကမ္ဘာ့ရွှေဈေး ထပ်တက်လာဦးမယ်လို့ တွက်တဲ့သူတွေက ပြန်ဝယ်နေကြတယ်။ ဝယ်လိုအား ရောင်းလိုအားကတော့ မျှနေပါတယ်ဆိုရမှာပေါ့" ဟု သုံးသပ်ပြောကြားခဲ့သည်။

"ဗိုလ်ချုပ်ဈေး၊ လမ်းမတော်၊ လသာ၊ ရွှေဘုံသာလမ်းရှိ ရွှေထည်ရောင်းသူပိုင်ရှင်များက ရွှေဈေးက အများကြီး ခုန်တက်သွားတယ်။ ဒါကြောင့် အဝယ်ကတော့ပါးသွားတယ်။ ဝယ်ပြီးသား ပြန်လာရောင်းတဲ့သူတွေများလာတယ်" ဟု အရောင်းအဝယ်ဈေးကွက်အတွင်း ဖြစ်နေမှုကို ဆိုခဲ့သည်။

ဇန်နဝါရီ ၁၇ ရက် မွန်းလွဲပိုင်းက အလုပ်အမှုဆောင် ဦးအေးချို (စမ်းချောင်း)ကို ဖုန်းဖြင့်ဆက်သွယ်မေးမြန်းခဲ့ရာ "စနေ၊ တနင်္ဂနွေမှာ ကမ္ဘာ့ရွှေဈေးကွက်ပိတ်တာ မှန်ပေမယ့် မြန်မာ့ရွှေဈေးကွက် အသင်းရုံးမှာတော့ စနေနေ့အထိ အရောင်းအဝယ်ပြုလုပ်ပါတယ်။ ဒါကြောင့် ယနေ့ နေ့လယ်ပိုင်းတွင် ကမ္ဘာ့ရွှေဈေးက ဒီအတိုင်းရှိပေမယ့် မြန်မာ့ရွှေဈေးက မနေ့ကထက်ငွေကျပ် ၅၀၀၀ တက်လာပြီး အခေါက်ရွှေတစ်ကျပ်သားကို ငွေကျပ် ၆၈၆၀၀၀ ဈေးရှိနေပါတယ်။ ဒါကြောင့် နှစ်ပတ်အတွင်း မြန်မာ့ရွှေဈေးက တစ်ကျပ်သားကို ငွေကျပ် ၂၅၀၀၀ မြင့်တက်လာပါတယ်။ ကမ္ဘာ့ရွှေဈေး အတက်ကြမ်းလာတဲ့အတွက် အချိန်မရွေး ပြန်ကျလာနိုင်တဲ့အနေအထားမှာတော့ရှိနေတယ်" ဟု ၎င်း၏ သုံးသပ်မှုအမြင်ကို ထည့်သွင်းပြောကြားခဲ့သည်။

သတင်းနှင့်ဓာတ်ပုံ-
တင်ဝင်းလေး(ကြည့်မြင်တိုင်)

ဆီးနှင်းများ ထူထပ်စွာကျရောက်မှုကြောင့် ယာဉ်မောင်းများ ဂရုပြုရန်လို

မန္တလေး ဇန်နဝါရီ ၁၇

ဆောင်းတွင်းကာလအတွင်း ဆီးနှင်းထူထပ်ခြင်းကြောင့် မန္တလေး-မူဆယ်အဝေးပြေးလမ်းမကြီးပေါ်တွင် မောင်းနှင်သွားလာနေသောယာဉ်များ ဂရုပြုရန်လိုကြောင်း လားရှိုးယာဉ်ထိန်းရုံးမှ တာဝန်ရှိသူ တစ်ဦးက ဆိုသည်။

မန္တလေး-မူဆယ်လမ်းမကြီးပေါ်တွင် နေ့စဉ် ကားစီးရေ ထောင်နှင့်ချီ၍ သွားလာလျက်ရှိရာ ဆောင်းတွင်း ကာလ၌ ဆီးနှင်းများကျဆင်းခြင်းနှင့် မြူများထူထပ်ခြင်း တို့ကြောင့် လမ်းမြင်ကွင်းမရှင်းခြင်း၊ ယာဉ်တစ်စီးနှင့် တစ်စီးမြင်တွေ့ရန် ခက်ခဲခြင်းနှင့် လမ်းချော်ခြင်းများ ဖြစ်ပွားတတ်၍ ယာဉ်မောင်းများအထူးသတိဖြင့် မောင်းနှင်ရန် လိုအပ်ကြောင်း အဆိုပါ တာဝန်ရှိသူက ဆက်လက်ပြောပြသည်။ "အဓိကကတော့ ကားမီးတွေ ကောင်းဖို့နဲ့ ကားမှန်သုတ်တံဝိုက်ပါ ကောင်းဖို့လိုတယ်။ နှင်းအလွန်ကျတဲ့ နေရာတွေမှာဆို လိုအပ်ရင်သုံးနိုင်ဖို့ နှင်းခွဲမီးတွေလည်း ကောင်းဖို့ လိုပါတယ်။ မြင်ကွင်းမကောင်းရင် အရှိန်ပြင်းစွာ မမောင်းဖို့ ပိုအရေးကြီးပါတယ်"ဟု အဆိုပါလမ်းပေါ်တွင် ပြေးဆွဲနေသည့် ဝါရင့်ယာဉ်မောင်းတစ်ဦးက ဆိုသည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအတွင်း မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် မိုးသီးကြွေခြင်းများ ဖြစ်ပွားပြီး နောက်ပိုင်း အအေးပိုခြင်းနှင့် ဆီးနှင်းများ ပိုမိုကျဆင်းလျက်ရှိသည်။ မန္တလေး-မူဆယ် လမ်းပေါ်ရှိ ဂုတ်တွင်း တောင်ကြားလမ်းနှင့် ကွတ်ခိုင်-နမ့်ဖတ်ကာ တောင်ကြားလမ်းပိုင်းများတွင် ဆောင်းတွင်းကာလ၌ မြင်ကွင်း မရှင်းခြင်းများ ကြုံတွေ့နေကြောင်း ယာဉ်မောင်းများထံမှ သိရသည်။

ကိုနေ(သီပေါ)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ဒေသဖွံ့ဖြိုးတိုးတက်ရေးမှ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအထိ ရည်ရွယ်ချက်ထားပြီးလုပ်ဆောင်

နေပြည်တော် ဇန်နဝါရီ ၁၇

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှု ကော်မတီ ဥက္ကဋ္ဌ သူရဦးအေးမြင့်၊ ဒုတိယဝန်ကြီး ဦးတင်ငွေ၊ ဦးသောင်းထိုက်၊ ဒေါက်တာ သိန်းသိန်းဌေးနှင့် တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၁၁ ရက် နံနက်ပိုင်းတွင် မြန်မာ့လေကြောင်းဖြင့် နေပြည်တော်မှ ခန္တီးမြို့သို့ရောက်ရှိကြသည်။

ဆက်လက်၍ ထန်ပါခွေမြို့သို့ ရောက်ရှိကြပြီး ထန်ပါခွေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ **(အပေါ်ယာပုံ)** ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံရာရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူးက ဒေသဆိုင်ရာအချက်အလက်များ၊ ဒေသ၏ လိုအပ်ချက်များကို ရှင်းလင်းတင်ပြပြီး နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးရှုစံကြူးက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက ရှင်းလင်းတင်ပြချက်များအပေါ် ဖြည့်စွက်ရှင်းလင်းပြီး ပြည်ထောင်စုဝန်ကြီးများ၊ စစ်ကိုင်းတိုင်း ဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဒေသအတွက် Skynet ရုပ်သံဖမ်းစက်များ၊စောင်များ၊ အဝတ်အထည်များ၊ အားကစားပစ္စည်းများနှင့် ထောက်ပံ့ငွေတို့ကို အသီးသီး ပေးအပ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက မိမိတို့ မြန်မာနိုင်ငံသည် ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကို မောင်နှမများဖြင့် ဖွဲ့စည်းပြီး တိုင်းရင်းသား ညီအစ်ကိုမောင်နှမများထဲတွင် နာဂတိုင်းရင်းသားများလည်း အပါအဝင်ဖြစ်ပါကြောင်း၊ နာဂဒေသသည် ယခင်က လမ်းပန်းဆက်သွယ်ရေး ခက်ခဲခဲ့သော်လည်း ယခုအခါ ဒေသဖွံ့ဖြိုးရေးအတွက် လမ်းများတိုးချဲ့ဖောက်လုပ်ဆောင်ရွက်ပေးခဲ့သဖြင့် တစ်နေရာနှင့်တစ်နေရာ သွားလာမှုအဆင်ပြေလာသည်ကို တွေ့ရှိရ၍ စိတ်ချမ်းသာမှုရှိကြောင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာသည်နှင့်အမျှ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ နာဂဒေသသည်လည်း တစ်နှစ်ထက်တစ်နှစ် ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့ရှိရပြီး ဆက်လက်ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရက တိုင်းပြည်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို အစွမ်းကုန်ဆောင်ရွက်ပေးနေသကဲ့သို့ နာဂဒေသမှ တိုင်းရင်းသားများကလည်း အချင်းချင်း စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်းဖြင့်ပြောကြားသည်။

ထို့နောက် လဟယ်မြို့သို့ ညနေပိုင်းတွင် ရောက်ရှိပြီး လဟယ်မြို့ ဟွေထိုက်ချောင်းလက်တက် ကျလွေချောင်း ရေအားလျှပ်စစ်စီမံကိန်းသို့သွားရောက် ကြည့်ရှုသည်။

အဆိုပါ ရေအားလျှပ်စစ်စီမံကိန်းကို စစ်ကိုင်းတိုင်းဒေသကြီး ရန်ပုံငွေဖြင့်ကျပ်သန်း ၁၂၇၀ အကုန်ကျခံ တည်ဆောက်ပေးလျက်ရှိရာ လျှပ်စစ်ဓာတ်အား ၁၅၀ ကီလိုဝပ် ထွက်ရှိမည်ဖြစ်ပြီး ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် ဓာတ်အားဖြန့်ဖြူးနိုင်ရေးရည်မှန်းချက်ထားရှိ စီမံဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။

ထို့နောက် အရာထမ်းနေအိမ်နှင့် ခြောက်ခန်းတွဲ ဝန်ထမ်းအိမ်ရာများ တည်ဆောက်ရေးလုပ်ငန်းခွင်သို့လည်းကောင်း၊ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ကျောင်းဆောင်သစ် အဆောက်အအုံဆောက်လုပ်ပြီးစီးမှုအားလည်းကောင်း၊ မြို့နယ်အားကစားကွင်းနှင့် အားကစားခန်းမတည်ဆောက်နေမှုအားလည်းကောင်း လှည့်လည်ကြည့်ရှုသည်။

ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းတွင်လဟယ်မြို့ မြို့နယ်ခန်းမ၌ ဌာနဆိုင်ရာများနှင့် ဒေသခံများအား တွေ့ဆုံရာ လဟယ်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ဒေသဆိုင်ရာအချက်အလက်များနှင့် မြို့နယ်အတွင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ လဟယ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဆားမူ၊ ခန္တီးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးလှထွန်းတို့က ဒေသဆိုင်ရာ လိုအပ်ချက်များအားလည်းကောင်း၊ သက်ဆိုင်ရာ တာဝန်ရှိသူများက ဆင်သေ-လဟယ်လမ်း၊ လဟယ်-ဒုံဟီးလမ်း လုပ်ငန်းဆောင်ရွက်နေမှုများကိုရှင်းလင်းတင်ပြပြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌက ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆောင်ရွက်နေမှုနှင့် လိုအပ်ချက်များကို တင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ပေးနေမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်ပေးမည့် အစီအမံများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ဒေသဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ငွေများ၊ ကျေးလက်ဒေသ အထောက်အကူပြုပစ္စည်းများ၊ အားကစားပစ္စည်းများနှင့် Skynet ရုပ်သံဖမ်းစက်များကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက နာဂရိုးရာနှစ်သစ်ကူးပွဲတော် ကျင်းပသည့်ကာလတွင် နာဂတိုင်းရင်းသား ညီအစ်ကို မောင်နှမများနှင့် တွေ့ဆုံပြီး ဒေသ၏လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းပေးရန် ရောက်ရှိလာခြင်းဖြစ်ပါကြောင်း၊ ယခင်နှစ်က တွေ့ရှိခဲ့သော မြို့အနေအထားနှင့် ယခုအနေအထားသည် များစွာတိုးတက်မှုရှိလာသည်ကို တွေ့ရှိရ၍ ဝမ်းမြောက်မိပါကြောင်း၊ ဒေသခံညီအစ်ကို မောင်နှမများနှင့် ဝန်ထမ်းများ၏ တက်ညီလက်ညီ ဟန်ချက်ညီစွာ ဆောင်ရွက်ခြင်း ရလဒ်ပင်ဖြစ်ပါကြောင်း၊ နိုင်ငံတွင်းရှိ ညီအစ်ကို မောင်နှမများအားလုံး အေးချမ်းတည်ငြိမ်မှုကို လိုလားကြကြောင်း၊ နိုင်ငံတည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ နာဂဒေသသည် တည်ငြိမ်အေးချမ်းမှု၏ အသီးအပွင့်များကို ရရှိနေပြီဖြစ်သော်လည်း ပိုမိုပြည့်စုံကောင်းမွန်သည့် အနေအထားသို့ရောက်ရှိအောင် ကြိုးစားကြရမည်ဖြစ်ပါကြောင်း၊ ပြည်သူများ၏ လူမှုစီးပွားလိုအပ်ချက်များဖြစ်သည့် လျှပ်စစ်မီး၊သောက်သုံးရေ၊ စိုက်ပျိုးရေ၊ အလုပ်အကိုင်ရရှိရေးစသည့် ကဏ္ဍများကို ဖွံ့ဖြိုးတိုးတက်အောင် အစဉ်တစိုက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဝန်ထမ်းများသည်လည်း ဝတ်ကျေတန်းကျေ လုပ်ဆောင်ခြင်းမျိုးမဟုတ်ဘဲ ဒေသဖွံ့ဖြိုးတိုးတက်ရေးမှ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအထိ ရည်ရွယ်ချက်ထားရှိပြီး တစ်ဦးကောင်း တစ်ယောက်ကောင်း မဟုတ်ဘဲ အဖွဲ့လိုက်အားလုံး ကောင်းအောင် လုပ်ဆောင်ကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လဟယ်မြို့ သာသနပါလကျောင်းသို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော်နှင့် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်လက်လှူဒါန်းပြီး သက်ကြီးအဘိုး အဘွားများအား လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

နဂါးရစ်တောင် ဓမ္မပါလတောရကျောင်း ပန်းပုကွင်းကျေးရွာ ငါးသိုင်းချောင်းမြို့နယ် ဧရာဝတီတိုင်းဒေသကြီး၌ သီတင်းသုံးလျက်ရှိသော နဂါးရစ်တောင်ဆရာတော် ဦးဝိသုဒ္ဓနှင့် တပည့်သားသမီးများက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် သိန်း ၆၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၂) ဦးဝင်းလွင်က လက်ခံယူစဉ်။

(သတင်းစဉ်)

တက္ကသိုလ်ပညာသင်ထောက်ပံ့ကြေးပေးအပ်

တပ်ကုန်း ဇန်နဝါရီ ၁၇

နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့ အထက(၁) ပညာရေးပဒေသာပင် ကြီးကြပ်မှုကော်မတီ၏ ၂၀၁၄-၂၀၁၅ တက္ကသိုလ်ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၇ ရက် နံနက်က အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံစောလှိုင်က တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ဆေးတက္ကသိုလ်၊ တိမွေးကုတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ လေကြောင်းတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်များသို့ တက်ရောက်နေကြသော ကျောင်းသား ၂၁ ဦး အတွက် တစ်နှစ်စာထောက်ပံ့ကြေးငွေကျပ် ၉၂ သိန်းကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ဝ၂၁)**

စာအုပ်စာပေ လူ့မိတ်ဆွေ

နိုင်ငံတကာသတင်း

၂၀၁၆ ခုနှစ်သည် စံချိန်တင်အပူရှိန်မြင့်ဆုံး နှစ်တစ်နှစ်ဖြစ်ခဲ့

နာဆာ ဇန်နဝါရီ ၁၇

၂၀၁၆ ခုနှစ်သည် ကမ္ဘာ့အပူဆုံး နှစ်ဖြစ်ကာ အပူချိန်မှာ ၀ ဒသမ ၆၈ စင်တီဂရိတ် (၁ ဒသမ ၂၄ ဖာရင်ဟိုက်) ရှိခဲ့ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

လွန်ခဲ့သည့် ရာစုနှစ်အပြီး စံချိန်တင် အပူဆုံးနှစ် ၁၅ နှစ်ရှိသည့်အနက် ၂၀၁၆ ခုနှစ်သည် ၁၄ နှစ်မြောက် နှစ်ဖြစ်ကြောင်း ၎င်းသိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ လေ့လာသုံးသပ်ချက်ကို နာဆာနှင့် နော်ယာသုတေသန ပညာရှင်များက သောကြာနေ့တွင် ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သောလက ကမ္ဘာ့မိုးလေဝသအဖွဲ့က လွန်ခဲ့သော ၁၂ လ ကာလသည် အပူဆုံးလများဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

ကမ္ဘာ့ရေရှည် ပျမ်းမျှအပူချိန်ကို ၁၉၅၁ ခုနှစ်နှင့် ၁၉၈၀ ပြည့်နှစ်အတွင်းကောက်ယူခဲ့သော အချက်အလက်များကို အခြေခံ၍ တွက်ချက်ခဲ့သည်ဟု ဆိုသည်။

"ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်ကတော့ အပူဆုံးနှစ်များထဲမှ တစ်နှစ်ပါပဲ"ဟု နာဆာမှ ညွှန်ကြားရေးမှူး ဂါဗင်စမစ်က ပြောသည်။ အဆိုပါရလဒ်ကိုပူနွေးသော သမုဒ္ဒရာများမှ အပူဆုံး စံချိန်နှစ်ခုကို ယူထားကြောင်း ဒေါက်တာစမစ်က ပြောသည်။ **(ဘီဘီစီ)**

အကြမ်းဖက်ခြိမ်းခြောက်မှုအပေါ် ဥရောပတစ်ဝန်း လုံခြုံရေးတပ်လှန့်

ပါရီ ဇန်နဝါရီ ၁၇

ဥရောပတစ်ဝန်းလုံးရှိ စစ်သွေးကြွများကို စီးနင်းဝင်ရောက်ဖမ်းဆီးမှုများပြုလုပ်ပြီးနောက် ကြီးမားသည့် လုံခြုံရေးတပ်လှန့်မှုများ ပြုလုပ်ထားလျက်ရှိသည်။

ဘယ်လ်ဂျီယံ၊ ပြင်သစ်နှင့် ဂျာမနီတို့၌ လူ ၂၀ ကျော်ဖမ်းဆီးထားပြီးနောက် ဘယ်လ်ဂျီယံက ပြင်သစ်နိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်အတူ တပ်ဖြန့်လုပ်ဆောင်လျက်ရှိသည်။

လွန်ခဲ့သော သီတင်းပတ်က ပါရီမြို့တိုက်ခိုက်မှုအတွင်း လူပေါင်း ၁၇ ဦး သေဆုံးပြီးနောက် ဥရောပနိုင်ငံများတွင် လုံခြုံရေးတင်းကျပ်လျက်ရှိသည်။

အရှေ့အလယ်ပိုင်းရှိ စစ်သွေးကြွများနှင့်သွားရောက်ပူးပေါင်းသော ဥရောပလူငယ်များ ပြန်ရောက်လာမှုအပေါ် စိုးရိမ်မှုများတိုးလာသည်။

ဘယ်လ်ဂျီယံ၌ လူငါးဦးကို အကြမ်းဖက်အုပ်စုတွင် ပါဝင်မှုဖြင့် သောကြာနေ့က ဖမ်းဆီးလိုက်သည်။ ကြာသပတေးနေ့ ညနေပိုင်းက ဝင်ရောက်စီးနင်းမှုပြုလုပ်စဉ် အကြမ်းဖက်သမား နှစ်ဦးသေဆုံးသွားပြီးနောက် ထိုလူငါးဦးကို ဖမ်းဆီးလိုက်ခြင်းဖြစ်သည်။

ယမန်နေ့ ညနေပိုင်းက လက်နက်ခဲယမ်း၊ ရဲဝတ်စုံနှင့်အတူ ငွေကြေးအမြောက်အမြားကို ရဲတပ်ဖွဲ့က ဖမ်းဆီးရမိခဲ့သည်။ ပြင်သစ်နိုင်ငံတွင် တပ်ဖွဲ့ဝင်နှင့် ရဲအင်အား ၁၂၀၀၀ ကို နိုင်ငံတစ်ဝန်း လုံခြုံရေးအတွက် ဖြန့်ကြက်ချထားသည်။ **(ဘီဘီစီ)**

အကြမ်းဖက်သမားဟု သံသယရှိသူ ဆယ်ကျော်သက်မိန်းကလေး ဗြိတိန်ရဲများဖမ်းဆီး

လန်ဒန် ဇန်နဝါရီ ၁၇

ဗြိတိန်တန်ပြန်အကြမ်းဖက်တိုက်ဖျက်ရေးရဲများက အသက် ၁၈ နှစ်အရွယ် မိန်းကလေးကို လန်ဒန် စတန်းစတက်ဒ်လေဆိပ်၌ အကြမ်းဖက်သမားဟု သံသယရှိသည့်အတွက် ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

သောကြာနေ့ ညနေ ၄ နာရီဝန်းကျင် လေယာဉ်ဆိုက်ရောက်သည့်အချိန်၌ အဆိုပါဆယ်ကျော်သက်မိန်းကလေးကို အာဏာပိုင်များက ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ထို့နောက် ၎င်းကို စစ်ဆေးမေးမြန်းမှုများပြုလုပ်ရန် လန်ဒန်ဗဟိုရဲစခန်းသို့ ခေါ်ဆောင်ခဲ့သည်။ ထိုအမျိုးသမီးသည် တားမြစ်ပိတ်ပင်ထားသော အကြမ်းဖက်အဖွဲ့ဝင်တစ်ဦးဖြစ်သည်ဟု ယူဆရပြီး အကြမ်းဖက်လှုပ်ရှားမှုများပြုလုပ်ရန် ပြင်ဆင်နေသည်ဟု သံသယရှိကြောင်း ရဲတပ်ဖွဲ့က ပြောခဲ့သည်။

သံသယရှိသူသည် မည်သည့်အရပ်ဒေသမှ လာရောက်ကြောင်းကိုမူ ရဲများက ပြောကြားခြင်းမရှိပေ။ ၎င်းသည် ဗြိတိန်သို့ သွယ်ဝိုက်သော လမ်းကြောင်းမှတစ်ဆင့်လာခဲ့ကြောင်း သိရသည်။ လွန်ခဲ့သည့်အောက်တိုဘာလက ဖမ်းဆီးခဲ့သော ၂၁ နှစ်အရွယ်ရှိ အမျိုးသားနှင့်ဆက်စပ်၍ ဤဖမ်းဆီးမှုကိုပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ဗြိတိန်နိုင်ငံသား ၅၀၀ ဝန်းကျင်သည် လွန်ခဲ့သည့်နှစ်နှစ်ကျော်မှစတင်၍ အီရတ်နှင့်ဆီးရီးယားသို့ သွားရောက်ကာ တက်ဖရီအကြမ်းဖက်သမားများနှင့် ပူးပေါင်းလျက်ရှိသည်။

မိခင်နိုင်ငံသို့ပြန်လာခဲ့ပြီးနောက် ၎င်းတို့၏ အတွေးအခေါ် အယူအဆများကို လူမှုပတ်ဝန်းကျင်တွင် ဖြန့်ဝေခဲ့ပြီး အကြမ်းဖက်တိုက်ခိုက်မှုများဆောင်ရွက်လျက်ရှိသည့်အတွက် ဗြိတိန်နိုင်ငံသမိုင်းတွင် အကြီးမားဆုံး လုံခြုံရေးခြိမ်းခြောက်ခံနေရကြောင်း ဗြိတိန်အစိုးရက သတိပေးပြောကြားခဲ့သည်။ **(ပရက်စ်တီဗွီ)**

ဂိမ်းအလွန်အကျွံကစားမှုကြောင့် တရုတ်(တိုင်ပေ)၌ သေဆုံးမှု ဒုတိယအကြိမ်ဖြစ်ပွား

တရုတ်(တိုင်ပေ) ဇန်နဝါရီ ၁၇

တရုတ်(တိုင်ပေ)ရှိ အင်တာနက်ဆိုင်တစ်ဆိုင်၌ နေ့စဉ်ရက်ဆက် ဂိမ်းအလွန်အကျွံကစားခဲ့ပြီးနောက် သေဆုံးမှုဖြစ်ပွားခဲ့ရာ ယခုနှစ်အတွင်း ဒုတိယအကြိမ် သေဆုံးမှုဖြစ်ပွားခဲ့သည်။

အသက် ၃၂ နှစ်အရွယ် ဆိုင်ယက်ကို တရုတ် (တိုင်ပေ)တောင်ပိုင်း ကောက်ရှန်မြို့ရှိ အင်တာနက်ဆိုင်တစ်ဆိုင်၌ ၎င်း၏ထိုင်ခုံပေါ်တွင် မလှုပ်မယှက်ရှိနေသည်ကို အလုပ်သမားတစ်ဦးက ပထမဆုံးသတိထားမိခဲ့ပြီးနောက်ဆေးရုံသို့ အမြန်ဆုံးပို့ဆောင်စဉ် သေဆုံးသွားခဲ့ကြောင်း တိုင်ပေတိုင်းစ်သတင်းစာက ဖော်ပြခဲ့သည်။

၎င်းသည် ဆိုင်သို့နေ့စဉ်လာရောက်လေ့ရှိသည်။ ပင်ပန်းသည့်အခါတွင် စားပွဲပေါ်၌ မျက်နှာအပ်လျက် သို့မဟုတ် ၎င်း၏ထိုင်ခုံပေါ်၌ တစ်မှေးအိပ်လေ့ရှိသဖြင့် ၎င်း၏အခြေအနေကို ဖြစ်ဖြစ်ချင်း သတိမထားမိခဲ့ကြောင်း အဆိုပါအလုပ်သမားက ဆိုသည်။ အဆိုပါအမျိုးသားသည် နှလုံးခုန်ရပ်သွားခဲ့ခြင်းဖြစ်ပြီး ဂိမ်းအလွန်အကျွံကစားမှုကြောင့်ဖြစ်လေ့ရှိသည့် ရုတ်တရက်သေဆုံးခြင်းမျိုးဖြစ်ကြောင်း ဆရာဝန်များက အတည်ပြုပြောကြားခဲ့သည်။

၎င်းသေဆုံးသည့်အချိန်၌ တိုက်ခိုက်ရေးဂိမ်းကို ကစားနေခြင်းဖြစ်သည်။ ယင်းကဲ့သို့သေဆုံးမှုသည် ယခုနှစ်အတွင်း တရုတ်(တိုင်ပေ)၌ ဒုတိယအကြိမ်ဖြစ်သည်။ ဇန်နဝါရီ ၁ ရက်က နယူးတိုင်ပေမြို့ အင်တာနက်ဆိုင်တစ်ဆိုင်၌ အသက် ၃၈ နှစ်အရွယ် အမျိုးသားတစ်ဦးသေဆုံးခဲ့ရာ ၎င်းသည်လည်း ငါးရက်ဆက်တိုက်ဂိမ်းကစားခဲ့သည်ဟု ဆိုသည်။ **(ပရက်စ်တီဗွီ)**

ဖိလစ်ပိုင်နိုင်ငံ၌ လေယာဉ် ပြေးလမ်းချော်မှုဖြစ်ပွား

မနီလာ ဇန်နဝါရီ ၁၇

ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်း တက်ကလိုဘန်လေဆိပ်၌ ပုပ်ရဟန်းမင်းကြီး ထွက်ခွာပြီးမကြာမီ အစိုးရအရာရှိများ စီးနင်းလိုက်ပါသော ကိုယ်ပိုင်လေယာဉ်ငယ်သည် ပျံသန်းရန်ထွက်ခွာစဉ် လေယာဉ်ပြေးလမ်းတိမ်းချော်မှု ဖြစ်ပွားခဲ့ကြောင်း ထိပ်တန်းအရာရှိတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါ လေယာဉ်ပေါ်၌ ခရီးသည် ၁၅ ဦးနှင့် ဝန်ထမ်းများ လိုက်ပါခဲ့ကြောင်း၊ ၎င်းတို့အားလုံး ဘေးအန္တရာယ် ကင်းရှင်းကြောင်း သမ္မတပြောရေးဆိုခွင့်ရှိသူ Lacierda က အတည်ပြု ပြောခဲ့သည်။

ယခုခရီးစဉ်တွင် လိုက်ပါခဲ့သူများ ဘေးအန္တရာယ်ကင်းရှင်းခဲ့သည်ကို ကြားသိရသည့်အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါကြောင်း သမ္မတအကွီနိုက ဆိုသည်။

ထို့အပြင် ရာသီဥတုအခြေအနေ သို့မဟုတ် အခြားမည်သည့်အကြောင်းကြောင့် ယင်းမတော်တဆမှုဖြစ်ပွားခဲ့သည်ကို စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် ဖိလစ်ပိုင်လေကြောင်းအာဏာပိုင်ကို ၎င်းက ညွှန်ကြားခဲ့သည်။ **(ဆင်ဟွာ)**

ရုရှားဒုံးပျံအင်ဂျင်စက် ကန်ဒေါ်လာတစ်ဘီလီယံဖိုး အမေရိကန်ဝယ်ယူမည်

ဝါရှင်တန် ဇန်နဝါရီ ၁၇

ရုရှားဒုံးပျံကုမ္ပဏီတစ်ခုဖြစ်သည့် အီနာဂိုမက်ရှ်သည် အမေရိကန် အာကာသကုမ္ပဏီတစ်ခုသို့ RD-181 ဒုံးပျံအင်ဂျင်စက်အလုံး ၆၀ ပို့ဆောင်ရန် အမေရိကန်ဒေါ်လာ ၁ ဘီလီယံဖြင့် စာချုပ်ချုပ်ဆိုလိုက်သည်ဟု တာဝန်ရှိသူများက ပြောသည်။

သောကြာနေ့က ချုပ်ဆိုလိုက်သောစာချုပ်တွင် ကမ္ဘာ့ထိပ်တန်းဒုံးပျံ ထုတ်လုပ်သည့်ကုမ္ပဏီဖြစ်သော အီနာဂိုမက်ရှ်က အမေရိကန်အာကာသနည်းပညာကုမ္ပဏီတစ်ခုဖြစ်သော Orbital Sciences ကုမ္ပဏီသို့ ဒုံးပျံအင်ဂျင်စက်များ ပေးပို့မည်ဟု ပါရှိသည်။ စာချုပ်အတွက်လိုအပ်သော ပါမစ်များကို ရုရှားအစိုးရက ထုတ်ပေးလိုက်ပြီ ဖြစ်သည်ဟု အီနာ ဂိုမက်ရှ်၏ အမှုဆောင်အရာရှိဖြစ်သူ ဗလာဒီမာ ဆွန်ဆက်က ဆိုသည်။

အင်ဂျင်စက်ထုတ်လုပ်မှု ကုန်ကျစရိတ်သာမက ပျံသန်းလေ့ကျင့်မှု၊ ဒုံးကျည်အင်ဂျင်တပ်ဆင်မှုနှင့် စမ်းသပ်ပစ်ခတ်မှုများအပါအဝင် ဝန်ဆောင်မှုကုန်ကျစရိတ်အားလုံး စာချုပ်တွင် ပါဝင်သည်။ ယင်းအင်ဂျင်စက်များကို Orbital Sciences မှထုတ်လုပ်သော အင်တာရက်စ် ဒုံးပျံထုတ်လုပ်မှု ပထမအဆင့်တွင် ထည့်သွင်းအသုံးပြုသွားမည်ဖြစ်သည်။

အမေရိကန်အနေဖြင့် စစ်ရေးသုံးဂြိုဟ်တုများနှင့် အရပ်ဘက်သုံးဂြိုဟ်တုများကို အာကာသထဲသို့ လွှတ်တင်နိုင်ရန်အတွက် ရုရှားလုပ် RD-180နှင့် NK-33အင်ဂျင်စက်များအပေါ် အားထားလျက်ရှိသည်။

ယမန်နှစ်အောက်တိုဘာလအတွင်းက Antares ဒုံးပျံယာဉ်လွှတ်တင်ခဲ့စဉ် အင်ဂျင်စက်ချွတ်ယွင်းကာ ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် RD-181 ဒုံးပျံအင်ဂျင်စက် ဝယ်ယူရန် အမေရိကန်ကုမ္ပဏီက ဆုံးဖြတ်လိုက်ကြောင်း သိရသည်။ **(ပရက်စ်တီဗွီ)**

တပ်မတော်စခန်းများအား ကေအိုင်အေ(ကချင်)အဖွဲ့ လာရောက်နှောင့်ယှက်ပစ်ခတ်

နေပြည်တော် ဇန်နဝါရီ ၁၇

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ဝါရှောင်၊ မံဝိန်း၊ မံတောင်၊ လောခွန်ယန်၊ ဆဒုံး၊ ဆီနင်ကူးဒေသအတွင်း နိုင်ငံတော်၏ သယံဇာတများဖြစ်သည့် အဖိုးတန်သစ်များအား တရားမဝင်ခုတ်ယူရောင်းချရန် သစ်တင်ယာဉ်များ စုစည်းပြင်ဆင်ထားရှိမှုများကို လေကြောင်းကင်းထောက်မှုအရ သိရှိရသဖြင့် တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းဆောင်ရွက်ခြင်းကြောင့် သစ်တင်ယာဉ်ယန္တရားများ ဖမ်းဆီးရမိခဲ့သည်။

ထို့အပြင် မေခမြစ်ကမ်းတစ်လျှောက် နယ်မြေရှင်းလင်းခြင်းများ ဆက်လက်ဆောင်ရွက်ခဲ့ရာ မေခမြစ်အတွင်း ဒေသအခေါ် ဂလုံကျွန်းတွင် တမံမြေဖို့၍ မြစ်ကြောင်းပြင်တစ်လျှောက် ဘက်ဟိုး၊ လုတ်ဒါနှင့်မြေသယ်ယာဉ်များဖြင့် တရားမဝင်ရွှေတူးဖော်ခြင်းလုပ်ငန်းများအား ကေအိုင်အေ(ကချင်)အဖွဲ့နှင့် တစ်ဖက်နိုင်ငံသားများ ပူးပေါင်းဆောင်ရွက်ရန် ပြင်ဆင်နေမှုများကို ဖမ်းဆီးရမိခဲ့သည်။

ယင်းသို့ ဖမ်းဆီးရမိခဲ့သည့် နေရာများတွင် တပ်မတော်စစ်ကြောင်းများက ယာယီစခန်းချ ခေတ္တအခြေပြုစဉ် ဇန်နဝါရီ ၁၄ ရက်၊ ၁၆ ရက်နှင့် ယနေ့တို့တွင် ကေအိုင်အေ(ကချင်)အဖွဲ့က လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်နှောင့်ယှက်ပစ်ခတ်ခဲ့သည်။

ထိုသို့ လာရောက်ပစ်ခတ်ခြင်းများ ထပ်မံမဖြစ်ပွားစေရေးအတွက် တပ်မတော်စစ်ကြောင်းများက ခုခံကာကွယ်ပစ်ခတ်မှုများ ပြန်လည်ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

ကျွန်းစုမြို့နယ်၌ စက်လှေနစ်မြုပ်၍ ခရီးသည်တစ်ဦးသေဆုံး

မြိတ် ဇန်နဝါရီ ၁၇

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် တောပြားကြီးကျွန်းနှင့် ရေပြည့်အော်ကျွန်းအကြား ကျွန်းစုမြို့နယ်၏ အနောက်တောင်ဘက် ရေမိုင် ၃၀ ခန့်အကွာတွင် ဇန်နဝါရီ ၁၃ ရက် နံနက် ၆ နာရီခွဲက ခရီးသည်ငါးဦးပါ စက်လှေနစ်မြုပ်ရာမှ ခရီးသည်တစ်ဦးသေဆုံးပြီး လေးဦးကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျွန်းစုမြို့နယ် တောပြားကြီးကျေးရွာအုပ်စု ရေပြည့်အော်ကျေးရွာအနီးရှိ အဆောင်ကြီးတောင်ကျွန်းတွင်ရှိသော ဉယျာဉ်ခြံမျောလုံးခုတ်လုပ်ငန်းမှ ပဲ့နင်း ဦးဘကပ်(၄၀နှစ်) မောင်းနှင်လာသော အလျား ၃၆ ပေ၊ အနံ ၅ ပေ၊ စောက် ၃ ပေ၊ တရုတ် ၁၀ ကောင်အင်ဂျင် (ဘေးချိတ်တစ်လုံးတပ်) စက်လှေတွင် ဒေါ်အင်ဝါ (၄၁ နှစ်) စလွန်အော်ငယ်ကျေးရွာ ရေမြစ်ကြီးကျေးရွာအုပ်စု ကျွန်းစုမြို့နယ်၊ မဥမ္မာစိုး(၁၈ နှစ်)၊ စလွန်အော်ငယ်ကျေးရွာ ရေမြစ်ကြီးကျေးရွာအုပ်စု ကျွန်းစုမြို့နယ်၊ မောင်ဇော်မင်းစိုး (၁၁ နှစ်) ပုလဲ (၂)လမ်း အင်းလေးမြိုင်ရပ်ကွက် မြိတ်တောင်ကျေးရွာ မြိတ်မြို့၊ မစန်းစန်းမော်(၃၁ နှစ်) စလွန်အော်ငယ်ကျေးရွာ ရေမြစ်ကြီးကျေးရွာအုပ်စု ကျွန်းစုမြို့နယ်နှင့် မခင်ခင်စိုး(၆ နှစ်)၊ စလွန်အော်ငယ်ကျေးရွာ ရေမြစ်ကြီးကျေးရွာအုပ်စု ကျွန်းစုမြို့နယ် နေသူတို့သည် လှေကြုံလိုက်ပါ၍ အဆောင်ကြီးတောင်ကျွန်းမှ မြိတ်မြို့သို့ ဈေးဝယ်ထွက်လာခဲ့ကြောင်း သိရသည်။

အဆိုပါ စက်လှေသည် ဇန်နဝါရီ ၁၃ ရက် နံနက် ၆ နာရီခန့်တွင် တောပြားကြီးကျွန်းနှင့် ရေပြည့်အော်ကျွန်းအကြား ရေပြင်ကျွန်းစုမြို့နယ်၏ အနောက်တောင်ဘက် ရေမိုင် ၃၀ ခန့်အကွာအရောက်တွင် စက်လှေဘေးရှိ ရေကာပျဉ်တစ်ချပ် အနည်းငယ်ကွာသွားပြီး ရေများဝင်ရောက်လာကာ စက်လှေနစ်မြုပ်မှုဖြစ်ပွားခဲ့၍ စက်လှေပေါ်ပါရှိသူများက ပျဉ်တိုပျဉ်စများနှင့် ပလတ်စတစ်ပုံးများရယူကာ ကူးခတ်ခဲ့ပြီး ပဲ့နင်း ဦးဘကပ်သည် ခြောက်နှစ်အရွယ် မိန်းကလေး မခင်ခင်စိုးနှင့် ရေကူးခတ်ရင်း အဆောင်ကြီးတောင်ကျွန်းကမ်းစပ်သို့ရောက်ရှိသွားပြီး အနီးပတ်ဝန်းကျင်တွင် ဖြတ်သန်းသွားလာနေသော စက်လှေတစ်စင်းကို အကူအညီတောင်း၍ စက်လှေပေါ်ပါရှိသူများကို ရှာဖွေကယ်ဆယ်ခဲ့ရာ မစန်းစန်းမော်ကို မွန်းလွဲ ၁ နာရီခွဲတွင် သေဆုံးလျက် ရှာဖွေတွေ့ရှိခဲ့ပြီး ကျန်ရှိသူများကို အသက်ရှင်လျက် ရှာဖွေကယ်ဆယ်နိုင်ခဲ့ကြောင်း သိရသည်။

ဆောင်ရွက်လျက်ရှိ

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ နစ်မြုပ်စက်လှေမှ ပဲ့နင်း ဦးဘကပ် (၄၀ နှစ်)ကို ကျွန်းစုမြို့နယ် မြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

မြင့်ဦး(မြိတ်)

မြစ်သာတမံစီမံကိန်း ရေဝပ်ဧရိယာပါဝင်၍ပြောင်းရွှေ့ရသော ကျေးရွာသစ်များ၌ နေအိမ်နေရာများ မဲနှိုက်ချထား

ဂန့်ဂေါ ဇန်နဝါရီ ၁၇

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် မြစ်သာတမံစီမံကိန်း ရေဝပ်ဧရိယာတွင်ပါဝင်၍ ပြောင်းရွှေ့ရသော ပနန်း၊ စင်ပုံ၊ ယင်းမာ၊ စံပယ်ကျေးရွာသစ်များ၌ နေရာထိုင်ခင်းများ အတည်အကျသတ်မှတ်နိုင်ရေးအတွက် ဂန့်ဂေါခရိုင် အုပ်ချုပ်ရေးမှူး ဦးစီးသည့် နေအိမ်နေရာချထားရေးအဖွဲ့များမှ အိမ်ထောင်စု ၃၇၅ စုကို အိမ်နေရာများမဲနှိုက်ချထားပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မဲနှိုက်နေရာ ချထားပေးမှုတွင် ဂန့်ဂေါခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်၊ ခရိုင်ရဲမှူး ဒုရဲမှူးကြီးလှမင်း ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကွင်းဆင်း၍ ကျေးရွာသစ်များရှိ စာသင်ကျောင်းများတွင် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ အထောက်အကူပြုကော်မတီဥက္ကဋ္ဌများ၊ ကျေးရွာစာရေးဝန်ထမ်းများဖြင့် ပြည်သူများကိုယ်စား မဲနှိုက်ပေးခဲ့ရာ ပနန်းကျေးရွာအတွက်အိမ်ထောင်စု ၁၃၅ စု၊ စင်ပုံကျေးရွာအတွက် ၉၆ စု၊ ယင်းမာကျေးရွာအတွက် ၆၇ စု၊ စံပယ်ကျေးရွာအတွက် ၇၇ စု၊ စုစုပေါင်း အိမ်ထောင်စု ၃၇၅ စုအား နေရာများ သတ်မှတ်ချထားပေးနိုင်ခဲ့သည်။ မဲနှိုက်ဆောင်ရွက်မှုမှတ်တမ်းများအား ကျေးရွာနေပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးအတွက် ကျေးရွာအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် အသိပေးချထားဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ဇေယျာတု(မကွေး)

ပြည်တွင်းသတင်း

လိပ်ကျွန်းလူသတ်မှု၌ စွပ်စွဲဖမ်းဆီးခံထားရသော ဝင်းဇော်ထွန်း၏ဖခင် ဦးထွန်းထွန်းထိုက် ဆေးကုသမှုခံယူလျက်ရှိ

ဗန်ကောက် ဇန်နဝါရီ ၁၇

ထိုင်းနိုင်ငံ လိပ်ကျွန်း(Koh Tao) လူသတ်မှု၌ စွပ်စွဲဖမ်းဆီးခံထားရသော မြန်မာအလုပ်သမား လူငယ်နှစ်ဦး၏ မိဘများမှ မောင်ဝင်းဇော်ထွန်း၏ ဖခင် ဦးထွန်းထွန်းထိုက်၏ ကျန်းမာရေးအတွက် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (Myanmar Association in Thailand) နှင့် ရခိုင်အမျိုးသားကွန်ရက်တို့မှ ပူးပေါင်းကူညီပေးလျက်ရှိနေကြောင်း သိရသည်။

အဆိုပါ မောင်ဝင်းဇော်ထွန်း၏ ဖခင်ဦးထွန်းထွန်းထိုက်ကို ဦးနှောက်အာရုံကြောနှင့်စိတ်ပိုင်းဆိုင်ရာအထူးကု ဆရာဝန်တစ်ဦး၏ ညွှန်ကြားချက်အရ မြောက်ဥက္ကလာပဆေးရုံကြီး၌ တက်ရောက်ကုသမှုခံယူစေခဲ့ကြောင်းနှင့် ဇန်နဝါရီ ၁၃ ရက်က ဦးထွန်းထွန်းထိုက်ကို ဦးနှောက်ဓာတ်မှန်နှင့် ဆေးစစ်ချက်များအရ နှစ်ပေါင်းများစွာ ကြာမြင့်နေပြီဖြစ်သော ဦးနှောက်တွင်းအကျိတ် (Brain Tumor) ဖြစ်နေသည်ဟု တွေ့ရကြောင်း သိရသည်။

ထို့မှတစ်ဆင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဦးနှောက်နှင့် အာရုံကြောဆေးကုသမှုအဆောင် အခန်းနံပါတ် (၁၀)သို့ ဇန်နဝါရီ ၁၄ ရက်က ပြောင်းရွှေ့ခဲ့ရကြောင်းနှင့် ယခုအခါ အရေးပေါ်ခွဲစိတ်ကုသမှုခံယူရန် စောင့်ဆိုင်းလျက်ရှိကြောင်း MAT အဖွဲ့မှ ပြန်ကြားရေးတာဝန်ခံ ကိုစောမောင်၏ ဆက်သွယ်ပြောပြချက်အရ သိရသည်။

မြောက်ဥက္ကလာပဆေးရုံကြီးမှ ဆရာဝန်၊ ဆရာမများ၊ ရန်ကုန်ဆေးရုံကြီး ဦးနှောက်နှင့်အာရုံကြောဌာနမှ ဆရာဝန်ကြီးများက လူမှုရေးအရ စာနာထောက်ထားကာ မေတ္တာစေတနာဖြင့် အခမဲ့စမ်းသပ်ကုသပေးခဲ့ခြင်းဖြစ်ပြီး ပြီးခဲ့သည့် ဇန်နဝါရီ ၁၀ ရက် နံနက် ၇ နာရီ ၁၅ မိနစ်က လိပ်ကျွန်း (Koh Tao) အမှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ စွပ်စွဲခံရသူ မောင်ဇော်လင်း၏မိခင်နှင့်ဦးလေးတို့သည်လည်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိလာခဲ့ကြောင်း၊ စိတ်ကျန်းမာရေး ထိခိုက်နေသော မောင်ဝင်းဇော်ထွန်း၏ ဖခင်ကို ရခိုင်အမျိုးသားပါတီ အမြုတေအဖွဲ့မှ ကိုအုံ့မောင်နှင့် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့မှ ကိုခွန်တို့က ထိုင်းနိုင်ငံမှတစ်ဆင့် လိုက်ပါပို့ဆောင်ခဲ့ရာ ဇန်နဝါရီ ၁၁ ရက် ည ၁၁ နာရီ ၄၃ မိနစ်က ရန်ကုန်အောင်မင်္ဂလာအဝေးပြေးသို့ ရောက်ရှိခဲ့ကြခြင်းဖြစ်ကြောင်း MAT အဖွဲ့မှ စုံစမ်းသိရသည်။

စိုးဝင်း(SP)

ဘားအံမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား သုံးစွဲရောင်းဝယ်သူအား ဖမ်းဆီးရမိ

ဘားအံ ဇန်နဝါရီ ၁၇

ကရင်ပြည်နယ် ဘားအံမြို့နယ် မုက္ကဒိကျေးရွာအုပ်စု မုက္ကဒိကျေးရွာ ရွာအလယ်ပိုင်းရှိ နေအိမ်တစ်လုံးသို့ စိတ်ကြွရူးသွပ်ဆေးပြားရောင်းဝယ်မှု သတင်းအရ မူးယစ်တားဆီးနှိမ်နင်းရေး တပ်ဖွဲ့စု (၃၁) ဘားအံနှင့် မြိုင်ကလေး ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က ဇန်နဝါရီ ၁၄ ရက် နံနက် ၁၀ နာရီက ဖမ်းဆီးဖော်ထုတ်နိုင်ခဲ့သည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု (၃၁) ဘားအံမှ ဒုရဲအုပ်စိုးနိုင် ဦးစီးတပ်ဖွဲ့ဝင်များနှင့် နယ်မြေခံရဲကင်းစခန်းမှ ပူးပေါင်းအဖွဲ့တို့သည် သတင်းအရ သက်သေများနှင့်အတူ ဘားအံမြို့နယ် မုက္ကဒိကျေးရွာ ရွာလယ်ပိုင်းရှိ စောအာကာဖြိုးကိုကို (ခ)အဲကျော်ကျော်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စောအာကာဖြိုးကိုကို(ခ) အဲကျော်ကျော်ကိုနေအိမ်ဘေးရှိ ထင်းရုံတဲအတွင်း အသင့်တွေ့ရှိရပြီး ၎င်းထိုင်နေသည့်အရှေ့စားပွဲပေါ်မှ အဝါရောင်အအေးစုပ်ပိုက်ဖြင့်ထည့်လျက် ပိုက်တိုတစ်ချောင်းလျှင် WY စာတန်းပါပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၀ ပြားပါ ၁၉ ချောင်း စုစုပေါင်းဆေးပြား ၁၉၀၊ အလေးချိန် ၁၉ ဂရမ် အပြာနုရောင်ကရင် လွယ်အိတ်အသေးတစ်လုံးနှင့် ယင်းအိတ်အတွင်းမှ ပလတ်စတစ်အကြည်အိတ်အသေးတစ်လုံး၊ စောအာကာဖြိုးကိုကိုအမည်ပါ ကျောင်းသားကတ်တစ်ခုတို့ကို တွေ့ရှိ၍ ဒုရဲအုပ်စိုးနိုင်က သက်သေများရှေ့တွင် ရှာဖွေပုံစံ ဖြင့်သိမ်းဆည်းခဲ့သည်။

ဖမ်းဆီးရမိသော စိတ်ကြွရူးသွပ်ဆေးပြားများနှင့်ပတ်သက်၍ စောအာကာဖြိုးကိုကိုအား စစ်မေးရာ အဆိုပါဆေးပြားများကို ဘားအံမြို့နယ် ခဲတောက်ကျေးရွာအုပ်စု ကျုံပိုက်ကျေးရွာ (လိပ်စာအတိအကျမသိ) နေထိုင်သူ ကိုအသန်းဆိုသူက ဇန်နဝါရီ ၁၁ ရက် ညနေ ၄ နာရီ ၄၅ မိနစ်က ၎င်းနေအိမ်ရှေ့တိုက်လမ်းကြားသို့ရောက်ရှိလာပြီး ဆေးပြားတစ်ပြားလျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ကို လာရောက်ပို့ဆောင်သဖြင့် အကြွေးဝယ်ယူခဲ့ပြီး သုံးစွဲရောင်းချရာမှ ကျန်ရှိသောဆေးပြားများဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် စိတ်ကြွရူးသွပ်ဆေးပြား လက်ဝယ်တွေ့ရှိသူ စောအာကာဖြိုးကိုကို(ခ) အဲကျော်ကျော်(၂၃ နှစ်) မုက္ကဒိကျေးရွာ (ရွာအလယ်ပိုင်း)နှင့် စိတ်ကြွရူးသွပ်ဆေးရောင်းချပေးသူ အသန်း၊ ခဲတောက်ကျေးရွာအုပ်စု ကျုံပိုက်ရွာနေသူတို့ကို ဒုရဲအုပ်စိုးနိုင်က တရားလိုပြုလုပ်၍ ဘားအံမြို့မရဲစခန်းတွင် အမှုဖွင့်လှစ်ထားပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ထွန်းထွန်းထွေး(ဘားအံ)**

ဆောင်းပါးနှင့် ပြည်တွင်းသတင်း

အနက်ဆန့်ကျင်စကားလုံးများ(၂)

မောင်ခင်မင်(ဓနုဖြူ)

"ဘဘ ကြီးတာနဲ့ငယ်တာလည်း အနက်ချင်းဆန့်ကျင်ဘက်ပဲ မဟုတ်လား"

"အေး ဘဘအခုဆက်ပြောမှာ အဲဒီလိုစကားလုံးတွေအကြောင်းပဲ။ သမီးခုပြောတဲ့ 'ကြီးတာ'နဲ့ 'ငယ်တာ'က စောစောကပြောခဲ့ကြတဲ့ 'သေတာ' နဲ့ 'ရှင်တာ' ကို ဆန့်ကျင်ဘက်မျိုးနဲ့ သဘောချင်းမတူဘူးကွဲ့"

"ဘယ်လိုမတူတာပါလဲ ဘဘ"

"သေတာနဲ့ရှင်တာက နယ်ပြတ်ပြီးသားလေ။ သေရင်မရှင်ဘူး၊ ရှင်ရင်မသေဘူး မဟုတ်လား။ အဲ . . ကြီးတာနဲ့ ငယ်တာကျတော့ နယ်မပြတ်ဘူး။ ကြားထဲမှာ အဆင့်တွေရှိနိုင်သေးတယ်လေ။ သမီးစဉ်းစားမိသလား"

"အင်း . . . ပြောပြပါ ဘဘ။ သမီးစဉ်းစားလို့မရပါဘူး"

"ကဲ . . . . ဘဘ ဥပမာပေးမယ်။ ညီအစ်ကိုမောင်နှမ သုံးယောက်ရှိတယ် ဆိုပါတော့။ အကြီးရယ် အငယ်ရယ် . . . ."

"ဟာ . . . သမီးသိပြီ ဘဘ၊ အကြီးနဲ့အငယ်ကြားကလူကို အလတ်လို့ခေါ်တယ်မဟုတ်လား"

"အေးပေါ့။ အကြီးနဲ့ အငယ်ကြားမှာ အလတ်ရှိတယ်။ အဲဒီလိုပဲ 'ပူ' နဲ့ 'အေး' ကြားမှာ 'နွေး' ရှိတယ်။ 'ကောင်း' နဲ့ 'ညံ့' ကြားမှာ 'သင့်' ရှိတယ်။ အဲဒီလိုကြားမှာ အရည်အသွေး အဆင့်ဆင့်ရှိနိုင်တယ်ကွဲ့"

"အရည်အသွေးအဆင့်ဆင့်ဆိုတာ ရှင်းပြပါဦး ဘဘ"

"ဩော် . . . . 'ကောင်း' နဲ့ 'ညံ့' ကြားမှာ 'သင့်' က အလယ်မှာရှိတယ်ထားပါတော့။ ဒါပေမယ့် အကောင်းဘက်နီးတဲ့အဆင့်တွေ အမျိုးမျိုးရှိနိုင်သလို အညံ့ဘက်နီးတဲ့ အဆင့်တွေလည်း အမျိုးမျိုးရှိနိုင်တယ်လေ။ မြင်သာအောင်ပြောရရင် စာမေးပွဲဖြေရာမှာ အမှတ် ၁၀၀ အပြည့်ရတဲ့သူနဲ့ ၁ မှတ်ပဲရတဲ့သူကြားမှာ အမှတ် ၅၀ ရတဲ့သူက အလယ်အလတ်မို့ 'သင့်' လို့ သတ်မှတ်နိုင်တာပေါ့။ ၁ နဲ့ ၁၀၀ ကြားမှာတော့ အဆင့်တွေအများကြီး ကွဲနိုင်တယ်မဟုတ်လား"

"နားလည်ပါပြီ ဘဘ"

"ဒါကြောင့် အဲဒီလိုစကားလုံးတွေကို သုံးတဲ့အခါ နှိုင်းယှဉ်ပြီး သုံးလို့ရတယ် သမီးရဲ့။ ဒီဟာက ဟိုဟာထက်ပိုကောင်းတယ်၊ ဟိုမြို့က ဒီမြို့ထက် ပိုဝေးတယ်ဆိုတာမျိုးပေါ့။ အရင်ပြောခဲ့တဲ့ အနက်ဆန့်ကျင်စကားမျိုးမှာ 'မသေမရှင်'ဆိုတာ တကယ်မဟုတ်ပေမယ့် ခုပြောတဲ့ အနက်ဆန့်ကျင်မျိုးမှာတော့ 'မကြီးမသေး' တို့ 'မနီးမဝေး' တို့ဆိုတာ အလယ်အလတ် အခြေအနေတွေကို တကယ်ခေါ်တဲ့စကားတွေပဲကွဲ့"

"ဟုတ်တယ်နော် ဘဘ"

"ဘဘတို့ မြန်မာစကားမှာ အဲဒီလို အလယ်အလတ်အခြေအနေတွေကိုခေါ်ဖို့ သီးသန့်စကားလုံးတွေရှိတော့ရှိတယ်။ 'နွေး' တို့ 'လတ်' တို့လိုပေါ့။ များသောအားဖြင့်တော့ သီးသန့်စကားလုံးသိပ်မရှိဘူး။ ဒါပေမယ့် ခုနပြောသလို မနီးမဝေး၊ မနိမ့်မမြင့်၊ မတိုမရှည်၊ မပိန်မဝဆိုပြီး 'မ' နှစ်လုံးတွဲသုံးတဲ့စကားလုံးမျိုးတွေ အလွယ်တကူသုံးနိုင်တယ်ကွဲ့"

"ဟုတ်ကဲ့ပါ"

"ပြီးတော့ အဲဒီလိုစကားလုံးမျိုးတွေက နှစ်ခုနှိုင်းယှဉ်တဲ့သဘောမို့ တစ်လုံးတည်း မနှိုင်းယှဉ်ဘဲသုံးလို့ အဓိပ္ပာယ်မပေါ်ဘူးကွဲ့"

"ရှင်းပြပါ ဘဘ"

"ဆိုပါစို့ကွယ်"၊ တစ်ရာဆိုတဲ့ အရေအတွက်ဟာ များသလား၊ နည်းသလားလို့မေးရင် သမီး ဘယ်လိုဖြေမလဲ"

"ဟင် . . . . ဩော် . . . . သမီးသိပြီ။ တစ်ရာက နှစ်ရာနဲ့ ယှဉ်ရင်တော့ နည်းတာပေါ့။ ငါးဆယ်နဲ့ ယှဉ်ရင်တော့ များတာပေါ့။ ဟုတ်တယ် မဟုတ်လား ဘဘ"

"အေး . . . . သမီးတော်တယ်။ သူ့ထက်များတာနဲ့ယှဉ်ရင် နည်းတယ်လို့ခေါ်ရမှာပေါ့။ သူ့ထက်များတာနဲ့ ယှဉ်ရင်တော့ နည်းတယ်လို့ခေါ်ရမှာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"အဲဒီလိုပဲ တိုတာနဲ့ ရှည်တာ၊ နိမ့်တာနဲ့မြင့်တာ၊ နီးတာနဲ့ဝေးတာဆိုတာတွေကိုလည်း အဲဒီလိုနှစ်ခုယှဉ်ပြောမှ အဓိပ္ပာယ်ပေါ်မှာပေါ့ကွယ်"

"မှတ်ထားပါ့မယ် ဘဘ"

"နောက် ပြောဖို့ရှိသေးတယ်။ အဲဒီလိုစကားလုံးတွေသုံးတဲ့အခါ စံတစ်ခုခုကို မူတည်ပြီးရည်ညွှန်းရတယ်ကွဲ့။ ဒါမှ အဓိပ္ပာယ်ရှိမယ်။ ခုနစကားကိုပဲ ပြန်ကောက်ရအောင်။ လူတစ်ရာဆိုတာ များသလား၊ နည်းသလားဆိုတာ ပြောရင် ဘယ်နေရာမှာရှိတဲ့ လူတစ်ရာလဲဆိုတာမျိုး မူတည်ပြောမှ အဓိပ္ပာယ်ရှိမှာပေါ့။ ကဲကွယ် . . . . လူတစ်ရာဟာ သမီးတို့အိမ်ကို တစ်နေ့တည်းမှာ လာလည်တဲ့ဧည့်သည် အရေအတွက်ဆိုရင် များသလား၊ နည်းသလား"

"ဟာ . . . . များတာပေါ့ ဘဘ"

"အဲ . . . လူတစ်ရာဟာ ဘောလုံးကွင်းကြီးထဲမှာ ဘောလုံးပွဲကြည့်တဲ့ ပရိသတ်ဆိုရင်ကော"

"နည်းတာပေါ့။ ဘယ်ကွင်းပြည့်မလဲ"

"အဲဒီတော့ ဘယ်စံနဲ့တိုင်းတာလဲဆိုတာ ထည့်စဉ်းစားရမှာပေါ့ကွယ်။ သမီးစဉ်းစားကြည့်လေ။ ရန်ကုန်နဲ့ မြစ်ကြီးနားကို ဝေးတယ်လို့ပြောတယ်မဟုတ်လား"

"ဟုတ်ပါတယ် ဘဘ"

"ကဲ . . . မြစ်ကြီးနားထက်ပိုဝေးတဲ့ တရုတ်ပြည်ကျတော့ အိမ်နီးချင်းနိုင်ငံတဲ့။ မြန်မာပြည်နဲ့ တရုတ်ပြည်နီးတယ်တဲ့။ ပြောပြန်ရော"

"ဟုတ်တယ်နော် ဘဘ"

"ဒီတော့ ဘာဖြစ်လို့ အဲဒီလိုပြောတာလဲလို့ စဉ်းစားကြည့်ရင်း 'ဝေးတယ်ဆိုတာက ကိုယ့်တိုင်းပြည်အတွင်းဆိုတဲ့ စံနဲ့တိုင်းပြီးပြောတာ' 'နီးတယ်ဆိုတာက တိုင်းပြည် တစ်ပြည်နဲ့ တစ်ပြည်ဆိုတဲ့ စံနဲ့တိုင်းပြီးပြောတာ' မဟုတ်လားကွယ်"

"ဟုတ်ပါတယ် ဘဘ"

"အဲဒီလိုပဲ 'တစ်ပေ'ဆိုတဲ့ပမာဏက အပ်တစ်ချောင်းကိုပြောရင်အရှည်ကြီးပေါ့။ ကြိုးတစ်ချောင်းဆိုရင်တော့ တိုတိုလေးပေါ့။ ပြီးတော့ ကြီးတယ်ဆိုတာလည်း ဆင်ကိုဆိုလိုရင်တစ်မျိုး၊ ကြွက်ကို ဆိုလိုရင် တစ်မျိုးပေါ့ကွယ်"

"ဟုတ်တယ်နော် ဘဘ။ အကြီးဆုံးကြွက်ကြီးတောင် ဆင်ပေါက်စလေးနဲ့ ယှဉ်ရင်သေးသေးလေးနေမှာပဲလေ"

" သမီးသဘောပေါက်ပြီမဟုတ်လား။ နောက်တစ်ခုက အဲဒီလိုတိုရှည်၊ နိမ့်မြင့်၊ နီးဝေးစတဲ့ စကားလုံးတွေကို သုံးတဲ့အခါ နှစ်လုံးတွဲထဲက တစ်လုံးကိုပဲ ပင်တိုင်ထားပြီးသုံးလေ့ရှိတယ်ကွဲ့"

"ဟုတ်ကဲ့ပါ"

"ကဲ . . . 'တို'နဲ့ 'ရှည်'ဆိုပါတော့။ 'မင်းအရပ် ဘယ်လောက်ရှည်သလဲ' လို့ပဲမေးလေ့ရှိတယ်။ 'မင်းအရပ် ဘယ်လောက်တိုသလဲ'လို့ မေးလေ့မရှိဘူးမဟုတ်လား။ ပြန်ဖြေတဲ့သူက လူပုကလေးဖြစ်နေရင်လည်း 'ကျွန်တော့်အရပ် သုံးပေပဲရှည်ပါတယ်'လို့ ပြန်ဖြေတယ်။ 'သုံးပေပဲတိုပါတယ်' လို့ မဖြေဘူးလေ"

"ဟုတ်တယ်နော် ဘဘ"

"ဒီတော့ 'ရှည်' နဲ့ 'တို' မှာ 'ရှည်' ကို ပင်တိုင်ထားပြီးသုံးတယ်။ ဒါပေမယ့် မင်းအရပ် ဘယ်လောက်ရှည်သလဲဆိုရာမှာ 'ရှည်' ဟာ တကယ်ရှည်တဲ့အဓိပ္ပာယ် မဟုတ်ဘူးလေ။ မင်းအရပ်ဘယ်လောက်ရှိသလဲလို့ အတိုင်းအတာကိုဆိုလိုတဲ့အဓိပ္ပာယ်ပဲ။ 'ကျွန်တော့်အရပ် သုံးပေပဲရှည်တယ်' လို့ ပြောတာဟာလည်း တကယ်ရှည်တဲ့အဓိပ္ပာယ်မဟုတ်ဘူးလေ။ သုံးပေပဲရှိတယ်လို့ ပမာဏကိုပြောတာလေ"

"ဟုတ်ကဲ့ပါ"

"အဲဒီလိုပဲ 'ဒီအခန်းဘယ်လောက်ကျယ်သလဲ' လို့ပဲ မေးလေ့ရှိတယ်။ ဘယ်လောက်ကျဉ်းသလဲလို့ မေးလေ့မရှိဘူး။ ဖြေတဲ့သူကလည်း 'ပေတစ်ရာပတ်လည်ကျယ်တယ်' လို့ ဖြေချင်ဖြေမယ်။ 'ဆယ်ပေပတ်လည်ပဲ ကျယ်တယ်' လို့ ဖြေချင်ဖြေမယ်။ အဲဒီမှာ 'ကျယ်'ဆိုတာက တကယ်ကျယ်တဲ့အဓိပ္ပာယ်မဟုတ်တဲ့ အတိုင်းအတာပမာဏကိုပဲ ဆိုလိုတာလေ"

"ဘဘ သမီးသူငယ်ချင်းက 'နင့်ဦးလေးအိမ်က တို့အိမ်နဲ့ ဘယ်လောက်ဝေးသလဲ' လို့မေးတော့ သမီးက 'နီးနီးလေးပါဟယ်' ငါးမိနစ်လောက်လမ်းလျှောက်သွားရင်ရောက်ရော' လို့ခုနပဲဖြေခဲ့သေးတယ်။ သူမေးတဲ့ 'ဘယ်လောက်ဝေးသလဲ' ဆိုတာ တကယ်ဝေးတဲ့အဓိပ္ပာယ် မဟုတ်ဘူးနော်"

"ဒါပေါ့ကွယ် အဲ . . . ဒါပေမယ့် အဲဒီနှစ်လုံးတွဲထဲက ပင်တိုင်မသုံးတဲ့ နောက်တစ်လုံးကိုသုံးရင်တော့ တကယ့်အဓိပ္ပာယ်နဲ့ သုံးလေ့ရှိတယ်ကွဲ့။ ဆိုပါတော့ကွယ်။ 'ဒီအခန်းက ဘယ်လောက်ကျဉ်းသလဲဆိုရင်' လို့ တစ်ယောက်ယောက်ကပြောရင် တကယ်ကျဉ်းလို့ စိတ်ထဲမှာ သိပ်ဘဝင်မကျလို့ပြောတဲ့ အဓိပ္ပာယ်ပေါ့"

"တစ်ယောက်ကလည်း 'ဟုတ်တယ်' တော်တော်ကျဉ်းတယ်၊ ဆယ်ပေပတ်လည်ပဲ ရှိတယ်လို့ ပြောရင် တကယ်ကျဉ်းတာကိုပြောတာပဲပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"အဲဒီလိုပဲ 'နီး' တို့ 'တို'တို့၊ 'သေး' တို့ 'နိမ့်' တို့ကိုလည်း တကယ့်အဓိပ္ပာယ်နဲ့ပဲ အသုံးများကြတယ်။ 'မင်းအဒေါ်အိမ်က ဘယ်လောက်နိမ့်သလဲဆိုရင် အရပ်ရှည်တဲ့လူဆိုရင် ခေါင်းငုံ့ပြီးဝင်ရတယ်' လို့ ပြောတာမျိုးပေါ့"

"ဟုတ်ကဲ့ပါ ဘဘ"

" ခုပြောတာက အများစုကိုပြောတာပါ။ အဲဒီလို တစ်လုံးကိုပဲ ပင်တိုင်သုံးတာမျိုးမဟုတ်တဲ့ စကားလုံးတွေလည်း ရှိတာပေါ့။ 'ပူ' နဲ့ 'အေး' ဆိုပါတော့။ 'ဘယ်လောက်ပူသလဲ' 'ဘယ်လောက်အေးသလဲ' ဆိုတာတွေက တကယ် ပူတာ၊ အေးတာကို ဆိုလိုတာလေ။ နှစ်လုံးစလုံး သူ့နေရာနဲ့သူ သုံးကြတာပေါ့ကွယ်။ ကဲ . . . . ပြောစရာနည်းနည်းကျန်တာ နောက်တစ်ကြိမ် ဆက်ကြတာပေါ့"

"ကျေးဇူးတင်ပါတယ် ဘဘ"

> **" အရင်ပြောခဲ့တဲ့ အနက်ဆန့်ကျင်စကားမျိုးမှာ 'မသေမရှင်' ဆိုတာ တကယ်မဟုတ်ပေမယ့် ခုပြောတဲ့ အနက်ဆန့်ကျင်မျိုးမှာတော့ 'မကြီးမသေး' တို့ 'မနီးမဝေး' တို့ဆိုတာ အလယ်အလတ် အခြေအနေတွေကို တကယ်ခေါ်တဲ့စကားတွေပဲကွဲ့ "**

Daedong လယ်ယာသုံးစက်ကိရိယာများ တောင်သူများလက်ဝယ်သို့ ပို့ဆောင်ဖြန့်ဖြူး

နေပြည်တော် ဇန်နဝါရီ ၁၇

သမဝါယမဝန်ကြီးဌာနမှ အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးမည့် Daedong လယ်ယာသုံးစက်ကိရိယာများ တင်ဆောင်လာသော (First Shipment) ပထမအကြိမ် ဆိုက်ရောက်လာသော လယ်ယာသုံး စက်ကိရိယာ ၁၆၀၀ စီးကို ယမန်နှစ် ဒီဇင်ဘာလအတွင်းက ရောက်ရှိခဲ့သည်။

အဆိုပါစက်ကိရိယာများကို မန္တလေး တိုင်းဒေသကြီးသို့ ၂၂၅ စီး၊ စစ်ကိုင်းတိုင်းဒေသကြီးသို့ ၅၁၀ ၊ မကွေးတိုင်းဒေသကြီးသို့ ၄၀၆ စီးနှင့် ဧရာဝတီ တိုင်းဒေသကြီးသို့ ၆၆ စီး ပေးပို့ဖြန့်ဝေထားပြီး အရစ်ကျစနစ်ဖြင့် ဝယ်ယူမည့် တောင်သူများအား စက်မောင်းနှင် သုံးစွဲနည်းနှင့် ယာဉ်ကြံ့ခိုင်ရေးထိန်းသိမ်းနည်းကို တစ်ဦးချင်းလက်တွေ့သင်ကြားပေးလျက်ရှိကြောင်းနှင့် မကြာမီ အသင်းသားပြည်သူများ လက်ဝယ်သို့ စနစ်တကျ ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

Daedong လယ်ယာသုံးစက်ကိရိယာများကို အရစ်ကျစနစ်ဖြင့် ဝယ်ယူရန် စိတ်ပါဝင်စားသည့် သမဝါယမ အသင်းသားလယ်သမားများသည် မိမိတို့သက်ဆိုင်ရာ မြို့နယ်သမဝါယမဦးစီးဌာန၊ မြို့နယ်သမဝါယမအသင်းစု၊ တိုင်းဒေသကြီး/ပြည်နယ် သမဝါယမဦးစီးဌာနနှင့် သမဝါယမအသင်းစုချုပ်များသို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မိုးပွင့်(အထူး)စီမံချက်တွင် ကူညီဆောင်ရွက်မည့်သူများအတွက် သင်တန်းပေး

လားရှိုး ဇန်နဝါရီ ၁၇

ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသတစ်ခုလုံးတွင် မိုးပွင့်(အထူး)စီမံချက် ဒေသခံတိုင်းရင်းသားပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား လွယ်ကူချောမွေ့စွာရရှိရေး လားရှိုးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံသားလုပ်ငန်းပုံစံများ ဖြည့်သွင်းခြင်းလုပ်ငန်းအတွက် ဌာနဆိုင်ရာ ဝန်ထမ်းများဖြင့်သာမက ပြင်ပမှပါဝင်ရမ်းတာဝန်ပေးအပ်သွားမည်ဖြစ်၍ နိုင်ငံသားလုပ်ငန်းပုံစံများ ဖြည့်သွင်းခြင်းသင်တန်းကို ဇန်နဝါရီ ၁၆ ရက်တွင် တွဲဖက်ပြည်နယ်သင်တန်းခန်းမ၌ ကျင်းပရာ တွဲဖက်ပြည်နယ်မှူး ဒုတိယညွှန်ကြားရေးမှူး ဦးစောနိုင်က အမှာစကားပြောကြားခဲ့ပြီး ဒုတိယခရိုင်မှူးဦးဆောင်သည့် ဌာနဆိုင်ရာဝန်ထမ်းနည်းပြများက နိုင်ငံသားလုပ်ငန်းပုံစံများ ဖြည့်သွင်းခြင်းဆိုင်ရာများ ဆက်လက်ပို့ချပေးခဲ့သည်။ သင်တန်းသို့ လားရှိုး၊ သိန္နီ၊ နမ္မတူ၊ သီပေါမြို့နယ်များမှ ပုံစံကူညီဖြည့်သွင်းခြင်း လုပ်ငန်းဆောင်ရွက်မည့် သင်တန်းသား သင်တန်းသူ ၅၁ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ဇော်လွင်(လားရှိုး)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

အိန္ဒိယနိုင်ငံရောက် မြန်မာရေလုပ်သား ၁၅၀ အမိနိုင်ငံသို့ ပြန်လည်ရောက်ရှိ

နေပြည်တော် ဇန်နဝါရီ ၁၇

အိန္ဒိယသမ္မတနိုင်ငံ ရေပိုင်နက်အတွင်း အကြောင်းအမျိုးမျိုးကြောင့် တရားမဝင်ရောက်ရှိခဲ့သဖြင့် အိန္ဒိယနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဥပဒေအရ ပြစ်ဒဏ်ကျခံပြီး Open Distress Camps ၌ ထိန်းသိမ်းထားသည့်မြန်မာရေလုပ်သား ၃၉၆ ဦးကို ပြန်လည်ခေါ်ယူနိုင်ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ခိုင်ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းလိုင်း စင်းလုံးငှားလေယာဉ်ဖြင့် အိန္ဒိယနိုင်ငံသို့ထွက်ခွာရာ ဒေသစံတော်ချိန် နံနက် ၇ နာရီခွဲတွင် ပို့ဘလဲယားမြို့သို့ ရောက်ရှိကြသည်။

ထို့နောက် ထိန်းသိမ်းရေးစခန်းမှ ပထမအသုတ်ပြန်လည်ခေါ်ယူမည့် ရေလုပ်သား ၁၅၀ ကို အိန္ဒိယအစိုးရမှ တာဝန်ရှိသူများနှင့် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ တာဝန်ရှိသူများက ပို့ဘလဲယားလေဆိပ်၌ လွှဲပြောင်းပေးအပ်ရာ အဖွဲ့ခေါင်းဆောင် ဦးအောင်ခိုင်နှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံသား ဟုတ်၊ မဟုတ် စိစစ်စစ်ဆေးမှုများပြုလုပ်၍ လက်ခံကြသည်။

ယင်းနောက် မြန်မာရေလုပ်သားများကို အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ စီးပွားရေးသံမှူး ဦးဇော်ညွှန့်၊ ကောင်စစ်ဝန် ဦးကျော်သူနှင့် ပို့ဘလဲယားမြို့ ရေမျောကယ်ဆယ်ရေးစခန်းမှ တာဝန်ရှိသူများက ပို့ဘလဲယားလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက်ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးအောင်ခိုင် ဦးဆောင်သည့်အဖွဲ့နှင့် ရေလုပ်သားများသည် ပို့ဘလဲယားလေဆိပ်မှ ထွက်ခွာခဲ့ရာ မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိကြသည်။

မြန်မာနိုင်ငံ ရေလုပ်သားများကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးချွန်ဟရဲ၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူးဦးဝင်းကြိုင်၊ မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ တာဝန်ရှိသူများက လေဆိပ်၌ကြိုဆိုကြပြီး အားပေးစကားပြောကြားကာ ထောက်ပံ့ငွေ၊ အဝတ်အထည်နှင့်ခရီးစရိတ်များ ပေးအပ်ခဲ့သည်။

ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့တို့၏ အစီအစဉ်ဖြင့် ရေလုပ်သားများကို သက်ဆိုင်ရာ တိုင်းဒေသကြီးများနှင့် ပြည်နယ်များရှိ နေရပ်အသီးသီးသို့ ဆက်လက်ပို့ဆောင်ပေးကြသည်။

အဆိုပါ ရေလုပ်သားများသည် အိန္ဒိယ-မြန်မာ နှစ်နိုင်ငံရေပိုင်နက်အနီး ငါးဖမ်းရာမှလေမုန်တိုင်းမိခြင်း၊ ရေယာဉ်များ စက်ချွတ်ယွင်းခြင်း၊ နစ်မြုပ်ခြင်း၊ ရေပိုင်နက်မှားယွင်း၍ တရားမဝင် ဝင်ရောက်မိခြင်း စသည့် အကြောင်းအမျိုးမျိုးကြောင့် အိန္ဒိယရေပိုင်နက်သို့ ကျော်လွန်မိ၍ အိန္ဒိယနိုင်ငံအစိုးရက ထိန်းသိမ်းခဲ့ခြင်းဖြစ်သည်။ ပြန်လည်ခေါ်ယူမည့် ရေလုပ်သားဦးရေ ၃၉၆ ဦး ရှိပြီး ပထမအသုတ်တွင် ၁၅၀ ခေါ်ယူခဲ့ပြီးဖြစ်ရာ ကျန်ရေလုပ်သားများကို ဇန်နဝါရီ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းလိုင်းမှ စင်းလုံးငှားလေယာဉ်ဖြင့် ဆက်လက်ခေါ်ယူသွားမည်ဖြစ်သည်။

အဆိုပါရေလုပ်သား ၃၉၆ ဦးကို အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းလိုင်းမှ စင်းလုံးငှားလေယာဉ်ဖြင့် သုံးခေါက်ခွဲ၍ ခေါ်ယူသွားမည်ဖြစ်ပြီး နှစ်ခေါက်အတွက် ကုန်ကျစရိတ်ကို နိုင်ငံတော်အစိုးရက ကျခံ၍ ကျန်တစ်ခေါက်အတွက် ကုန်ကျစရိတ်ကို ကမ္ဘောဇဘဏ်မှ ဦးအောင်ကိုဝင်းက ကူညီပံ့ပိုးပေးကြောင်း သိရသည်။

ထိုသို့ ပြန်လည်ခေါ်ယူနိုင်ရန်အတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုဖြင့် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ တာဝန်ရှိသူများသည် ပို့ဘလဲယားမြို့သို့ အကြိမ်ကြိမ်သွားရောက်၍ အိန္ဒိယအစိုးရနှင့် ညှိနှိုင်းခဲ့သည့်အပြင် မြန်မာရေလုပ်သားများအား ကျန်းမာရေး ကူညီစောင့်ရှောက်မှုများပေးခဲ့ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် အိန္ဒိယနိုင်ငံသို့ ရောက်ရှိသွားသည့် မြန်မာရေလုပ်သားများအား ပြန်လည်ခေါ်ယူ၍ မိသားစုနှင့် ပြန်လည်ပေါင်းစည်းနိုင်ရေးဆောင်ရွက်လျက်ရှိရာ ယခုခေါ်ယူမည့် ၃၉၆ ဦး အပါအဝင် မြန်မာရေလုပ်သားပေါင်း ၅၀၄၀ ကို အိန္ဒိယနိုင်ငံမှ ပြန်လည်ခေါ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

စားသုံးရန်မသင့်သောအစားအသောက်များနှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာချက်

ကျန်းမာရေး ဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

ဈေးကွက်များတွင် ရောင်းချလျက်ရှိသော အစားအသောက်များကို ဈေးများ၊ ကျောင်းမုန့်ဈေးတန်းများမှ ဝယ်ယူစစ်ဆေးရာ အောက်ဖော်ပြပါ အမှတ်တံဆိပ်များဖြင့် ထုတ်လုပ်သော အစားအသောက်များ၌ သုံးစွဲရန် ခွင့်မပြုသော ဆိုးဆေးများ ပါဝင်ခြင်းကြောင့် စားသုံးရန်မသင့်သော အစားအသောက်များဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အမှတ်တံဆိပ်နှင့်အစားအသောက်အမျိုးအစားများ

စဉ်	အစားအသောက်အမည်	အမှတ်တံဆိပ်	စားသုံးရန်မသင့်သည့်အကြောင်း
၁။	တရုတ်ဆီးသီး	Miki-ko	Rhodamine B (ခွင့်မပြုဆိုးဆေး)
၂။	သစ်သီးယိုစုံ	တွင်ကျယ်	Sudan III (ခွင့်မပြုဆိုးဆေး)
၃။	အာဖျန်းအချိုရည် (Sour Spray Candy)	Sikoz	အမှတ်တံဆိပ်ဖော်ပြချက် မပြည့်စုံ
၄။	အာဖျန်းအချိုရည် (Spray Liquid Candy)	တရုတ်စာသားများဖြင့် ဖော်ပြထားသည်။	အမှတ်တံဆိပ်ဖော်ပြချက် မပြည့်စုံ

အစားအသောက် ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချသူများသည် အစားအသောက်တွင်သုံးစွဲရန် ခွင့်မပြုသော ဓာတုဆိုးဆေးများကို လုံးဝအသုံးမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက အမျိုးသားအစားအသောက်ဥပဒေ ပုဒ်မ ၂၈(က)အရ တရားစွဲဆို အရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

Miki-ko အမှတ်တံဆိပ် တရုတ်ဆီးသီး

တွင်ကျယ်မှတ်တံဆိပ် သစ်သီးယိုစုံ

Sikoz အမှတ်တံဆိပ် အာဖျန်းအချိုရည် (Sour Spray Candy)

အာဖျန်းအချိုရည် (Sour Liquid Candy)

ပြင်ဦးလွင် အချိန်အခါမဲ့မိုးကြောင့် စတော်ဘယ်ရီစိုက်ခင်း အနည်းငယ်ထိခိုက်

ပြင်ဦးလွင် ဇန်နဝါရီ ၁၇

ပြင်ဦးလွင်မြို့၏ နာမည်ကျော်ထွက်ကုန်တစ်ခုဖြစ်သော စတော်ဘယ်ရီသီးများ ဦးဦးဖျားဖျား ပေါ်ထွက်၍ ဈေးကောင်းရနေချိန် ဇန်နဝါရီ ၁၅ ရက်နှင့် ၁၆ ရက်နေ့ညပိုင်းတွင် ရွာသွန်းခဲ့သော အချိန်အခါမဲ့မိုးကြောင့် စိုက်ခင်းများ အနည်းငယ်ထိခိုက်ခဲ့ကြောင်း သိရသည်။

စတော်ဘယ်ရီ ပျိုးပင်များကို အောက်တိုဘာ မိုးစတင်ပြတ်ချိန်၌ ရေလောင်း၍ စိုက်ပျိုးကြပြီး ဒီဇင်ဘာလကုန်ပိုင်းလောက်တွင် အသီးခူးဆွတ်နိုင်ပြီဖြစ်သည်။ စတော်ဘယ်ရီသီးများကို ဧပြီလ မိုးမကျမီအထိ ဆက်လက်ခူးယူစားသုံးနိုင်ပြီး မိုးဦးကျချိန်တွင် ခူးယူသောအသီးများမှာ ပိုးဝင်ခြင်း၊ ဝမ်းလျှောဝမ်းပျက်စေခြင်းတို့ဖြစ်နိုင်ကြောင်း သိရသည်။

ယခုဇန်နဝါရီလ အသီးဖြိုင်ဖြိုင်ထွက်ချိန်တွင် မထင်မှတ်သော မိုးရွာသွန်းမှုကြောင့် စိုက်ခင်းများ၌ အပွင့်ကြွေခြင်း၊ လက်ရှိသီးနေသော အသီးများ မိုးရေကြောင့် အသီးနာခြင်း၊ ပုပ်ပွသွားစေခြင်း၊ အသီးအထွက်နှုန်း ခေတ္တခဏ လျော့နည်းသွားစေခြင်း စသည့်ဖြစ်ပေါ်မှုများနှင့် ကြုံတွေ့ရကြောင်း စိုက်ပျိုးသူတစ်ဦး၏ပြောကြားချက်အရ သိရသည်။

အသီးများ အပြိုင်ပေါ်ထွက်တော့မည့်အချိန်၌ ဈေးကွက်အတွင်း ဈေးနှုန်းကျဆင်းတော့မည်ဖြစ်သော်လည်း ယခုကဲ့သို့ မိုးရွာသွန်းမှုကြောင့် ဈေးနှုန်းအနည်းငယ် ပြန်လည်တက်နိုင်ဖွယ်ရှိပြီး အသီး၏အရသာမှာလည်း အနည်းငယ် ပေါ့သွားနိုင်ကြောင်း ရောင်းချသူတစ်ဦးက ပြောသည်။

သက်နိုင်(ပြင်ဦးလွင်)

MPC

မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ)

♦ သင်ဖတ်နေသော သတင်းများသည် မှားယွင်းသောဖော်ပြချက်တွေလား?
♦ သင်ဖတ်နေသော သတင်းများသည် မခိုင်မာသောကိုးကားချက်တွေ ထည့်သွင်းထားသလား?
♦ မီဒီယာမှာဖော်ပြမှုကြောင့် သင့်၏သိက္ခာထိခိုက်နေပါသလား?

စာဖတ်သူများက နစ်နာမှုနှင့် မကျေနပ်မှု တစ်စုံတစ်ရာရှိပါက သက်ဆိုင်ရာ သတင်းဌာန (သို့မဟုတ်) မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)ထံသို့ တိုက်ရိုက်တိုင်ကြားနိုင်ပါသည်။

မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)
အမှတ်(၉၀၂)၊ ၉-လွှာ၊ ယုဇနတာဝါ၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၄၈၀၂၆၃၂၆
အီးမေးလ် mmpresscouncil@gmail.com

စာပေမြင့်မှ လူမျိုးတင့်မည်

ဇန်နဝါရီ ၁၆ ရက်က မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့မှ ဇန်နဝါရီ ၁၅ ရက်က ကွယ်လွန်သူ အဖွဲ့ဝင်ဖြစ်သည့် ပုဇွန်တောင်မြို့နယ်သတင်းထောက်ကြီး ဦးခင်အောင်အတွက် နာရေးထောက်ပံ့ကြေး ငွေကျပ်တစ်သိန်းကို အဖွဲ့နာယက ဦးမျိုးမြင့်၊ ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင် (ရန်ကင်း) တို့က ဇနီးဖြစ်သူ ဒေါ်စန်းစန်းမြင့်အား နေအိမ်တွင် သွားရောက်ပေးအပ်စဉ်။
အောင်သန်း(မင်္ဂလာတောင်ညွန့်)

ပြည်တွင်းသတင်း

နိုဘယ်-မြန်မာစာပေပွဲတော် ဖွင့်ပွဲကျင်းပစဉ်။ (သတင်းစဉ်)

❖ ရွှေဖုံးမှ

အယ်ဒီတာများ၊ ကာတွန်းပညာရှင်များ၊ ပန်းချီပညာရှင်များ၊ စာကြည့်တိုက်ပညာရှင်များ၊ စာအုပ်ထုတ်ဝေရေးလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် စာပေချစ်မြတ်နိုးသူများ တက်ရောက်ခဲ့ကြသည်။

နိုဘယ်-မြန်မာစာပေပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဤပွဲတော်ကြီး ဖြစ်မြောက်လာရေးအတွက် ကြိုးပမ်းခဲ့သည့်ပုဂ္ဂိုလ်များအားလုံးသည် စာပေ၊ ကဗျာထုတ်ဝေရေး စသည်ဖြင့် နယ်ပယ်အသီးသီး၊ ကဏ္ဍအသီးသီးတွင် ရှိနေကြသည့်တိုင် စင်စစ်တွင် စာပေချစ်မြတ်နိုးသူများဟူသော ခေါင်းစဉ်တစ်ခုတည်းအောက်တွင် တူညီစွာရှိနေကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ စာပေကို ချစ်မြတ်နိုးခြင်းသာမက စာပေထွန်းကားရေးအတွက် ပြင်းပြသောဆန္ဒများရှိခြင်းနှင့် မိမိစွမ်းနိုင်သည့်အနေအထားမှ စာပေတိုးတက်မြင့်မားရေးကို ဆောင်ရွက်လိုခြင်းဟူသော စိတ်ကောင်းစေတနာတွင်လည်း တူညီစွာရှိနေကြသည်ကို ဤပွဲတော်ကြီး ယခုကဲ့သို့ အောင်မြင်စွာ ပေါ်ပေါက်လာခြင်းက သက်သေခံလျက်ရှိကြောင်း၊ မြန်မာစာပေကိုနိုင်ငံတကာတွင် ဂုဏ်သိက္ခာကြီးစွာ ဝင့်ထည် ရပ်တည်နိုင်ရေးအတွက် အလွန်အရေးကြီးသည့် တက်လှမ်းမှုတစ်ခုဖြစ်သည့် ယနေ့ပွဲတော်ကြီးသို့ သဝဏ်လွှာပေးပို့ခွင့်ရသည့် နိုင်ငံတော်သမ္မတ တစ်ဦးအနေဖြင့် များစွာဂုဏ်ယူမိပါကြောင်း။

နိုင်ငံတစ်နိုင်ငံ၏စာပေသည် ယင်းနိုင်ငံ၏ လူ့အဖွဲ့အစည်းကို သတ်မှတ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်သည်ဟု ဆိုရာ၌ တိုင်းတာရမည့်စံနှုန်းများစွာရှိနိုင်ကြောင်း၊ သိပ္ပံပညာနှင့် အတတ်ပညာထွန်းကားပြီး စီးပွားရေးအရလည်း ဖွံ့ဖြိုးတိုးတက်နေသည့်တိုင် အသိပညာနှင့် သက်ဆိုင်သော စာပေယဉ်ကျေးမှု ထွန်းကားခြင်း မရှိခဲ့လျှင် ဦးနှောက်ရှိ၍ နှလုံးသားမရှိသော လူ့အဖွဲ့အစည်းအဖြစ်သာ ပေါ်ပေါက်လာမည် ဖြစ်ကြောင်း၊ နှလုံးသားကင်းမဲ့သော လူ့အဖွဲ့အစည်းတွင် ငြိမ်းချမ်းရေးကို ရှာဖွေတွေ့ရှိနိုင်ခြင်းမရှိကြောင်း၊ စာပေသည် ငြိမ်းချမ်းရေး၊ လူသားဆန်မှုနှင့် အသိဉာဏ်၏ ပင်မအရင်းအမြစ်ဖြစ်ကြောင်း။

မိမိတို့ မြန်မာ့လူ့အဖွဲ့အစည်း မျှော်မှန်းချီတက်နေသည်မှာ ခေတ်မီဖွံ့ဖြိုးတိုးတက်၍ ပွင့်လင်းသော လူ့အဖွဲ့အစည်းတစ်ရပ် ဆိုသည့် ပန်းတိုင်ပင်ဖြစ်ကြောင်း၊ ပွင့်လင်းသော လူ့အဖွဲ့အစည်း တစ်ရပ် ပိုင်ဆိုင်နိုင်ရန်အတွက် ဒီမိုကရေစီ၏ အနှစ်သာရ တစ်ရပ်ဖြစ်သည့် လွတ်လပ်စွာတွေးတော၊ ရေးသားဖော်ထုတ်ခွင့်မှာ များစွာအဓိကကျကြောင်း၊ ထို့ကြောင့်လည်း မိမိတို့ အစိုးရ တာဝန်ယူသည့်အချိန်မှစ၍ စာပေလွတ်လပ်ခွင့်အတွက် များစွာ ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ယနေ့ မြန်မာနိုင်ငံသည်စာပေလွတ်လပ်ခွင့် မြင့်မားသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ရောက်ရှိနေပြီဖြစ်ကြောင်း၊ ထိုအခြေအနေကို အမိအရအသုံးချ၍ မိမိတို့လူ့အဖွဲ့အစည်းအတွက် အတွေးအခေါ် ရင့်ကျက်မှုနှင့် နှလုံးသားပြည့်ဝမှုတို့ကို အားပေးသည့်စာပေများ ရှင်သန်ဖွံ့ဖြိုးရေးအတွက် စာပေချစ်မြတ်နိုးသူများအားလုံးက ကြိုးပမ်းဆောင်ရွက်ကြရန်လည်း တိုက်တွန်းအပ်ကြောင်း။

ခေတ်ပြိုင်နိုင်ငံတကာ စာပေများ မြန်မာနိုင်ငံတွင် ထွန်းကားရေးနှင့် မြန်မာ့လူ့အဖွဲ့အစည်းကို ဖော်ကျူးသည့်စာပေများ နိုင်ငံတကာတွင် ပျံ့နှံ့ရေးမှာ ယနေ့မြန်မာစာပေလောကအတွက် အထူးလိုအပ်ချက်ကြီးဖြစ်နေသည်ကိုလည်း မီးမောင်းထိုးပြလိုကြောင်း၊ လက်ရှိတွင် မြန်မာနိုင်ငံ၌ခေတ်ပြိုင်နိုင်ငံတကာစာပေများ စတင်ပျံ့နှံ့လာသည်ကို သတိပြုမိကြောင်း၊ တစ်ဆက်တည်းမှာပင် မြန်မာလူမျိုးစာရေးဆရာများနှင့် မြန်မာနိုင်ငံအကြောင်းရေးသားထားသော ရသ၊ သုတ၊ နိုင်ငံရေး စာပေများ နိုင်ငံတကာစာပေမျက်နှာစာတွင် တလေးတစားဖြင့် အသိအမှတ်ပြုခံလာရသည်ကိုလည်းဂုဏ်ယူဝမ်းမြောက်ဖွယ်တွေ့ရှိရကြောင်း၊ ဤအခြေခံကောင်းများကို အမိအရဆုပ်ကိုင်၍ မြန်မာစာပေကို နိုင်ငံတကာစာပေတွင် အဆင့်အတန်းတစ်ခုအခိုင်အမာရရှိအောင်ကြိုးပမ်းကြရမည်မှာ စာပေချစ်မြတ်နိုးသူများအားလုံး၏ တာဝန်ပင်ဖြစ်ကြောင်း။

တစ်ဆက်တည်းမှာပင် နိုင်ငံအတွက် မြန်မာစာပေလောက၏ အခန်းကဏ္ဍတစ်ခုကို တွေ့ရှိရကြောင်း၊ ယနေ့ မြန်မာနိုင်ငံနှင့် မြန်မာ့လူ့အဖွဲ့အစည်း၏ ရည်မှန်းချက် နှစ်ရပ်ဖြစ်သည့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအောင်မြင်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး ရရှိရေးအတွက် အထောက်အကူပြုစေမည့် စာပေများ ပိုမိုပေါ်ထွက်ပျံ့နှံ့လာရေးပင်ဖြစ်ကြောင်း၊ ယနေ့အခမ်းအနားတွင်လည်း အဆိုပါရည်ရွယ်ချက်ကို တွေ့ရှိရသည့်အတွက် များစွာဝမ်းမြောက်မိကြောင်း၊ အတွေးအမြင်၊ ဗဟုသုတကြွယ်ဝခြင်းနှင့် သဘောထားကြီးခြင်းတို့သည် ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအတွက် ကြီးမားသော အထောက်အပံ့ ဖြစ်သည်ဟုလည်း ယုံကြည်မိကြောင်း။

ထို့ပြင် ကျိုးကြောင်းဆင်ခြင်မှုနှင့်တွေးခေါ်နိုင်စွမ်းမြင့်မားသော၊ နှလုံးသားပြည့်ဝသော လူ့အဖွဲ့အစည်းသည် မိမိလူ့အဖွဲ့အစည်းအတွင်း၌သာမက ကမ္ဘာ့လူ့အဖွဲ့အစည်း၏ ငြိမ်းချမ်းရေးကိုပါ တာဝန်ယူနိုင်သော လူ့အဖွဲ့အစည်း အဖြစ်ရပ်တည်နိုင်မည်ဟုလည်း အခိုင်အမာယုံကြည်မိကြောင်း၊ ထိုသို့ယုံကြည်သည့်အလျောက် နိုင်ငံတော်အစိုးရအနေဖြင့်လည်း မြန်မာစာပေလောကလွတ်လပ်စွာ ဖွံ့ဖြိုးတိုးတက်လာရေး၊ နိုင်ငံတကာစာပေရေစီးတွင် ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်ရေးအတွက်၊ ကြိုးပမ်းမှုများအားလုံးကို အားပေးကူညီသွားမည်ဖြစ်ကြောင်းဖြင့် သဝဏ်လွှာပေးပို့ခဲ့ပြီး အဆိုပါ သဝဏ်လွှာကို သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းကဖတ်ကြားတင်ပြသည်။

ထို့နောက် နိုဘယ်- မြန်မာစာပေပွဲတော်သို့ ပြည်ထောင်စုလွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်းက Nobel- Myanmar Literary Festival (Literature for Peace) ပွဲတော်သည် မြန်မာတို့လိုလားနေကြသော ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်ရေးအတွက် အမှန်တကယ် လိုအပ်နေသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဖော်ဆောင်ပေးနိုင်ပါစေကြောင်း၊ ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်ရာတွင် အထောက်အပံ့ပြုနိုင်ပါစေရန် ဆန္ဒပြုဆုတောင်းကြောင်းဖြင့် သဝဏ်လွှာပေးပို့ခဲ့ပြီး အဆိုပါ သဝဏ်လွှာကို ပြည်သူ့လွှတ်တော်ရုံးဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဦးက ဖတ်ကြားတင်ပြသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်ကအဖွင့်အမှာစကားပြောကြားရာ မိမိတို့နိုင်ငံ မျက်မှောက်ပြုနေရသည့် ဒီမိုကရေစီအပြောင်းအလဲတွင် အဓိကအကျဆုံးနှင့် အခြေခံအကျဆုံးလိုအပ်ချက်သည် ပြည်သူလူထု တစ်ရပ်လုံး၏ "စွမ်းဆောင်ရည်မြှင့်တင်ရေး" (Capacity Building) ဟူ၍ အတွေ့အကြုံအရ မိမိတို့ သဘောပေါက်နားလည်ရကြောင်း၊ "စွမ်းဆောင်ရည်မြှင့်တင်ရေး" ၏လိုအပ်ချက်သည် ပညာရေးနှင့် စာပေဖြစ်ခြင်းကြောင့် မိတ်ဆွေများ ချမှတ်လိုက်သည့် ရည်မှန်းချက်များသည် ယနေ့လိုအပ်ချက်ကို ကူညီဖြည့်ဆည်းရာရောက်သည်ဟု သဘောပေါက်နားလည်ပါကြောင်း။

စာပေပွဲတော်ကြီးသည် မိမိတို့နိုင်ငံ၏ ဒီမိုကရေစီနိုင်ငံရေးစနစ် ပြန်လည် အသက်သွင်းနေသည့်ကာလ၊ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်နေသည့် အခါသမယနှင့် နိုင်ငံတကာ မိသားစုထဲသို့ ပြန်လည်ဝင်ရောက်လာချိန်တို့နှင့် ချိန်ခါသင့်ဖြစ်နေခြင်းသည် အလွန်အဓိပ္ပာယ်ရှိသည့်၊ အပြန်အလှန်ကျေးဇူးပြုနိုင်သည့် ကူညီဖြည့်ဆည်းမှုဖြစ်သည်ကို အလေးအနက်ပြောကြားလိုကြောင်း၊ စာပေတစ်ရပ်ဖွံ့ဖြိုးတိုးတက်ရန်ဆိုလျှင် စာပေလွတ်လပ်ခွင့် (Freedom of Expression)က အရေးကြီးသကဲ့သို့ "စိတ်ကူးလွတ်လပ်ခွင့်" (Freedom of Imagination) အားကောင်းရန်လိုကြောင်း၊ စာပေပွဲတော်၏ ဒုတိယခေါင်းစဉ်ကို Literature for Peace ဟုရွေးချယ်ထားခြင်းသည် လွန်စွာမှပင် လျော်ကန်သင့်မြတ်ကြောင်း။

အခွန့်ရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရန် ဆိုသည်မှာ နိုင်ငံရေးသဘောတူညီချက်များ၊ စီးပွားရေး သဘောတူညီချက်များ၊ စစ်ရေးသဘောတူညီချက်များ ရရုံမျှနှင့် မလုံလောက်ကြောင်း၊ အပြန်အလှန် နားလည်စာနာနိုင်သည့် အပြန်အလှန်မေတ္တာထားနိုင်သည့် သဘောထားကြီးခြင်း၊ အမြင်ကျယ်ခြင်းတို့ကို ဖန်တီးပေးနိုင်သည့် အတွေးအမြင်များ ထွန်းကားရန်လိုကြောင်း၊ တစ်နည်းဆိုရလျှင် ဦးနှောက်ချင်းညှိရန်သာမက နှလုံးသားချင်းညှိနိုင်ကြပါမှ ထာဝရငြိမ်းချမ်းရေးကို ဦးတည်နိုင်မှာဖြစ်ကြောင်း၊ နှလုံးသားအာဟာရဖြည့်ဆည်းရေးမှာ စာပေသည် အာနိသင် အထက်မြက်ဆုံးဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်က စာပေယဉ်ကျေးမှုဟူသည် နိုင်ငံတစ်နိုင်ငံတည်းသာမက တစ်ကမ္ဘာလုံးအတွက် အရေးကြီးကြောင်း၊ ကျယ်ပြန့်သည့် စာပေပွဲတော်များမှတစ်ဆင့် မြန်မာနိုင်ငံကို ကမ္ဘာနှင့် ဆက်သွယ်သွားနိုင်မည်ဖြစ်ကြောင်း၊ စာပေတန်ဖိုးသည် လူအများ၏ စိတ်ကူးစိတ်သန်းကို ကျယ်ပြန့်လာအောင် လုပ်ဆောင်ပေးခြင်းဟု နားလည်ကြောင်း၊ စာပေဟူသည် လူအများ၏ နှလုံးသားကို ပိုမိုနွေးထွေးအောင် လုပ်ပေးနိုင်ကြောင်း၊ အတွေးအခေါ်များ ပိုမိုနက်နဲအောင် အားပေးရမည်ဖြစ်ကြောင်း၊ လူအချင်းချင်းဆက်သွယ်မှုကို ပိုမိုခိုင်မာစေပြီး အဓိပ္ပာယ်ရှိစေကြောင်း၊ ယခုစာပေပွဲတော်မှတစ်ဆင့် မြန်မာနိုင်ငံက စာပေအနုပညာရှင်များနှင့် ကမ္ဘာက စာပေအနုပညာရှင်များအကြား ပိုမိုထိရောက်သည့် ဆက်ဆံမှုများရအောင် ကူညီပေးနိုင်မည်ဟု မျှော်လင့်ကြောင်း ရုပ်သံသဝဏ်လွှာပေးပို့ခဲ့သည်။

ထို့နောက် နိုဘယ်-မြန်မာစာပေပွဲတော် ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ စာရေးဆရာ ဦးဖေမြင့်က နိုဘယ်-မြန်မာစာပေပွဲတော် ကျင်းပနိုင်ခြင်းအကြောင်းရင်းကို ရှင်းလင်းပြောကြားကာ နော်ဝေနိုင်ငံ International Coordinator of the Festival Mr. Audun Aagre၊ မြန်မာနိုင်ငံဆိုင်ရာ ဆွီဒင်သံရုံးမှ H.E . Johan Hallenborg နှင့် Hadda မှ Jorgen Lorentzen တို့က နိုဘယ်စာပေဆုနှင့် စာပေဖွံ့ဖြိုးမှုဆိုင်ရာ အစီအစဉ်များကို တင်ပြခဲ့ပြီး အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့သည်။

နိုဘယ်-မြန်မာ စာပေပွဲတော်တွင် စာအုပ်အရောင်းဆိုင်များ ပါဝင်ပြသရောင်းချစဉ်။ (သတင်းစဉ်)

အဆိုပါ စာပေပွဲတော်ကို ဇန်နဝါရီ ၁၇၊ ၁၈၊ ၁၉ သုံးရက်တိုင်တိုင် နေ့စဉ် နံနက် ၉ နာရီမှ ည ၁၁ နာရီအထိ ကျင်းပသွားမည်ဖြစ်ရာ စာပေပွဲတော်တွင် မြန်မာစာရေးဆရာများ၊ စာပေပညာရှင်များက စာတမ်းများဖတ်ကြားခြင်း၊ ပြည်တွင်းပြည်ပ စာရေးဆရာများ၊ စာပေပညာရှင်များက အပြန်အလှန်ဆွေးနွေးခြင်း၊ နိုဘယ်စာပေဆုရပုဂ္ဂိုလ်များ၏ ဓာတ်ပုံများနှင့် မူရင်းစာအုပ်များ၊ ပြခန်းများနှင့် မြန်မာပြန်လက်ရာစာအုပ်များ၊ ပြခန်းများ၊ စာပေစကားဝိုင်းအစီအစဉ်များ၊ ဓာတ်ပုံ၊ ပိုစတာနှင့် ကာတွန်းပြပွဲများ၊ ရေးသူ ဖတ်သူဆွေးနွေးပွဲများ၊ ကဗျာနှင့် ရသစာပေ စာရေးဆရာများ၏ စာဖတ်ပွဲများနှင့် စာအုပ်အရောင်းဆိုင်များဖြင့် ပါဝင်ပြသသွားမည်ဖြစ်ပြီး ညပိုင်းတွင် သဘင်၊ ဂီတ၊ ရုပ်ရှင်နယ်ပယ်မှ အနုပညာရှင်များ၏ ဖျော်ဖြေရေး အစီအစဉ်များဖြင့် ညစဉ် တင်ဆက်ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့ ရန်ကုန်မြို့သို့ ချစ်ကြည်ရေးခရီး ရောက်ရှိ

ရန်ကုန် ဇန်နဝါရီ ၁၇

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ ဖိတ်ကြားချက်အရ ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာ ချန်ယွီဟွာ ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

ဧည့်သည်တော် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

▲ *ရှေ့ဖုံးမှ*

စစ်ဆေးခြင်း၊ ပြည်ပမှ ဝင်ရောက်လာသည့် အေးခဲအသားများနှင့် စားသောက်ကုန်များကို အရှိန်မြှင့် စစ်ဆေးနေသော်လည်း ရာနှုန်းပြည့် ဆောင်ရွက်နိုင်မှုမရှိသေးကြောင်း မိုဘိုင်းတင်းမ်အဖွဲ့များထံမှ သိရသည်။

"တိရစ္ဆာန်အစာ ဈေးကြီးတယ်သာ ဆိုတယ် မြို့နယ်အလိုက်မှာ မွေးမြူရေးလုပ်ကိုင်သူတွေ များလာပါတယ်။ ရန်ကုန်တိုင်းဒေသကြီးတင်သာမက ဒေသအလိုက်တစ်နိုင်တစ်ပိုင်မွေးမြူရေးက အားကောင်းလာတာကြောင့် ကြက်၊ ဘဲဈေးနှုန်းတွေ ကျဆင်းလာပါတယ်။ သို့သော် မွေးမြူရေးနည်းစနစ်တွေ မှန်ကန်ဖို့ လိုအပ်နေတာ တွေ့ရပါတယ်။ သို့သော် ဈေးကွက်အတွင်းမှာ မိုဘိုင်းတင်းမ်တွေ အဆင့်ဆင့်အောင်မြင်လာတော့ နယ်ကျော်ပြီး မတင်ပို့နိုင်တော့ဘူး။ ဥပမာပြောရရင် ရန်ကုန်မှာ ရောင်းလိုအားများပေမယ့် ဝယ်လိုအားနည်းနေတယ်။ မန္တလေးမှာ ရောင်းလိုအားနည်းပြီး ဝယ်လိုအားများတယ်။ မျှမသွားဘဲ ဈေးက တစ်နေရာနဲ့ တစ်နေရာကွာခြားမှုများလာတာတွေ့ရတယ်"ဟု မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ ဥက္ကဋ္ဌ ဦးဝင်းစိန်က ပြောကြားသည်။

ထို့အပြင် လိုင်စင်မဟုတ်သည့် တရားမဝင် မွေးမြူရေးလုပ်ငန်းများကြောင့်လည်း သားငါးဈေးကွက်ကျဆင်းခြင်းဖြစ်ပေါ်နေပြီး ပြည်ပမှ တရားမဝင် တင်သွင်းလာသော အေးခဲပုစွန်များကြောင့် ရေချိုပုစွန်ဈေးကွက်အတွင်း ဈေးနှုန်းများကျဆင်းပြီး ငါးဈေးကွက်အတွင်းတွင်လည်း ပြည်ပတင်ပို့မှုလျော့ကျခြင်းကြောင့် ပြည်တွင်းဈေးကွက်တွင် ပိုလျှံမှုများမကြာခဏဖြစ်ပေါ်ရသည့်အတွက် ဈေးနှုန်းများ ကျဆင်းရသည်ဟု သိရသည်။

"အသားတိုးကြက်မွေးမြူရေးကို ဆောင်ရွက်တဲ့နေရာမှာ နည်းပညာတွေမြင့်လာသလို စားသုံးသူအတွက် ဘေးထွက်ဆိုးကျိုးမရှိတဲ့ ဆေးဝါးနဲ့ အစာအာဟာရတွေကို ရွေးချယ်အသုံးပြုသင့်ပါတယ်။ သို့သော်လည်း မွေးမြူရေးသမားတွေဘက်က ပြန်ကြည့်ရင် မွေးမြူရေးလုပ်ငန်းမှာ အရှုံးနဲ့ရင်ဆိုင်နေရတာတွေရှိပါတယ်။ မွေးမြူစရိတ်နဲ့ အစာဖိုးတောင်ပြန်မရတဲ့အခါ အလွယ်တကူနဲ့ ကြီးထွားနိုင်မယ့် ဈေးနှုန်းသက်သာတဲ့ အထွက်တိုးဆေးတွေ သုံးမိနိုင်တာကြောင့် ဈေးကွက်ကိုထိန်းကျောင်းဖို့ လိုအပ်နေတယ်"ဟု ဒေါက်တာမြင့်ကျော်က ပြောကြားသည်။

လက်လီနှင့် လက်ကားဈေးနှုန်းများ ကွာခြားနေခြင်းသည် သားငါးမွေးမြူရေးလုပ်ငန်းရှင်များအတွက် အကြီးမားဆုံးသောအခက်အခဲဖြစ်ပြီး ပြည်တွင်းကုန်စည်စီးဆင်းမှု အဆင်ပြေစေရန်အတွက် ဦးစီးဌာနမှ ပူးပေါင်းလုပ်ဆောင်ပေးရန်နှင့် စည်ပင်ကဲ့သို့သောအဖွဲ့အစည်းများက ပူးပေါင်းကာ ဈေးနှုန်းကြပ်မတ်ပေးခြင်းများပြုလုပ်သင့်ကြောင်း မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများက မျှော်လင့်နေကြသည်။ **(မြန်မာ့အလင်း)**

ပြည်တွင်းသတင်း

မြန်မာစာပေလောကဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေမည့် အာရှတိုက်တွင် ပထမဆုံးဖြစ်လာမည့် စာပေသမားများအိမ်ဂေဟာ ရန်ကုန်မြို့ ဖွင့်လှစ်နိုင်ရန်စီစဉ်

သတင်း-ရဲခေါင်ညွှန့်၊ မြတ်သန္တာမောင်

ရန်ကုန် ဇန်နဝါရီ ၁၇

အာရှနိုင်ငံများတွင် ပထမဆုံးဖြစ်လာမည့် စာပေသမားများ အိမ်ဂေဟာ (House of Literature) တစ်ခုကို မြန်မာနိုင်ငံ၌ ထူထောင်နိုင်ရန်အတွက် စီစဉ်လျက်ရှိပြီး ဖွင့်လှစ်မှုများ ပြုနိုင်ရန်အတွက် ရန်ကုန်မြို့ရှိ ရှေးဟောင်းအဆောက်အအုံများအား အဓိကထားရွေးချယ်၍ နေရာရှာဖွေမှုများ ပြုလုပ်လျက်ရှိကြောင်း၊ နိုဘယ် မြန်မာစာပေပွဲတော် ဖြစ်မြောက်ရေးအတွက် ကူညီပံ့ပိုးပေးခဲ့သည့် နော်ဝေနိုင်ငံ Hedda Foundation ၏ ညွှန်ကြားရေးမှူး Mr. Jorgen Lorentzen ထံမှ သိရသည်။

မြန်မာနိုင်ငံ၌ စာပေသမားများ အိမ်ဂေဟာ ဖွင့်လှစ်နိုင်ရန်အတွက် အဆောက်အအုံကို ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ကူညီပေးသွားရန် စီစဉ်လျက်ရှိသည်။ ပြန်ကြားရေးဝန်ကြီးဌာနမှ ပိုင်ဆိုင်သည့် ကမ်းနားလမ်းနှင့် ၄၃ လမ်းထောင့်ရှိ ယခင် ဂါးဒီးယန်းသတင်းစာတိုက်အဆောက်အအုံကို House of Literature ဖွင့်လှစ်နိုင်ရန်လျာထားလျက်ရှိပြီး သင့်တော်ပါက အစိုးရအဖွဲ့သို့တင်ပြ၍ အသုံးပြုခွင့်ပေးသွားမည်ဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က နိုဘယ်မြန်မာစာပေပွဲတော် ဖွင့်ပွဲအခမ်းအနားအပြီး၌ ပြောကြားခဲ့သည်။

"ကျွန်တော် လွန်ခဲ့တဲ့ နှစ်လလောက်က စာနယ်ဇင်းကောင်စီရဲ့ အစည်းအဝေးတစ်ခုမှာ ဆရာဖေမြင့်နဲ့ဆုံတော့ သူတို့နဲ့ နော်ဝေအဖွဲ့အစည်းတစ်ခုက ပူးပေါင်းပြီး House of Literature တစ်ခု မြန်မာနိုင်ငံမှာ လုပ်ချင်တယ်လို့ပြောတယ်။ ပြန်ကြားရေးဝန်ကြီးဌာနက ကူညီပေးသွားဖို့ ရှိပေမယ့် တောင်းဆိုချက်နှစ်ခုတော့ရှိတယ်။ တစ်အချက်အနေနဲ့ အဲဒီအဆောက်အအုံနဲ့ အဖွဲ့အစည်းသည် အမှန်တကယ်လွတ်လပ်တဲ့ အဖွဲ့အစည်းဖြစ်ဖို့ ပဋိညာဉ်ကောင်းကောင်းရှိရမယ်။ နှစ်အချက်က အဲဒါကို လွတ်လပ်တဲ့ Board of Director အဖွဲ့လိုမျိုး က အုပ်ချုပ်ရမယ်။ House of Literature လို အဆောက်အအုံတွေဖြစ်လာမယ်ဆိုရင်တော့ မြန်မာစာပေလောကနဲ့ဘာသာပြန်စာပေလောက ဖွံ့ဖြိုးဖို့အတွက် အများကြီးအထောက်အကူဖြစ်စေမှာပါ" ဟု ၎င်းက ထပ်မံပြောကြားခဲ့သည်။

ကမ္ဘာ့ပထမဆုံး House of Literature အား ၁၉၈၆ ခုနှစ်တွင် ဂျာမနီနိုင်ငံ၌ စတင်ဖွင့်လှစ်ခဲ့သည်။ လက်ရှိအချိန်၌ တစ်ကမ္ဘာလုံးတွင် House of Literature ပေါင်း ၁၁ခု ကို ဖွင့်လှစ်ထားနိုင်ပြီဖြစ်သည်။ House of Literature အဆောက်အအုံများတွင် စာအုပ်ဆိုင်၊ ကော်ဖီဆိုင်၊ စာကြည့်တိုက်၊ ကလေးများအတွက် ပျော်ရွှင်စွာဖတ်ရှုလေ့လာနိုင်မည့် စာဖတ်ခန်း၊ စာပေဆိုင်ရာဟောပြောပွဲများ၊ ဝိုင်းဖွဲ့စကားပြောပွဲများ ပြုလုပ်နိုင်သည့် ခန်းမများနှင့် စာရေးဆရာများအတွက် စာရေးနိုင်ရန် နေရာထိုင်ခင်းများ၊ သုတေသနပြုလုပ်နိုင်ရန်တို့ကို နေရာတစ်ခုတည်း၌ပင် စုစည်းထားခြင်းဖြစ် သည်။

စာရေးဆရာဖေမြင့်က "အာရှမှာ ပထမဆုံးဖြစ်လာမယ့် အဆောက်အအုံဆိုတော့ မြန်မာ့စာပေလောက မြင့်တင်ရေးအတွက် အများကြီးအထောက်အကူပြုတာပေါ့။ ဒီလိုစာပေနဲ့ပတ်သက်တဲ့ အလုပ်တွေဆောင်ရွက်နိုင်ဖို့ နေရာထိုင်ခင်းလိုတယ်။ နေရာထိုင်ခင်းမရှိရင် ကျွန်တော်တို့ ဘာမှ သိပ်လုပ်လို့မရဘူး။ လက်ရှိမှာ လက်ဖက်ရည်ဆိုင်မှာပဲ ဝိုင်းဖွဲ့ပြီး စကားပြောရတဲ့ အနေအထားမျိုးကနေ ဒီလိုနေရာထိုင်ခင်း ပြည့်ပြည့်စုံစုံရှိလာရင် စာအကြောင်း၊ ပေအကြောင်း ဆွေးနွေးမယ့်ဝိုင်းမျိုး ပြုလုပ်လို့ရမယ်။ စာအုပ်မိတ်ဆက်ပွဲမျိုးလို ဆွေးနွေးပွဲမျိုး လုပ်လို့ရတယ်။ ဒါဟာ ကျွန်တော်တို့ စာပေဖွံ့ဖြိုးရေးမှာ အများကြီး အထောက်အကူပြု သွားမယ့်သဘောပေါ့" ဟု သုံးသပ်ပြောကြားသည်။



နိုဘယ်-မြန်မာ စာပေပွဲတော်ဖွင့်ပွဲအခမ်းအနားတွင် House of Literature အကြောင်းရှင်းလင်းပြောကြားနေသည့် Mr. Jorgen Lorentzen ။

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အများပြည်သူ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၅ ရက်က ရွှေပြည်သာမြို့နယ် (၁၅)ရပ်ကွက် အောင်သုခလမ်း ပန်းခြံ (၁၈) တွင် 11-6.6/0.4 KV, 200 KVA ထရန်စဖော်မာ တစ်လုံး ဓာတ်အားလွှတ်ခြင်းလုပ်ငန်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမင်းမင်းဦးတို့ ဦးဆောင်၍ လိုင်းဝန်ထမ်းအဖွဲ့များက လုပ်ငန်းဆောင်ရွက်ခဲ့သည်။

(ယခုနှစ်အတွင်း ရွှေပြည်သာမြို့နယ်တွင် ထရန်စဖော်မာ ၃၉ လုံး တိုးချဲ့တပ်ဆင်ပြီးစီးခဲ့ပြီး မြောက်ပိုင်းခရိုင်အနေဖြင့် အလုံး ၁၀၀ ပြည့် ဓာတ်အားလွှတ်ခြင်းဖြစ်ကြောင်း သိရသည်။) (မြန်မာ့အလင်း)

⚙ *ကျော်ဖုံးမှ*

တစ်ဂိုးဖြင့် ရှုံးနိမ့်နေခဲ့သည်။ ဒုတိယပိုင်းအစတွင် ပြည့်ဖြိုးဦးနှင့် အောင်ကျော်နိုင်တို့ ဝင်လာ၍ ဧရာဝတီတိုက်စစ် ပိုကောင်းလာပြီး ၅၉မိနစ်တွင် အသင်းခေါင်းဆောင် မင်းမင်းသူက ချေပဂိုး ပြန်သွင်းခဲ့သည်။

အသစ်ခေါ်ထားသည့် ရတနာပုံ တိုက်စစ်မှူးဟောင်း ဖွန်ဆီကာဝင်လာပြီး နောက်ပိုင်းတွင် ဧရာဝတီအသင်း၏ပွဲဖြစ်သွားပြီး ၇၉မိနစ်တွင် မိုးဝင်းနှင့် ၈၆မိနစ်တွင် ဖွန်ဆီကာတို့က သွင်းယူပေးခဲ့သည်။ မုံရွာကွင်း၌ ကမ္ဘောဇက ဇေယျာရွှေမြေကို နှစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး YUSC ကွင်း၌ ရန်ကုန်က ဟံသာဝတီကို တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်သည်။ ယနေ့ပွဲ သုဝဏ္ဏကွင်း၌ ရခိုင်နှင့် မကွေး၊ အောင်ဆန်းကွင်း၌ ချင်းနှင့် မနောမြေ၊ ပေါင်းလောင်းကွင်း၌ နေပြည်တော်နှင့် ရတနာပုံကစားမည်။

သတင်း -ညီမြတ်သော်တာ
ဓာတ်ပုံ- ဖိုးသော်ဇင်

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

■ *ရှေ့ဖုံးမှ*

အထောက်အကူပြုစေမည်ဖြစ်သည်။ လူတို့အတွက် အန္တရာယ်ကင်းမည့် အသီးအရွက်များ စားသုံးနိုင်မှုကို ကမ္ဘာတစ်ဝန်း၌ တွင်တွင်ကျယ်ကျယ် ဆောင်ရွက်လာလျက်ရှိရာ အဆိပ်အတောက်ကင်းသည့် အော်ဂဲနစ်အသီးအနှံများနှင့်ပတ်သက်ပြီး ဒေါက်တာခင်မောင်လွင် (FAME) နှင့်တွေ့ဆုံမေးမြန်းမှုကို ဖော်ပြလိုက်ပါသည်။

မေး ။ ။ အော်ဂဲနစ် အစားအစာဆိုတာဘယ်လိုအမျိုးအစားလဲ ရှင်းပြပေးစေလိုပါတယ်။

ဖြေ ။ ။ အတိုချုံးပြောရရင် ဓာတုလွတ်စိုက်ပျိုးနည်းနဲ့ စိုက်ပျိုးထွက်ရှိလာတဲ့ အသီးအရွက်အစားအစာတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့အခါ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးတွေစတဲ့ ဓာတုရုပ်ကြွင်းတွေမပါသလောက် လျော့နည်းရမှာဖြစ်သလို အသီးအနှံမျိုးစေ့တွေကိုလည်း မျိုးဗီဇပြုပြင်ထားခြင်းမပြုလုပ်ရပါဘူး။ ဒါ့အပြင် ဓာတုလွတ်စိုက်ပျိုးထွက်ရှိလာတဲ့ ဟင်းသီးဟင်းရွက်အသီးအနှံတွေဖြစ်ပေမယ့် အမြန်မှည့်အောင် ဓာတုဆေးရည်စိမ်တာတွေ၊ ပိုးမွှားကင်းအောင် ဓာတ်ရောင်ခြည်ပေးတာတွေလည်း မပြုလုပ်ရပါဘူး။ ကြာရှည်ခံဆေးတွေလည်း အသုံးမပြုရပါဘူး။ သဘာဝအရောင် အဆင်း၊ အနံ့အရသာအတိုင်းရှိတဲ့ ဟင်းသီးဟင်းရွက် အစားအစာတွေကို အော်ဂဲနစ်အစားအစာတွေလို့ ပြောရမှာဖြစ်ပါတယ်။

မေး ။ ။ စားသုံးသူတွေအနေနဲ့ အော်ဂဲနစ်အစားအစာဟုတ် မဟုတ် ဘယ်လိုသိနိုင်မလဲ ပြောပြပေးပါဦး။

ဖြေ ။ ။ ဒါက အရေးကြီးပါတယ်။ စားသုံးတဲ့ ပြည်သူတွေအတွက် အော်ဂဲနစ်အစားအစာဖြစ် မဖြစ်ဆိုတာ ခွဲခြားဖို့အတွက်ကတော့ စားသုံးကုန်တွေမှာ အော်ဂဲနစ်ဖြစ်ကြောင်း ရေးသားဖော်ပြထားတာတွေရှိတယ်။ မြန်မာနိုင်ငံမှာလည်း အော်ဂဲနစ်အစုအဖွဲ့က ထုတ်ပေးထားတဲ့ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးထားတာတွေရှိပါတယ်။ အိမ်နီးချင်းထိုင်းနိုင်ငံမှာလည်းရှိပါတယ်။ ကမ္ဘာပေါ်မှာ အော်ဂဲနစ်နဲ့ပတ်သက်ပြီး အဆင့်အမြင့်ဆုံးအဖွဲ့အစည်းနှစ်ခုအဖြစ် ဂျာမနီအခြေစိုက် IFOAM အဖွဲ့အစည်းနဲ့ အမေရိကန်အခြေစိုက် USDA အဖွဲ့အစည်းတွေရှိပါတယ်။ သူတို့တွေက အသိအမှတ်ပြုလက်မှတ်ထုတ်ပေးသလို အဲဒီအသိအမှတ်ပြုမရှိဘဲတစ်ပိုင်တစ်နိုင်စိုက်ပျိုးထုတ်လုပ်သူတွေကလည်း အော်ဂဲနစ်အစားအစာဖြစ်ကြောင်း ရိုးသားစွာဖော်ပြရောင်းချတာရှိပါတယ်။ လိမ်ညာတာတွေလည်း ရှိနိုင်ပေမယ့် နောက်ဆုံးအနေနဲ့ သီးနှံရဲ့ပုံပန်းသဏ္ဌာန်၊ အရောင်အဆင်း၊ အရွယ်အစားတွေကိုကြည့်ပြီးခွဲရမှာပါ။ အော်ဂဲနစ်သီးနှံတွေဟာ အရွယ်အစားသေးငယ်ပြီး သဘာဝအတိုင်း မှည့်ရင်လည်းအဝါရောင် ကွက်တိကွက်ကြား ဖြစ်နေပါတယ်။ ဆေးရည်စိမ်ထားတဲ့ သစ်သီးမှည့်တွေက တစ်ပြေးညီအဝါရောင်ဖြစ်နေတာပါ။

မေး ။ ။ မြန်မာနိုင်ငံမှာ အော်ဂဲနစ်စိုက်ပျိုးထုတ်လုပ်မှုတွေရှိနေပြီလား။ သူတို့ကိုရော ဘယ်အဖွဲ့အစည်းက စစ်ဆေးအတည်ပြုလက်မှတ်ထုတ်ပေးလဲဆိုတာ သိလိုပါတယ်။

ဖြေ ။ ။ မြန်မာနိုင်ငံမှာ အော်ဂဲနစ်စိုက်ပျိုးထုတ်လုပ်မှုတွေ တဖြည်းဖြည်းတိုးတက်လာနေပြီဖြစ်ပါတယ်။ အော်ဂဲနစ်သီးနှံတွေကို ရွေးချယ်စားသုံးတဲ့ လူတန်းစားလည်း ရှိနေပါပြီ။ မြန်မာနိုင်ငံ အော်ဂဲနစ်အစုအဖွဲ့ကို ၂၀၀၆ ခုနှစ်က စတင်ဖွဲ့စည်းထားပြီးဖြစ်လို့ အဲဒီအဖွဲ့က ကွင်းဆင်းစစ်ဆေးပြီး အော်ဂဲနစ်ထောက်ခံချက်လက်မှတ်ထုတ်ပေးထားတဲ့ အဖွဲ့အစည်းလေးခု၊ အော်ဂဲနစ်ထောက်ခံချက်လက်မှတ်ရရှိထားတဲ့ စိုက်ပျိုးခြံပေါင်း ၁၄ ခု၊ အော်ဂဲနစ်ထောက်ခံချက်လက်မှတ်ရရှိထားပြီး စိုက်ပျိုးနေသူ ၁၆ ဦးတို့ရဲ့ ခြံတွေလည်းရှိနေပြီဖြစ်ပါတယ်။ အဲဒါတွေက ရန်ကုန်၊ ညောင်ရွှေ၊ နေပြည်တော်၊ စစ်ကိုင်း၊ ပြင်ဦးလွင်၊ မွန်ပြည်နယ်၊ ကျောက်တစ်လုံး၊ မိတ္ထီလာ၊ ဘိုကလေး၊ လပွတ္တာ၊ မင်းလှ၊ လက်ပံတန်း၊ ပုသိမ်ကြီးစတဲ့နေရာအနှံ့အပြားမှာ ခြံတွေစိုက်ပျိုးနေကြတာဖြစ်ပါတယ်။

မေး ။ ။ ဓာတုဆေး၊ ပိုးသတ်ဆေးတွေ အသုံးပြုထားတဲ့ ဟင်းသီးဟင်းရွက်တွေ စားသုံးပြီး ပိုးသတ်ဆေးတွေ ခန္ဓာကိုယ်ထဲ ဝင်ရင် ဘယ်လိုရောဂါမျိုးခံစားနိုင်လဲ ဒေါက်တာ။

ဖြေ ။ ။ အကြိမ်ကြိမ်ရေဆေးပြီး စားသုံးရပါလိမ့်မယ်။ ပိုးသတ်ဆေးကြောင့် မျက်စိနဲ့ပတ်သက်တဲ့ရောဂါ၊ အရေပြားနဲ့ ပတ်သက်တဲ့ရောဂါ၊ အူနဲ့ အစာလမ်းကြောင်းရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ နှလုံးသွေးကြောဆိုင်ရာ လက္ခဏာဖြစ်တဲ့ နှလုံးခုန်မမှန်တာ၊ ရင်တုန်မောပန်းတာတွေနဲ့ ဦးနှောက်နဲ့ အာရုံကြောဆိုင်ရာ ရောဂါလက္ခဏာတွေ ဖြစ်လာနိုင်ပါတယ်။ ခေါင်းကိုက်၊ ခေါင်းမူးတာ၊ စိတ်ဓာတ်ကျဆင်းတာ၊ မှတ်ဉာဏ်ထိခိုက်မှုနဲ့ ကြွက်သားတွေအားပျော့တာတွေဖြစ်နိုင်ပါတယ်၊ ဒါ့အပြင် ကင်ဆာရောဂါတွေလည်းဖြစ်ပွားနိုင်ပြီး မျိုးပွားအင်္ဂါထိခိုက်ကာ သားသမီးမရနိုင်တာတွေပါ ဖြစ်ပွားနိုင်ပါတယ်။

မေး ။ ။ ကမ္ဘာမှာ အော်ဂဲနစ် စိုက်ပျိုးရေးကို ဘယ်အချိန်ကတည်းက စတင်ခဲ့တာရယ်၊ မြန်မာနိုင်ငံမှာ အော်ဂဲနစ်အစားအစာတွေ စိုက်ပျိုးစားသုံးသင့်တယ်ဆိုတာ အကြံပြုပြောပေးပါဦး။

ဖြေ ။ ။ ကမ္ဘာပေါ်မှာ အော်ဂဲနစ် စိုက်ပျိုးမှုစနစ်ကိုကြည့်ရင် လူ့သမိုင်းမှာ စိုက်ပျိုးရေးကို စတင်ခဲ့တဲ့အချိန်ကစပြီး ၁၈ ရာစု အစပိုင်းအထိ အော်ဂဲနစ် သို့မဟုတ် သဘာဝအတိုင်းစိုက်ပျိုးခဲ့ကြတာပါ။ ၁၈ ရာစုအစပိုင်းမှာ ဓာတ်မြေဩဇာသုံးစွဲမှုတွေ စတင်ခဲ့ပြီး စိုက်ပျိုးမှု အချိန်တို၊ အထွက်တိုးမှုတွေကြောင့် တောင်သူတွေ သုံးစွဲမှုတိုးမြင့်လာခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်အင်္ဂလန်နိုင်ငံသား ရုက္ခဗေဒပညာရှင် ဆာအဲလ်ဘတ်ဟိုးဝပ်က ၁၈၉၈ ခုနှစ်မှာ အော်ဂဲနစ်စိုက်ပျိုးမှုစနစ်ကို လေ့လာသုတေသနပြုခဲ့ပြီး နောက်ပိုင်း အကောင်အထည်ဖော် လုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာလည်း စားသုံးသူတွေ ကျန်းမာဖို့ရော၊ အပင်တွေ ကျန်းမာဖို့အပြင် ကမ္ဘာမြေကြီးထိခိုက်ပျက်စီးမှုမရှိအောင်နဲ့ သဘာဝပတ်ဝန်းကျင်တိရစ္ဆာန်တွေ ထိခိုက်ဆုံးရှုံးမှုမရှိအောင် အော်ဂဲနစ်စိုက်ပျိုးမှုနဲ့ အော်ဂဲနစ်သီးနှံတွေ စားသုံးမှုကို အလေးထားပြုလုပ်သင့်ပါတယ်ဟု ဒေါက်တာခင်မောင်လွင် (FAME) က ဖြေကြားခဲ့သည်။ **(မြန်မာ့အလင်း)**

ပြည်တွင်းသတင်း

မိသားစုများနှင့် ပြန်လည်ပေါင်းစည်းနိုင်တော့မည့် မြန်မာရေလုပ်သားများ

အမေး၊ အရေး-ကျော်သူထက်
ဓာတ်ပုံ-ဖိုးကျော်

အိန္ဒိယ-မြန်မာ နှစ်နိုင်ငံရေပိုင်နက်အနီး လေမုန်တိုင်းမိခြင်း၊ စက်လှေပျက်ခြင်း၊ ရေပိုင်နက်မှားယွင်း၍ တရားမဝင် ဝင်ရောက်မိခြင်း စသည့်အကြောင်းအမျိုးမျိုးကြောင့် အိန္ဒိယအစိုးရက ထိန်းသိမ်းထားသည့် မြန်မာရေလုပ်သား ၄၀၀ နီးပါးခန့်ကို နှစ်နိုင်ငံညှိနှိုင်းမှုဖြင့် အမိမြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူသွားမည်ဖြစ်သည်။

ဦးကျော်သူ

ဦးအောင်ခိုင်

နယူးဒေလီရှိ မြန်မာသံရုံးမှ တာဝန်ရှိသူများ၏ ကြိုးပမ်းအားထုတ်မှု၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ကျန်းမာရေး၊ ပြည်ထဲရေး၊ လူဝင်မှုကြီးကြပ်ရေး၊ ပို့ဆောင်ရေး စသည့်ဝန်ကြီးဌာနများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဇန်နဝါရီ ၁၇ ရက်တွင် ရေလုပ်သား ၁၅၀ အား အိန္ဒိယနိုင်ငံ ပို့ဘလဲယားမြို့မှ မြန်မာနိုင်ငံသို့ ခေါ်ယူနိုင်ခဲ့ပြီး မိသားစုများနှင့် ပြန်လည်ပေါင်းစည်းပေးနိုင်ခဲ့ပြီဖြစ်သည်။ ကျန်ရှိနေသေးသည့် ရေလုပ်သားများကို ဆက်လက်ခေါ်ယူရန် ကြိုးစားအားထုတ်လျက်ရှိသည်။

ယခင်က အိန္ဒိယနိုင်ငံ ရေပိုင်နက်အတွင်းသို့ ရောက်ရှိသွားသော မြန်မာရေလုပ်သားများကို အိန္ဒိယ ကမ်းခြေစောင့် သင်္ဘောများဖြင့် ခေါ်ယူခဲ့ရသဖြင့် မိသားစုများ ဆုံစည်းခွင့်ကို ရက်ကာလကြာရှည်စွာစောင့်ဆိုင်းခဲ့ကြရာမှ ယခုအစိုးရသစ်လက်ထက်တွင် စင်းလုံးငှားလေယာဉ်များဖြင့် ခေါ်ယူပေးခဲ့သဖြင့် ရေမျောလုပ်သားများသည် မိသားစုများနှင့် အချိန်တိုအတွင်း ပြန်လည်ဆုံစည်းခွင့် ရရှိနေကြပြီဖြစ်သည်။

ထိုသို့ ပြန်လည်ခေါ်ယူရာတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် တာဝန်ရှိသူများ၏ ဆောင်ရွက်ချက်များနှင့် ရေမျောလုပ်သားများ၏ စကားသံများကို ပြန်လည်ဖော်ပြလိုက်ပါသည်-

ဦးကျော်သူ
(ကာလကတ္တားကောင်စစ်ဝန်ချုပ်ရုံး၊ ကောင်စစ်ဝန်)

အရင်ဆုံး အလုပ်သမားတွေရဲ့ အချက်အလက်တွေ ကောက်ယူပါတယ်။ အိန္ဒိယက တာဝန်ရှိသူတွေနဲ့ညှိနှိုင်းပြီး ရေလုပ်သားတွေ ပြန်ဖို့ကိစ္စတွေကို ကြိုတင်ပြီးတော့ ဆောင်ရွက်ရပါတယ်။ Camp ထဲမှာ ရှိသမျှ ဒုက္ခရောက်နေတဲ့ ရေလုပ်သားတွေ မြန်မာနိုင်ငံကို ပြန်ဖို့ အလေးထား ဆောင်ရွက်ပါတယ်။ ဇန်နဝါရီ ၁၇ ရက်မှာ ၁၅၀၊ ဇန်နဝါရီ ၁၈ ရက်မှာ ၁၅၀ ပြန်ပို့ဖို့ စီစဉ်ထားပါတယ်။ ဇန်နဝါရီ ၁၉ ရက်မှာလည်း ပြန်ပို့နိုင်ဖို့ဆောင်ရွက်နေပါတယ်။ အခုအချိန်အထိ ရှိနေတာက ၉၀ ကျော်ရှိပါတယ်၊ မြန်မာနိုင်ငံသား မှန်ကန်ကြောင်း ကိုယ်တိုင်ကြည့် စစ်ဆေးထားပြီးဖြစ်ပါတယ်။ လူဝင်မှုကြီးကြပ်ရေးဌာန၊ ကယ်ဆယ်ရေးဌာန၊ နိုင်ငံခြားရေးဌာနနဲ့ မြန်မာသံရုံးတွေပူးပေါင်းပြီး ဆောင်ရွက်ခဲ့ပါတယ်။

ဒီမှာရှိနေတဲ့ ရေလုပ်သားတွေကို ဖြစ်နိုင်သမျှ အကုန်ပြန်ကယ်ချင်ပါတယ်။ နယူးဒေလီမှာရှိတဲ့ သံရုံးရယ်၊ ကာလကတ္တားမှာရှိတဲ့ ကောင်စစ်ဝန်ရုံးချုပ်ရယ် ပေါင်းပြီးတော့ ဒီမှာရှိတဲ့လူတွေရဲ့ အခြေခံအချက်တွေ ပြည့်စုံအောင်လုပ်ထားပါတယ်။ ကျန်နေတဲ့ အကျဉ်းကျခံနေရတဲ့ လူတွေရဲ့ အချက်အလက်တွေကို စုဆောင်းနေပါတယ်။ သူတို့လွတ်လာတာနဲ့ ပြန်ခေါ်လို့ရအောင် ဆောင်ရွက်နေပါတယ်။ အိန္ဒိယနဲ့ မြန်မာနိုင်ငံရဲ့ ရေနယ်နိမိတ်က အလွန်ကပ်နေပါတယ်။ ကျွန်တော်တို့ ရေလုပ်သားတွေရဲ့ လှေတွေမှာ ခေတ်မီကိရိယာတွေ မရှိပါဘူး။ ကိုယ့်လှေလေးနဲ့ကိုယ် ဖမ်းကြတဲ့အခါကျတော့ နယ်ကျော်သွားမှန်း မသိပါဘူး။ ဒါကဖြစ်နေကျပါ။ တစ်ခါတလေ မုန်တိုင်းဒဏ်ကျလို့ လွင့်လာတာလည်း ရှိပါတယ်။ အရင်တစ်ခေါက်၊ နှစ်ခေါက်ရောက်တဲ့သူတွေတောင်ရှိပါတယ်။ အခုနောက်ပိုင်း အဲလိုရောက်တဲ့သူတွေ နည်းသွားပါပြီ။ ၂၀၁၄ ခုနှစ်မှာဆိုရင် ဖမ်းမိတဲ့လူဦးရေဟာ

ဦးစောညာဦး

ဦးဂျပန်ကြီး

ကိုစိုးသူရ

ဦးဆန်းဦး

ဆယ်ဂဏန်းလောက်ပဲ ရှိပါတော့တယ်။ နောက်ထပ်လည်း မြန်မာနိုင်ငံသားတွေကို အခုလိုကယ်ပြီးတော့ သူတို့ရဲ့ မွေးရပ်တွေကို ပြန်ပို့ပေးဖို့ အစီအစဉ်တွေရှိပါတယ်။ တချို့ဆိုရင် အသက်တော်တော်ကြီးတဲ့ သူတွေတောင်ပါပါတယ်။ ကိုယ့်နိုင်ငံသားတွေကို မွေးရပ်မြေကို ပြန်ပို့ပေးနိုင်တဲ့အတွက် ဝမ်းသာရပါတယ်။

ဦးအောင်ခိုင်
(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန)

ကျွန်တော်သွားပြီး ခေါ်ယူခဲ့တာ လေးခေါက်ရှိသွားပါပြီ။ အရင်အခေါက်တွေက လေယာဉ်ဖြတ်သန်းပျံသန်းခွင့်၊ ဆင်းသက်ခွင့်ရအောင် အိန္ဒိယအစိုးရနဲ့ အချိန်ယူပြီး ဆောင်ရွက်ရတာတွေ ရှိပါတယ်။ ဒီနှစ်မှာတော့ နိုင်ငံခြားရေး၊ ပို့ဆောင်ရေး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး၊ လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေး၊ ပြည်ထဲရေး စတဲ့ဝန်ကြီးဌာနတွေ အားလုံးပူးပေါင်းပြီး ဆောင်ရွက်ခဲ့လို့ အခက်အခဲမရှိခဲ့ပါဘူး။ အခုပြန်ခေါ်မယ့် ရေလုပ်သားဦးရေထဲမှာ ဧရာဝတီတိုင်းဒေသကြီးက အများဆုံးပါ၊ ပြီးတော့ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနဲ့ ရန်ကုန်တိုင်းဒေသကြီးက လူတွေ ပါပါတယ်။ စာရင်းအရတော့ နောက်ဆုံးအခြေအနေအရ ၃၉၆ ဦးရှိပါတယ်။ သုံးခေါက်ခွဲပြီး မြန်မာနိုင်ငံကို ပြန်ခေါ်သွားဖို့ရှိပါတယ်။

အခု အစိုးရသစ်လက်ထက်မတိုင်ခင်က ရေမျောတွေကို အိန္ဒိယနိုင်ငံရဲ့ ကမ်းခြေစောင့် သင်္ဘောတွေနဲ့ ပြန်ပို့တာရှိပါတယ်။ ကမ်းခြေစောင့် သင်္ဘောတွေကလည်း အလုပ်အားတဲ့အချိန်နဲ့ ရာသီဥတုကောင်းတဲ့ အချိန်ကျမှ ပို့ပေးနိုင်တဲ့ အနေအထားရှိတဲ့အတွက် ရေလုပ်သားတွေဟာ Camp တွေမှာ လနဲ့ချီပြီး နေရပါတယ်။ မိသားစုနဲ့ ပြန်တွေ့ဖို့အတွက် အချိန်တွေပေးပြီးစောင့်ရတာပေါ့။ အခု အစိုးရလက်ထက်မှာတော့ ပြည်သူ့ဗဟိုပြု အစိုးရဖြစ်တာနဲ့အညီ မြန်မာနိုင်ငံသားတွေ တခြားနိုင်ငံမှာ ဒုက္ခမရောက်အောင်၊ အမြန်ဆုံး ပြန်ခေါ်ဖို့လိုတဲ့အတွက် အမြန်ဆုံးခေါ်နိုင်အောင် ဆောင်ရွက်ခဲ့ပါတယ်။ အခု လေယာဉ်နဲ့ သွားခေါ်တဲ့အခါကျတော့ လွတ်တာနဲ့ သွားခေါ်လို့ရပါတယ်။

ရေမျော လုပ်သားတွေဟာ အိန္ဒိယရေပိုင်နက်ထဲ ရောက်သွားလို့ရှိရင် သူတို့ရဲ့ဥပဒေနဲ့ ဖမ်းပြီး အရေးယူတာရှိပါတယ်။ မြန်မာရေပိုင်နက်ကနေ အိန္ဒိယရေပိုင်နက်ကို မှားပြီးရောက်သွားတာရှိတယ်။ တချို့ကျတော့လည်း မုန်တိုင်းမိပြီး ရောက်သွားတယ်။ တချို့ကျတော့လည်း ပင်လယ်မျှော့ဖမ်းရင်း ရေပိုင်နက်ကျော်မိတဲ့ အနေအထားတွေရှိပါတယ်။ အဲ့ဒီလိုမျိုးရောက်သွားတဲ့သူတွေကို အိန္ဒိယက သူတို့ဥပဒေနဲ့အရေးယူတယ်။ အရေးယူပြီးသွားရင် Camp တွေမှာထားတယ်။ အဲ့ဒီ Camp တွေမှာ ရောက်လာတဲ့သူတွေကို ကျွန်တော်တို့က နိုင်ငံသား မှန်၊ မမှန် စစ်ဆေးပါတယ်။ စစ်ဆေးပြီး မှန်ကန်တော့မှ မြန်မာနိုင်ငံကို ပြန်လည်ခေါ်ယူပြီး မိသားစုတွေနဲ့ ဆုံစည်းပေးပါတယ်။

ဦးစောညာဦး (ပြင်စလူ၊ ဧရာဝတီတိုင်းဒေသကြီး)
ရေမျောလုပ်သား

ကျွန်တော်က ငါးဖမ်းရင်းနဲ့ ရေပိုင်နက်မှားပြီး ဝင်မိသွားလို့ အခုလို အဖမ်းခံရတာပါ။ နိုင်ငံတော်ကနေ အခုလိုလာခေါ်တဲ့အတွက်ကြောင့်မို့လို့ မြန်မြန်ဆန်ဆန်ကြီး ပြန်ရတော့ပျော်ပါတယ်။ မိသားစုတွေနဲ့ ပြန်တွေ့ရတော့မှာဖြစ်တဲ့အတွက် ဝမ်းသာနေပါတယ်။ ရေလုပ်သားမလုပ်ခင် လယ်လုပ်ခဲ့ပါတယ်။ ငါးဖမ်း စလိုက်လိုက်ချင်းမှာပဲ အခုလို ဖြစ်သွားတာပါ။ နောက်ထပ်သွားဖို့တော့ အစီအစဉ် မရှိတော့ပါဘူး။ သွားမယ်ဆိုလည်း ရေလုပ်သားဖြစ်တဲ့အကြောင်း တရားဝင် အထောက်အထားတွေရှိဖို့လိုတယ်။ တိုင်းတာရေး စက်ကောင်းကောင်းတွေ စက်လှေမှာ တပ်ပြီးသွားဖို့ ပြောချင်ပါတယ်။

ဦးဂျပန်ကြီး (ဟိုင်းကြီးကျွန်း၊ ဧရာဝတီတိုင်းဒေသကြီး)
ရေမျောလုပ်သား

ကျွန်တော့်အသက်က ၆၆ နှစ်ရှိပါပြီ၊ ၂၀၁၁ ခုနှစ်လောက်က ပင်လယ်ထဲမှာ ငါးဖမ်းရင်း မုန်တိုင်းမိလို့ မျောလာရင်း ဒီကိုရောက်လာတာပါ။ ဒီရောက်တော့ အပြစ်ပေးခံရပါတယ်။ သုံးနှစ်ကျော်လောက်ကျပါတယ်။ မိသားစုတွေနဲ့ ခွဲနေရတာလည်းကြာပါပြီ။ အခုလို ပြန်ဆုံရတော့မယ်ဆိုတော့ ဝမ်းသာရပါတယ်။ ကျွန်တော်တို့ကို အခုလို ပစ်မထားဘဲ အလေးထားပြီး လာခေါ်ပေးတဲ့အတွက် နိုင်ငံတော်နဲ့ တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။

ကိုစိုးသူရ (ဟိုင်းကြီးကျွန်း၊ ဧရာဝတီတိုင်းဒေသကြီး)

၂၀၁၁ လောက်က မျောပြီး ရောက်လာခဲ့တာပါ။ အိန္ဒိယမှာ လေးနှစ်နီးပါးလောက် ကြာသွားပါတယ်။ သူများနိုင်ငံမှာ ဒုက္ခတော်တော်ခံစားရပါတယ်။ အစား၊ အသောက်၊ အနေအထိုင်ကအစ ဒုက္ခခံရပါတယ်။ ကျွန်တော့်လိုပဲ ပြစ်ဒဏ်ခံပြီး အပြင်ရောက်နေတဲ့ သူတွေကို ဆက်လက်ခေါ်ယူမယ်လို့ ကြားရတဲ့အတွက်လည်း ဝမ်းသာရပါတယ်။ ကျွန်တော်တို့ကို အခုလို လာရောက်ခေါ်ယူပေးကြတဲ့သူတွေကို ကျေးဇူးတင်ပါတယ်။ မြန်မာသံမှူးတွေ၊ ကောင်စစ်ဝန်တွေက နေ့ဘက်မနား၊ ညဘက်မနား အကုန်စုံစမ်းပြီးတော့ ပြန်ဖို့အတွက် ဆောင်ရွက်ပေးပါတယ်။ ကျန်းမာရေး၊ နေထိုင်ရေးကအစ အကူအညီတွေပေးပါတယ်။ ဘဝတူ ရေလုပ်သားတွေကို ပြောချင်တာက မြန်မာ အိန္ဒိယနယ်စပ်ကို ငါးဖမ်းမထွက်စေချင်ပါဘူး။ ရေပြင်ဆိုတာ မျဉ်းမရှိပါဘူး။ မျဉ်းမရှိတော့ ဘယ်နားမှာ ကျော်သွားတယ်ဆိုတာ မသိရပါဘူး။ ကိုယ့်ရဲ့ အတွေ့အကြုံနဲ့ သိသင့်သလောက်ပဲ မကျော်အောင်ဘဲ လုပ်ကြရပါတယ်။ ဒါမျိုး အဖမ်းခံရတာ မကောင်းပါဘူး။ မိသားစုနဲ့ ဝေးကွာတဲ့ဒဏ်၊ ဖိနှိပ်တဲ့ဒဏ်ကိုလည်း ခံစားရပါတယ်။ ဒီအလုပ်ကို ဒီလိုမျိုး နယ်စပ်မှာ လုပ်မယ်ဆိုလို့ရှိရင် ပိုင်နက်ကို တိတိကျကျ သိနိုင်တဲ့ စက်ကိရိယာတွေနဲ့ ဆောင်ရွက်စေချင်ပါတယ်။

ဦးဆန်းဦး (မကျဉ်းငူရွာ၊ ဂွမြို့နယ်၊ ရခိုင်ပြည်နယ်)

ငါးရှာထွက်ရင်း အခုလိုဖြစ်တာပါ။ မြန်မာရေပိုင်နက်က ကိုကိုးကြီး၊ ကိုကိုးလေးကျွန်းတွေရှိပါတယ်။ အဲ့ဒီကျွန်းအပြင်ဘက် နည်းနည်းလေး အိန္ဒိဘက်ကို ဝင်တာနဲ့ လိုက်ဖမ်းတော့တာဘဲ။ ပိုင်နက်ကျူးလွန်မှုနဲ့ငါးဖမ်းမှုဆိုပြီး လေးနှစ်လောက်ကြာခဲ့ပါတယ်။ မြန်မာနိုင်ငံက သံအမတ်ကြီးနဲ့ ကောင်စစ်ဝန်တွေက ကျွန်တော်တို့ကို လေယာဉ်ပေါ်ရောက်ခါနီးအထိ ကူညီစောင့်ရှောက်ပေးခဲ့ပါတယ်။ သားသမီးနှစ်ယောက်ရှိပါတယ်။ အခုလို မိသားစုနဲ့ ပြန်တွေ့ရတော့မယ်ဆိုတော့ ပြန်ခေါ်ပေးတဲ့နိုင်ငံတော်မှ တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။ ကျန်တဲ့ရေလုပ်သားတွေကိုလည်း ကျွန်တော်တို့လိုမဖြစ်အောင် သတင်းပေးချင်ပါတယ်။ သူများရေပိုင်နက်ကို မကျော်ဖို့အတွက်လည်း သတိပေးချင်ပါတယ်။ ကျော်တာနဲ့ ဖမ်းဖို့အဆင်သင့်ရှိနေပါတယ်။ ။

ကုန်သွယ်မှုဆိုင်ရာ မူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ်နှင့် ဆက်စပ်၍ ပြန်လည်သုံးသပ်ခြင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၁၇

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သည်ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ရုံးချုပ်တွင် ၂၀၁၄ ခုနှစ် မတ်လ ၁၁ ရက်မှ ၂၀၁၄ ခုနှစ်မတ်လ ၁၃ ရက်အထိ ကျင်းပခဲ့သည့် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုဆိုင်ရာ မူဝါဒဆန်းစစ်ခြင်း (Trade Policy Review) လုပ်ငန်းစဉ်နှင့်ပတ်သက်သော အပြီးသတ်ဆွေးနွေးပွဲသို့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများ၏ ရှေ့မှောက်၌ အောင်မြင်စွာ တက်ရောက်ဆွေးနွေးနိုင်ခဲ့ခြင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် မြန်မာနိုင်ငံအတွက် ပထမအကြိမ် ကုန်သွယ်မှုဆိုင်ရာ မူဝါဒဆန်းစစ်ခြင်း လုပ်ငန်းစဉ်ကြီးကို ဆောင်ရွက်နိုင်ခဲ့သည်။

ယင်းလုပ်ငန်းစဉ်ကို ၂၀၁၂ ခုနှစ် မေလမှစ၍တာဝန်ခံဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ကုန်သွယ်မှုနှင့် ဆက်စပ်နေသော ဝန်ကြီးဌာန ၂၂ ခု လက်အောက်ရှိ ဌာနအဖွဲ့အစည်းပေါင်း ၉၄ ခုတို့ဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ၂၀၁၄ ခုနှစ်မတ်လတွင် ဂျီနီဗာမြို့၌ အစည်းအဝေးပြုလုပ် ရှင်းလင်းတင်ပြခြင်းကို အပြီးသတ်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရသည်။

Trade Policy Review လုပ်ငန်းစဉ်သည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ပင်မလုပ်ငန်းစဉ် တစ်ရပ်အနေဖြင့် အဖွဲ့ဝင်နိုင်ငံများက မဖြစ်မနေ ပါဝင်လုပ်ဆောင်ရခြင်းဖြစ်ပြီး ၎င်း၏ အဓိကရည်ရွယ်ချက်မှာ အဖွဲ့ဝင်နိုင်ငံများက ချမှတ်ကျင့်သုံးလျက်ရှိသည့် ကုန်သွယ်မှုနှင့် ဆက်စပ်နေသော (စီးပွားရေး၊ ဘဏ္ဍာရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးမွေးမြူရေး၊ ကုန်ထုတ်လုပ်မှုစသည်ဖြင့်) မူဝါဒများ၊ ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို တစုတစည်းတည်း ရေးသားပြုစုတင်ပြကာ အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုဆိုင်ရာ ပွင့်လင်းမြင်သာရှိမှုကို ပြသနိုင်ရန်ဖြစ်သည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ မဖွဲ့စည်းမီ ၎င်းအဖွဲ့ကြီး၏ ရှေ့ပြေးစာချုပ်ဖြစ်သော General Agreements on Tariffs and Trade (GATT) တွင် ကမ္ဘာ့နိုင်ငံပေါင်း ၂၃ နှင့်အတူ ၁၉၄၇ ဧပြီလတွင် ပါဝင်လက်မှတ်ရေးထိုးခဲ့သည့် နိုင်ငံဖြစ်ရာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အဖြစ် စတင်ကူးပြောင်းဖွဲ့စည်းသည့် ၁၉၉၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှစတင်၍ ကမ္ဘာ့ ကုန်သွယ်ရေးအဖွဲ့တွင် အလိုအလျောက်အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့သည်။ သို့ရာတွင် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် လက်ရှိအစိုးရသစ်လက်ထက်မှသာ မြန်မာနိုင်ငံ၏ပထမအကြိမ် Trade Policy Review ပြုလုပ်ခြင်းလုပ်ငန်းစဉ်ကိုစတင်နိုင်ခဲ့ခြင်းဖြစ်ရာ မြန်မာနိုင်ငံ၏ ကုန်သွယ်မှုသမိုင်းတွင် သမိုင်းမှတ်တိုင်သစ်တစ်ရပ်ကို စိုက်ထူနိုင်ခဲ့ခြင်းဖြစ်သည်။

ထိုကဲ့သို့ အရေးပါသော လုပ်ငန်းစဉ်နှင့် ဆက်စပ်အချက်အလက်များကို မှန်ကန်စွာသိရှိနားလည်ပြန်လည်မျှဝေနိုင်စေရန်နှင့် ၎င်းလုပ်ငန်းစဉ်ပြီးဆုံးပြီးနောက် လက်ရှိဖြစ်ပေါ်တိုးတက်ပြောင်းလဲနေမှုများနှင့် ချိန်ဆက်ပေါင်းစပ်၍ ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ၂၀-၁-၂၀၁၅ ရက်မှ ၂၁-၁-၂၀၁၅ ရက်တွင် နေပြည်တော်ရှိ လိခ်ဂါးဒင်းဟိုတယ်တွင်လည်းကောင်း၊ ၂၃-၁-၂၀၁၅ ရက်တွင် ရန်ကုန်မြို့ရှိကန်တော်ကြီးပဲလေ့စ်ဟိုတယ်တွင်လည်းကောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဦးဆောင်ကာ အီးယူ၏ပံ့ပိုးကူညီမှုဖြင့် ကျင်းပသွားမည်ဟု သိရှိရသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အစိုးရဌာနများ၊ ကမ္ဘာ့ကုန်သွယ်ရေးရုံးချုပ်မှ တာဝန်ရှိသူများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ ပြည်ထောင်စုမြန်မာနိုင်ငံစက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်အပါအဝင် ပုဂ္ဂလိကအသင်းအဖွဲ့အစည်းများ၊ ကုမ္ပဏီများနှင့် သတင်းမီဒီယာများအား သတ်မှတ်ရက်များအလိုက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် အီးယူတို့မှပူးပေါင်းကာကြိုတင်ဖိတ်ကြားထားပြီဖြစ်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့်ပတ်သက်၍လည်း ဆက်လက်သတင်းထုတ်ပြန်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

ပြည်တွင်းသတင်းနှင့်ဖော်ပြာ

❍ *ကျောဖုံးမှ*

ကလပ်အသင်းများနှင့် ညှိနှိုင်းလျက်ရှိသည်။ ထို့ပြင် ဖေဖော်ဝါရီလအတွင်း၌ မန္တလေးမြို့တွင် ဖိတ်ခေါ်ပြိုင်ပွဲတစ်ခု ကျင်းပရန် စီစဉ်လျက်ရှိသည်။ ယင်းပြိုင်ပွဲကို ဖီဂျီယူ-၂၀ အသင်း၊ ဥဇဘက်ကစ္စတန်ယူ-၂၀ အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်ပြီး ဥရောပထိပ်သီးအသင်းများဖြစ်သည့် ဆားဘီးယား၊ ပေါ်တူဂီ၊ ယူကရိန်း၊ ဟန်ဂေရီတို့အပြင် ဩစတြေးလျ ယူ-၂၀ အသင်းတို့ကို ဖိတ်ကြားထားသည်။ ဩစတြေးလျအသင်းမှလွဲ၍ ကျန်အသင်းများမှာ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ယှဉ်ပြိုင်ခွင့်ရရှိထားသည့် အသင်းများဖြစ်ပြီး အသင်းလေးသင်းမှ ခြောက်သင်းအထိ ကျင်းပရန်စီစဉ်ထားသည်။

ယင်းပြိုင်ပွဲအပြီးတွင် လေ့ကျင့်မှုများ ဆက်လက်ပြုလုပ်မည်ဖြစ်ပြီး ဧပြီလ တစ်လလုံး အင်္ဂလန်နှင့် ဂျာမနီနိုင်ငံများသို့ တစ်လကြာ သွားရောက်ကာထိပ်သီးအသင်းများနှင့် ခြေစမ်းမည်ဖြစ်သည်။ မေ ၄ ရက်မှ ၁၁ ရက်အထိ ရန်ကုန်မြို့တွင် ဖိတ် ခေါ်ပြိုင်ပွဲတစ်ခု ထပ်မံကျင်းပရန် စီစဉ်ထားပြီး ဩစတြေးလျနိုင်ငံတွင် မေ ၁၄ ရက်မှ ၂၄ ရက်အထိ သွားရောက် လေ့ကျင့်မည်ဖြစ်သည်။ ထို့အပြင် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ အိမ်ရှင်နိုင်ငံဖြစ်သည့် နယူးဇီလန်နိုင်ငံတွင် တစ်ပတ်ကြိုတင်လေ့ကျင့်ရန် စီစဉ်ထားကြောင်း သိရသည်။

မိုးပွင့်အထူးစီမံချက်ရှင်းလင်း

ရန်ကုန် ဇန်နဝါရီ ၁၇

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် အလုံမြို့နယ်ရှိ အမှတ် (၇) အထက်တန်းကျောင်း၌ ဖေဖော်ဝါရီ ၁၇ ရက်က မိုးပွင့်အထူးစီမံချက် ရှင်းလင်းပွဲ အခမ်းအနားကျင်းပရာ ခရိုင်နိုင်ငံသား စိစစ်ရေးကတ်ပြား ထုတ်ပေးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ခရိုင်အထွေထွေအုပ်ချုပ်ရေးဌာနမှူး ဦးသန်းထွန်းဦးက အမှာစကားပြောကြားသည်။

အဆိုပါ ရှင်းလင်းပွဲသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ် နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးရေး ကြီးကြပ်မှုကော်မတီဝင်များ၊ ရပ်ကွက် (၁၅၉) ရပ်ကွက်မှ ရပ်ကွက်နိုင်ငံသားစိစစ်ရေး ကတ်ထုတ်ပေးရေးကြီးကြပ်မှု ကော်မတီဝင်များ၊ တက်ရောက်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

နွားတောင်ဖြိုမည်ဆိုသည့် သတင်းသည် မဟုတ်မမှန်ကြောင်း လွှတ်တော်ကိုယ်စားလှယ်ကပြော

ကလေး ဇန်နဝါရီ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တောင်ဘက် ၄၅ မိုင်ကျော်ဝေးသော မြစ်သာမြစ်အရှေ့ဘက် ကုက္ကိုလ်အုပ်စုရှိ နွားတောင်အား ဘိလပ်မြေ ထုတ်ယူနိုင်ရေးနှင့် ကျောက်မီးသွေး ထုတ်ယူနိုင်ရန် ဖြိုချမည်ဆိုသည့် သတင်းမှာ လုံးဝမဟုတ်မမှန်ကြောင်း ကောလာဟလသတင်းသာဖြစ်ကြောင်းကို လွှတ်တော်အတွေ့အကြုံ ရှင်းလင်းပွဲတွင် ပြည်သူတစ်ဦး၏ မေးမြန်းချက်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသန်းလှိုင်က ဖြေကြားသွားသည်။

နွားတောင်ဒေသတွင် ကျောက်မီးသွေးတူးဖော်ရန်၊ ဘိလပ်မြေစက်ရုံတည်ဆောက်ရန် စသည်ဖြင့် ပြီးခဲ့သည့်နှစ်တွင် အသံအမျိုးမျိုး ထွက်ပေါ်နေပြီးအဆိုပါတောင်ခြေကျေးရွာများရှိ ကျေးရွာသူကျေးရွာသားများအနေဖြင့် နေထိုင်ရာ၊ မှီခိုရာ ဒေသပျောက်ဆုံးသွားမည်ကို အထူးစိုးရိမ်နေကြကြောင်း သိရသည်။

"နွားတောင်ဆိုတာက သမိုင်းရှိတဲ့နေရာပါ။ ဘုရားလောင်း နွားလားဥသဘ တွန်ခဲ့တဲ့နေရာပါ။ ဒါကိုအမှီပြုပြီး နွားကျေးရွာဆိုတဲ့ ရွာရှိပါတယ်။ တကယ်လည်း တန်ခိုးကြီး ဘုရားတွေရှိပါတယ်။ သမိုင်းဝင် ဘုရားတွေလည်းရှိပါတယ်။ ဒါကိုဖြိုမယ်ကြံတဲ့ သူကိုတော့ အမျိုးသားစိတ်ဓာတ်နဲ့ တားဆီးရပါလိမ့်မယ်" ဟု ဒေသခံတို့က ပြောသည်။

"နွားတောင်ဖြိုမည့်ကိစ္စအတွက် ဒေသအစိုးရအဖွဲ့က မည်သည့်သတင်းမှ ထုတ်ပြန်ကြေညာထားခြင်း မတွေ့ရပါဘူး။ နွားတောင်ကိုဖြိုမယ်ဆိုရင် နွားတောင်မှာဘာထွက်မှာလဲလို့ အရင်မေးချင်ပါတယ်။ နွားတောင်မှာ ဘာမှမထွက်ဘဲနဲ့တော့ အချိန်ကုန်ခံပြီး ဖြိုမှာမဟုတ်ပါဘူး" ဟု လွှတ်တော်ကိုယ်စားလှယ်ကဆိုသည်။ **သျှင်နေမင်း**

နိုင်ငံအဝန်း
သစ်တောစွမ်းပြင့်
စိမ်းလန်း
စေရမည်

(၁၉)ကြိမ်မြောက် ဗုဒ္ဓသာသနာတော်လုံးဆိုင်ရာ ရွှေကျင်နိကာယ သံဃာ့အစည်းအဝေးကြီးကျင်းပမည်

(၁၉)ကြိမ်မြောက် ဗုဒ္ဓသာသနာတော်လုံးဆိုင်ရာ ရွှေကျင်နိကာယ သံဃာ့အစည်းအဝေးကြီးကို ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဓမ္မဒူတဇေတဝန်တောရ ဆေကိန္ဒာရာမ ကျောင်းတိုက်ကြီးအတွင်း နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ရွှေကျင်ကာယာဓိပတိဥက္ကဋ္ဌ မဟာနာယက ဓမ္မသေနာပတိ စုဒ္ဒသမရွှေကျင်သာသနာပိုင် ဝိသုဒ္ဓါရုံဝါဆိုဆရာတော်ကြီး အမှူးပြုသော ပြည်တွင်း/ပြည်ပ ရွှေကျင်နိကာယ သံဃာတော်တစ်ထောင် တက်ရောက်လျက် (၁၃၇၆ ခုနှစ် တပို့တွဲလဆန်း ၈၊ ၉၊ ၁၀) ရက်၊ (၂၀၁၅ခုနှစ် ဇန်နဝါရီ ၂၇၊ ၂၈၊ ၂၉)ရက်များတွင် နေ့စဉ်နံနက်ပိုင်း ၈နာရီ တစ်ကြိမ်၊ မွန်းလွဲပိုင်း ၁နာရီ တစ်ကြိမ် ကျင်းပသွားမည်ဖြစ်ပါသည်။

ယင်းအစည်းအဝေးသို့ ကြွရောက်လာမည့်ဆရာတော်များသည် ခရီးစဉ်အဆင်ပြေရန် အရှင်ဉာဏိဿရ ဖုန်း-၀၉-၅၁၂၁၈၉၁၊ အရှင်သီရိကဋ္ဌန ဖုန်း-၀၉-၅၀၆၅၅၉၁၊ ဦးသိန်းထွန်း ဖုန်း-၀၉-၈၆၁၉၉၅၅ တို့သို့ ဆက်သွယ်ကြပါရန် ရိုသေစွာ လျှောက်ထားအပ်ပါသည် ဘုရား။

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပြီးဖြစ်ကြောင်းနှင့် မိဘများနှင့်သက်ဆိုင်မှုမရှိကြောင်း အများသိစေရန် ကြေညာချက်

ဦးခင်မော်-ဒေါ်စိန်စိန်ငွေးတို့၏သမီး မယမင်း(ခ)အိန်ဂျယ်မိုး အသက်(၂၆)နှစ်သည် မိဘညီအစ်ကိုမောင်နှမများအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး မိခင်၏ လက်ဝတ်ရတနာများကိုယူဆောင်၍ အိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်၎င်းနှင့်ပတ်သက်သည့်ကိစ္စများအား မိသားစုနှင့် လုံးဝမသက်ဆိုင်ပါကြောင်းနှင့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးခင်မော်-ဒေါ်စိန်စိန်ငွေး

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

စိုက်ပျိုးရေးကဏ္ဍမြှင့်တင်ခြင်းသည် ဖွံ့ဖြိုးမှု၏သော့ချက်ဖြစ်

ရန်ကုန် ဇန်နဝါရီ ၁၇

မြန်မာနိုင်ငံ၏ စီးပွားရေးဖွဲ့စည်းတည်ဆောက်ပုံပြောင်းလဲမှု စတင်လုပ်ဆောင်ရာတွင် စိုက်ပျိုးရေးလုပ်ငန်းကို သုတေသနနှင့် တီထွင်ဆန်းသစ်မှုများပြုလုပ်ခြင်း၊ တိုးချဲ့မှုများပြုလုပ်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းတို့ကို အောင်မြင်အောင် ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်းနှင့် ကုန်သွယ်ဖက်နိုင်ငံများကြား စိုက်ပျိုးရေးစားသောက်ကုန်ထုတ်လုပ်သည့် ကုန်သွယ်ရေး ဗဟိုချက်မဖြစ်လာမည့် အလားအလာရှိကြောင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ OECD က ထုတ်ပြန်သည့် မြန်မာနိုင်ငံအပေါ် ဘက်ပေါင်းစုံမှ ပြန်လည်သုံးသပ်ချက် အစီရင်ခံစာအတွဲ(၂)၌ ဖော်ပြထားသည်။

ခေတ်မီစီးပွားရေး တည်ဆောက်၍ ဖွဲ့စည်းတည်ဆောက်ပုံ ပြောင်းလဲမှု၌ အောင်မြင်မှုရရှိကြသည့် နိုင်ငံများတွင် စိုက်ပျိုးရေးကဏ္ဍပြောင်းလဲမှုကို ဦးစွာလုပ်ဆောင်ကြောင်း၊ ယင်းပြောင်းလဲမှုသည် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု လျင်မြန်ရေးအတွက် အထောက် အကူဖြစ်စေကြောင်း OECD အဖွဲ့ လက်ထောက် အထွေထွေအတွင်းရေးမှူး Mr. Rintaro Tamaki က ပြောကြားသည်။

စိုက်ပျိုးထုတ်ကုန် အဆင့်မြှင့်တင်လုပ်ဆောင်ခြင်းသည် ပြည်တွင်း စားသုံးကုန်ပစ္စည်း ဈေးနှုန်းချိုသာမှု၊ လယ်သမားများကို ဝင်ငွေတိုးတက်ရရှိစေခြင်းဖြင့် စက်မှုထုတ်ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ဝယ်ယူသုံးစွဲနိုင်သူများဖြစ်လာစေခြင်း၊ စက်မှုလုပ်ငန်းနှင့် မြို့ပြအလုပ်အကိုင်များအတွက် အလုပ်သမားလျှော့ချနိုင်ပြီး ရင်းနှီးမြှုပ်နှံမှုများအတွက် စုဆောင်းမှုများ ပြုလုပ်နိုင်ခြင်းများ ရရှိစေနိုင်ကြောင်း သိရသည်။

မွန်းဦးနဒီ

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၇-၁-၂၀၁၅

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၈၇၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၄၆၆၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၈၇၇၀၀

စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၀၀
ဒီဇယ်	တစ်လီတာ	ကျပ် ၇၅၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၅၉၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၆၈၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၇၆၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၃၂၀၀-၃၅၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၂၇၀၀-၃၀၀၀
၃။	ငါးရံ့	တစ်ပိဿာ	၅၅၀၀-၇၀၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၄၅၀၀-၇၅၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၉၀၀၀-၁၇၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	၆၀၀၀-၇၅၀၀
၈။	ကြက်	တစ်ပိဿာ	၆၀၀၀-၁၅၀၀၀
၉။	ဝက်	တစ်ပိဿာ	၇၅၀၀-၉၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၈၀၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၇၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၇၀၀၀-၁၀၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၁၀၂၆-၁၀၃၃
ဥရောပ	တစ်ယူရို	၁၁၈၁-၁၁၉၉
စင်ကာပူ	တစ်ဒေါ်လာ	၇၆၇-၇၇၉
ထိုင်း	တစ်ဘတ်	၃၀-၃၀.၂
အိန္ဒိယ	တစ်ရူပီး	၁၆-၁၆.၅၇၆
တရုတ်	တစ်ယွမ်	၁၆၅-၁၇၀
မလေးရှား	တစ်ရင်းဂစ်	၃၂၀-၃၂၂

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

နှမ်းဆန်	တစ်အိတ်	၁၇၀၀၀-၁၇၅၀၀
မိုးဆန်သစ် (မနောသုခ)	တစ်အိတ်	၁၅၆၀၀-၁၆၀၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၆၀၀၀-၃၀၅၀၀
မြေပဲဆီ	တစ်ပိဿာ	၄၀၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၃၇၆
ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၁၅၀-၃၇၅
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၃၅၀-၂၀၀၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၄၆၀-၁၄၇၅
အာလူး(ရှမ်း)	တစ်ပိဿာ	၅၃၀-၆၉၀
ငရုတ်ရှည် (မိုးထောင်)	တစ်ပိဿာ	၂၅၀၀-၂၆၅၀
ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၄၈၀၀-၅၂၀၀
သကြား	တစ်ပိဿာ	၈၁၅-၈၅၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့် အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။

ရိုးပြတ်လယ်မြေကွက်တွင် ဂျုံစမ်းသပ်စိုက်ပျိုး

ဗန်းမောက် ဇန်နဝါရီ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်အတွင်းရှိ မန်ထုံဒေသစိတ် ကိုင်းကြီးကျေးရွာရှိ ရိုးပြတ်လယ်ယာမြေကွက်အချို့တွင် ဂျုံစိုက်ပျိုးသည့် စနစ်များကို ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်းတွင် ဆောင်းသီးနှံအဖြစ် စတင်စိုက်ပျိုး လာကြောင်း သိရသည်။

အဆိုပါ ကိုင်းကြီးကျေးရွာအနီးတွင်ရှိသည့် ရိုးပြတ်လယ်ယာမြေများသည် ယခင်ကာလများက စပါးစိုက်ပျိုးခြင်း လုပ်ငန်းတစ်ခုတည်းကိုသာ လုပ်ကိုင်ခဲ့သော လယ်ယာမြေကွက်များဖြစ်သည်။ သို့သော်လည်း ယခုနှစ်တွင် ဆောင်းသီးနှံအဖြစ် ဂျုံစိုက်ပျိုးခြင်းလုပ်ငန်းများကို စမ်းသပ်လုပ်ကိုင်စိုက်ပျိုး လာကြပြီဖြစ်သည်။

"ကျွန်တော်တို့ အရပ်ဒေသမှာ ဂျုံစိုက်ပျိုးတဲ့လုပ်ငန်းများကို ဒီနှစ်မှ စမ်းသပ်လုပ်ကိုင်ကာ စိုက်ပျိုးခြင်းဖြစ်ပါတယ်။ မြေခြောက်ပေမယ့် ရေတင်စိုက်တော့ ဂျုံတွေကလည်း အတော်လေး ကောင်းမွန်ပါတယ်" ဟု ကိုင်းကြီးကျေးရွာမှ ဦးနိုင်းနီက ပြောကြား ခဲ့သည်။

သန်းမောင်လေး(ကချင်မြေ)

ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၇

နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကိုကိုအောင်၊ ဒက္ခိဏခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ဝင်းချွန်တို့၏ လမ်းညွှန်မှုဖြင့် ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ လယ်ဝေးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမင်းသန့် ကြီးကြပ်လျက် လယ်ဝေးမြို့မရဲစခန်းပိုင် နယ်မြေအတွင်း လှည့်ကင်းနယ်မြေများ ပိုင်းခြားသတ်မှတ်ကာ ယာဉ်တင်လှည့်ကင်း၊ ဆလွန်း ယာဉ်မီးတန်းကားလှည့်ကင်း၊ ဆိုင်ကယ်လှည့်ကင်းနှင့် စက်ဘီးလှည့်ကင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် မြို့မရဲစခန်းမှူး ဒုရဲမှူး စိုးမင်းသိန်း ဦးဆောင်သော စက်ဘီးလှည့်ကင်းအဖွဲ့သည် လယ်ဝေးမြို့ပေါ် ရပ်ကွက်များတွင် ကင်းလှည့်ဆောင်ရွက်ပြီး ပြည်သူများနှင့် တွေ့ဆုံကာ မှုခင်းအသိပညာပေး ပြောကြားခြင်း၊ အရေးပေါ်အခြေအနေများတွင် သက်ဆိုင်ရာသို့ အချိန်မီ ဆက်သွယ်သတင်းပေးပို့ရန် အသိပေးပြောကြားခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

လားရှိုး၌ ကျောက်စိမ်းတုံးများနှင့် မူးယစ်ဆေးဝါးများဖမ်းမိ

လားရှိုး ဇန်နဝါရီ ၁၇

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့တွင် ရဲတပ်ဖွဲ့ဝင်များက သတင်းအရ နေအိမ်ခြံဝင်းတစ်ခုအတွင်း ဝင်ရောက်ရှာဖွေရာ၊ ကျောက်စိမ်းတုံးအမြောက်အမြားနှင့် မူးယစ်ဆေးဝါးများရှာဖွေတွေ့ရှိခဲ့ကြောင်း လားရှိုးမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ လားရှိုးမြို့မရဲစခန်းမှ ဒုရဲအုပ် အောင်မျိုးသွင်ဦးစီးသော ရဲတပ်ဖွဲ့ဝင်များနှင့် အမှတ်(၂၄) မူးယစ်တပ်ဖွဲ့စုမှ ရဲအုပ်ဇော်မျိုးနိုင်ဦးစီးသော ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၇ ရက် နံနက် ၁၀ နာရီက လားရှိုးမြို့ ရပ်ကွက် (၇) နယ်မြေ(၄) ရန်ကင်းလမ်းရှိ ဦးထွန်းထွန်း၏နေအိမ် အိပ်ခန်းအတွင်းရှိ လက်ဆွဲအိတ်အတွင်းမှ အဒေး စုပ်ပိုက်ငယ်များအတွင်း ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၁၀ ပြားစီပါ ၁၆ ပိုက် စုစုပေါင်းဆေးပြား ၁၆၀၊ အလေးချိန် ၁၆ ဂရမ်နှင့် ပလတ်စတစ်အိတ်ဖြင့်ထည့်လျက် ဘိန်းဆီခဲ ၃၄ ဂရမ်ခန့်ပါ တစ်ထုပ်တို့ကို ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

ယင်းအိမ်ကို ဆက်လက်ရှာဖွေရာ နေအိမ်၏အရှေ့ဘက် အလုပ်ရုံးခန်းအတွင်းမှ ကျောက်စိမ်းအရိုင်းတုံး အရွယ်စုံ ၂၉တုံး၊ စုစုပေါင်းအလေးချိန် ၂၃၉ ကီလို၊ ကျောက်စိမ်းဖြတ်စအတုံး ၉၀ ပါ တစ်အိတ်၊ အလေးချိန် ခြောက်ကီလို၊ ကျောက်စိမ်းဖြတ်စ ၂၅ တုံးပါတစ်အိတ်၊ အလေးချိန် ၂၈ ကီလို စုစုပေါင်းအလေးချိန် ၃၂၁ ကီလိုကို ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

မူးယစ်ဆေးဝါးများနှင့် ကျောက်စိမ်းတုံးများ လက်ဝယ်တွေ့ရှိသူ ဦးထွန်းထွန်း(၄၃ နှစ်)ကို လားရှိုးမြို့မရဲစခန်းတွင် အမှုဖွင့်ဖမ်းဆီးအရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

နေမျိုးနွယ်

ဝန်ထမ်း(အမြန်)အလိုရှိသည်

Production Executive (Female) (၁)ဦး
- အထည်ချုပ်လုပ်ငန်း/ပီနန်အိတ်လုပ်ငန်း အတွေ့အကြုံရှိရမည်။
- ပစ္စည်း၊ ကုန်ကြမ်းစီမံခန့်ခွဲနိုင်ရမည်။
- Schedule အတိုင်း လုပ်နိုင်ရမည်။
- အရည်အသွေး၊ အရေအတွက် မှန်ကန်ကောင်းမွန်အောင် ကြီးကြပ်နိုင်ရမည်။
- အသက် (၃၀)အထက်ဖြစ်ရမည်။
- အင်္ဂလိပ်စာ ကျွမ်းကျင်စွာ ပြောဆိုနိုင်ရမည်။
- Computer ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။

QA Executive (Female) (၁)ဦး
- ပီနန်အိတ်၊ အထည်ချုပ်လုပ်ငန်း အတွေ့အကြုံရှိသူ ဖြစ်ရမည်။
- အရည်အသွေးနှင့် ပတ်သက်၍ တာဝန်ယူနိုင်သူဖြစ်ရမည်။
- ISO ဗဟုသုတ ရှိရမည်။
- အင်္ဂလိပ်စကား ကျွမ်းကျင်စွာရေး/ပြောနိုင်ရမည်။
- Computer ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။

Supervisor (Male/ Female) (၁)ဦး
- အထည်ချုပ်လုပ်ငန်း/ပီနန်အိတ်လုပ်ငန်း အတွေ့အကြုံရှိရမည်။
- ပစ္စည်း၊ ကုန်ကြမ်းစီမံခန့်ခွဲနိုင်ရမည်။
- Schedule အတိုင်း လုပ်နိုင်ရမည်။
- အရည်အသွေး၊ အသင့်အတင့် မှန်ကန်ကောင်းမွန်အောင် ကြီးကြပ်နိုင်ရမည်။
- အသက် (၃၀)အထက်ဖြစ်ရမည်။
- အင်္ဂလိပ်စာ အသင့်အတင့် ပြောဆိုနိုင်ရမည်။

လျှောက်ထားလိုသူများသည် ဓာတ်ပုံ(၃)ပုံ၊ ရဲစခန်းထောက်ခံစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်၊ သန်းခေါင်စာရင်းမိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်း ထောက်ခံစာတို့နှင့်အတူ အောက်ပါလိပ်စာအတိုင်း လာရောက်လျှောက်ထားနိုင်ပါသည်။ အမှတ် ၂၄၇/၂၄၈၊ မူဆယ်လမ်း၊ ၂၃ရပ်ကွက်၊ တောင်ဒဂုံ၊ စက်မှုဇုန်(၁)၊ သစ်ဆိုင်ကွေ့မှတ်တိုင်တွင် ဆင်းပါ။ ဖုန်း-၀၁-၅၉၀၆၄၃၊ ၀၁-၅၉၁၁၈၆၊ ၀၉-၈၆၁၈၆၆၉၊ ၀၉-၃၀၀၀၆၅၆၈

နိုင်ငံတကာအားကစားနှင့် ကျော်ကြား

ကက်ပီတယ်ဝမ်းဖလား အကြိုဗိုလ်လုပွဲ

မိုးမြင့်လင်းလက်

ကက်ပီတယ်ဝမ်းဖလား ဆီမီးဖိုင်နယ်ပထမအကျော့ပွဲစဉ်တွေကို ဇန်နဝါရီ ၂၁ ရက်မှာ ယှဉ်ပြိုင်ကစားဖို့ ရှိနေပါတယ်။ ဒီပွဲစဉ်မှာ လီဗာပူးနဲ့ ချယ်လ်ဆီး၊ စပါးနဲ့ ရှက်ဖီးတို့ရဲ့ စိတ်လှုပ်ရှားဖွယ်ရာ အားထုတ်မှုတွေကို မြင်တွေ့ကြရဦးမှာ ဖြစ်ပါတယ်။ အရေးကြီးတဲ့ အကြိုဗိုလ်လုပွဲတွေ ဖြစ်လာတာကြောင့် ရလဒ်ကောင်းတွေ ရရှိအောင် အပြိုင်အဆိုင် ကြိုးစားကြမယ့်ပုံရိပ်တွေကို ခံစားကြရမှာ ဖြစ်ပါတယ်။

လီဗာပူးနှင့် ချယ်လ်ဆီး

ချယ်လ်ဆီးအတွက် ဒီပွဲဟာ စိန်ခေါ်မှုပြင်းထန်မယ့်ပွဲ ဖြစ်နေပါတယ်။ အစဉ်အလာအရ ဒီနှစ်သင်းဆုံတွေ့တိုင်း ချယ်လ်ဆီးတို့ အသာစီးရခဲ့တာများပြီး လီဗာပူးတို့ ရှုံးကန်ခဲ့ရတာချည်းပါပဲ။ လီဗာပူးကွင်းမှာ ချယ်လ်ဆီးတို့ နောက်ဆုံးလာကစားခဲ့တဲ့ သုံးပွဲမှတ်တမ်းကိုကြည့်ရင် နောက်ဆုံးငါးပွဲကစားခဲ့တာမှာ သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးထားပါတယ်။ ကက်ပီတယ်ဝမ်းဖလားပွဲစဉ်တွေမှာတော့ နိုင်ပွဲတွေ ဆက်တိုက်ရယူနေတဲ့ ချယ်လ်ဆီးဟာ အဝေးကွင်းဆိုပေမယ့် လီဗာပူးကို လက်ရှိခြေစွမ်းအရ ဖိအားပေးကစားပါလိမ့်မယ်။ စိတ်ဓာတ်ပိုင်းမှာလည်း ချယ်လ်ဆီးတို့က လွှမ်းမိုးထားနိုင်တာမို့ အိမ်ကွင်းဆိုပေမယ့် လီဗာပူးတို့ခက်ခဲမယ့်ပွဲဖြစ်နေပါတယ်။ ဒါပေမယ့် လီဗာပူးဟာ ပရီမီယာလိဂ်မှာ ခြေစွမ်းမတည်ငြိမ်ပေမယ့် ကက်ပီတယ်ဝမ်းဖလားပွဲတွေမှာ နိုင်ပွဲရအောင် ကြိုးစားနိုင်နေတာမို့ ချယ်လ်ဆီးတို့လျှော့တွက်ရင် မှားပါလိမ့်မယ်။ လီဗာပူးဟာ ဒီပွဲမှာ အမာခံကစားသမားတွေအစုံအလင်နဲ့ ပွဲထွက်လာမှာဖြစ်ပြီး အမှားအယွင်းနည်းရင်တော့ အမြင့်ဆုံးသရေတစ်မှတ်တော့ ရယူနိုင်ပါလိမ့်မယ်။ ဒါပေမယ့် ချယ်လ်ဆီးအတွက် အနိုင်ဆိုတာကို ပီပီပြင်ပြင် ပုံဖော်ထုဆစ်မယ့်ပွဲဖြစ်နေပါတယ်။

စပါးနှင့် ရှက်ဖီး

စပါးတို့က ကက်ပီတယ်ဝမ်းဖလားပွဲမှာ နော်တင်ဟမ်ကို သုံးဂိုး-နှစ်ဂိုး၊ ဘရိုက်တန်ကို နှစ်ဂိုးပြတ်နဲ့နယူးကာဆယ်ကိုလေးဂိုးပြတ်နိုင်ပွဲရပြီး အကြိုဗိုလ်လုပွဲကို တက်ရောက်လာတာဖြစ်ပါတယ်။ ရှက်ဖီးတို့ကလည်း လေတန်အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ အမ်ကေဒွန်းအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ဆောက်သမ်တန်ကို တစ်ဂိုး-ဂိုးမရှိနဲ့ ကစားပြီး အကြိုဗိုလ်လုပွဲ တက်ရောက်ခဲ့တာဖြစ်ပါတယ်။ စပါးရဲ့ ပရီမီယာလိဂ်နောက်ဆုံးငါးပွဲကစားခဲ့တာကြည့်ရင် မန်ယူကို သရေကစားပြီး ချယ်လ်ဆီးကို ငါးဂိုး-သုံးဂိုးနဲ့ အနိုင်ယူခဲ့တဲ့ခြေစွမ်းက ချီးကျူးစရာကောင်းနေပါတယ်။ ရှက်ဖီးတို့ရဲ့ လိဂ်-၁ နောက်ဆုံးငါးပွဲ ရလဒ်ကတော့ တစ်ပွဲသာနိုင်ထားပြီး ရှုံးပွဲနှစ်ပွဲ၊ သရေပွဲနှစ်ပွဲ ဖြစ်ထားပါတယ်။ လက်ရှိခြေစွမ်းပိုင်းမှာတော့ စပါးတို့ခြေစွမ်းကောင်းမွန်နေပြီး ရလဒ်တွေလည်း ထိုက်ထိုက်တန်တန်ရရှိနေပါတယ်။ ဒါကြောင့် ဒီပွဲစဉ်မှာ စပါးတို့အောင်ပွဲခံဖို့ အခွင့်အရေးများနေတာတော့ အမှန်ပါပဲ။

ဗြိတိသျှတင်းနစ်မယ် ဒုတိယအကြိမ် WTA ဖလားဆွတ်ခူး

ဗြိတိသျှနံပါတ်တစ်တင်းနစ်မယ် ဟီတာဝက်ဆင်က ဟိုးဘတ်အင်တာနေရှင်နယ် တင်းနစ်ပြိုင်ပွဲတွင် အမေရိကန်သူ မက်ဒီဆွန်ဘရန်ဂဲအား အနိုင်ရပြီး ဖလားဆွတ်ခူးသွားခဲ့သည်။ ဝက်ဆင်သည် ကမ္ဘာ့အဆင့် ၄၉ အဆင့်ရှိပြီး ၁၉၈၅ ခုနှစ်က အနီးဟော့ဘ် အဆိုပါဖလားဆွတ်ခူးခဲ့ပြီးနောက် ဒုတိယအကြိမ်မြောက် ယင်းဖလားကိုဆွတ်ခူးနိုင်သည့် ပထမဆုံး ဗြိတိသျှအမျိုးသမီး ဖြစ်လာသည်။

အသက် ၂၂ နှစ်ရှိ ဝက်ဆင်သည် ယင်းဖလားဆွတ်ခူးခဲ့သည့် အတွက် မဲလ်ဘုန်း၌ကျင်းပမည့် ဩစတြေးလျအိုးပင်းသို့ ယှဉ်ပြိုင်ခွင့် ရရှိသွားသည်။ ၎င်းသည် အင်္ဂါနေ့အဖွင့်ပွဲတွင် ဘူလ်ဂေးရီးယားတင်းနစ်မယ် ပီရွန်ကိုဗာနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဝက်ဆင်သည် လွန်ခဲ့သောနှစ် နှစ်က အိုဆာကာ၌ ပထမဆုံး WTA ဖလားဆွတ်ခူးခဲ့၍ ယခုဖလားသည် ဒုတိယအကြိမ်မြောက် WTA ဖလားဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ပြီးခဲ့သည့်နှစ်က ကမ္ဘာ့အဆင့် ၁၁၉ ရှိခဲ့ပြီး ကမ္ဘာ့အဆင့်များ တဖြည်းဖြည်းမြင့်တက်ခဲ့ရာ ယခုအခါ ကမ္ဘာ့အဆင့် ၄၉ ရှိနေပြီဖြစ်သည်။

ယခုဖလားဆွတ်ခူးနိုင်ခဲ့သည့်အတွက် ဝက်ဆင်သည် ကမ္ဘာ့အဆင့်သတ်မှတ်ချက် ၃၉ အထိ တက်ခွင့်ရှိလာမည်ဖြစ်သည်။

ခရိုအေးရှားတိုက်စစ်မှူး လက်စတာစီးတီး စာချုပ်

လက်စတာစီးတီးက ခရိုအေးရှား တိုက်စစ်မှူး ခရန်မာတစ်အား ၎င်းကလပ် စံချိန်တင် ပြောင်းရွှေ့ကြေး ပေါင် ကိုးသန်းပေးကာ စာချုပ်လိုက်သည်။

အသက် ၂၃ နှစ်ရှိ ခရန်မာတစ်အား အက်ဖ်စီရက်ဂျီကာကလပ်မှ ရောက်ရှိလာပြီး ၂၀၁၈ ခုနှစ် ဇွန်လအထိ စာချုပ်ခဲ့သည်။

ချယ်လ်ဆီးက ခေါ်ယူရန် စိတ်ဝင်စားခဲ့သော ခရန်မာတစ်သည် ယခုနှစ်ရာသီတွင် နိုင်ငံနှင့်ကလပ်အတွက် ၂၄ ပွဲတွင် ၂၈ ဂိုးသွင်းယူပေးခဲ့သူ ဖြစ်သည်။ ၎င်းသည် ရက်ဂျီကာသို့ မပြောင်းမီ ၂၀၀၉ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်အတွင်း ဒိုင်နမိုဇာဂရက်အသင်းတွင် ကစားခဲ့သူ ဖြစ်သည်။

■ ကောင်းမြတ်သူ-စုစည်းသည်

အာရှဖလားနှင့် ဥရောပပြည်တွင်းလိဂ် ပွဲစဉ်များ (သီဟ)

အာရှဖလား အုပ်စု(ခ) — **ဇန်နဝါရီ ၁၈**

ဥဇဘက်ကစ္စတန်	-	ဆော်ဒီအာရေဗျ	ညနေ ၃း၃၀
တရုတ်	-	မြောက်ကိုရီးယား	ညနေ ၃း၃၀

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၂၂) — **ဇန်နဝါရီ ၁၈**

ဝက်စ်ဟမ်း	-	ဟားလ်စီးတီး	ည ၈း၀၀
မန်စီးတီး	-	အာဆင်နယ်	ည ၁၀း၃၀

အီတလီစီးရီးအေ ပွဲစဉ်(၁၉) — **ဇန်နဝါရီ ၁၈/၁၉**

လာဇီယို	-	နာပိုလီ	ညနေ ၆း၀၀
ဆီစီနာ	-	တိုရီနို	ည ၈း၃၀
ချီယေဗို	-	ဖီအိုရင်တီးနား	ည ၈း၃၀
ဂျီနိုအာ	-	ဆက်ဆူအိုလို	ည ၈း၃၀
အေစီမီလန်	-	အတ္တလန်တာ	ည ၈း၃၀
ပါးမား	-	ဆမ်ဒိုးရီးယား	ည ၈း၃၀
အူဒီးနိစ်	-	ကက်ဂလီယာရီ	ည ၈း၃၀
ဂျူဗင်တပ်စ်	-	ဗီရိုနာ	နံနက် ၂း၁၅

စပိန်လာလီဂါ ပွဲစဉ်(၁၉) — **ဇန်နဝါရီ ၁၈/၁၉**

ဂီတာဖေး	-	ရီးရဲမက်ဒရစ်	ညနေ ၅း၃၀
အက်သလက်တီကို	-	ဂရန်နာဒါ	ည ၁၀း၃၀
ဒီပို့တီဗို	-	ဘာစီလိုနာ	နံနက် ၁၂း၃၀
အယ်လ်ချီ	-	လီဗန်တေး	နံနက် ၂း၃၀
ဆီဗီလာ	-	မာလာဂါ	နံနက် ၂း၃၀

ပြင်သစ်လီဂူး ပွဲစဉ်(၂၁) — **ဇန်နဝါရီ ၁၈/၁၉**

ပီအက်စ်ဂျီ	-	အီဗီယန်	ည ၇း၃၀
ရန်းနက်စ်	-	စိန့်အက်တီယန်	ည ၁၀း၃၀
မာဆေး	-	ဂူအင်ဂမ့်	နံနက် ၂း၃၀

အာရှဖလား အုပ်စု(ခ) ရပ်တည်မှု

စဉ်	အသင်း	ပွဲစဉ်	နိုင်	သရေ	ရှုံး	ရမှတ်
၁	တရုတ်	၂	၂	၀	၀	၆
၂	ဆော်ဒီအာရေဗျ	၂	၁	၀	၁	၃
၃	ဥဇဘက်ကစ္စတန်	၂	၁	၀	၁	၀
၄	မြောက်ကိုရီးယား	၂	၀	၀	၀	၀

ဇန်နဝါရီ ၁၆/၁၇ ဂိုးရလဒ်များ

ဩစတြေးလျ	၀-၁	တောင်ကိုရီးယား
အိုမန်	၁-၀	ကူဝိတ်
ပါလက်စတိုင်း	၁-၅	ဂျော်ဒန်
အီရတ်	၀-၁	ဂျပန်
ဘော်ဒိုး	၁-၂	နိုက်စ်
ကော်ဒိုဘာ	၁-၁	အီဘာ

Job Vacancy

Octagon Automobile Machinery Services Co.,Ltd. (Scania Brand) have the job vacancy with good command in English speaking & writing,any graduate with related experience as follow:

(1)	Account Manager	- (1) person
(2)	HR Manager	- (1) person
(3)	Sales Manager	- (1) person
(4)	Trainer	- (1) person
(5)	Sales Consultant	- (2) person
(6)	Parts & Store supervisor	- (2) person
(7)	Parts & Store staff	- (3) person
(8)	Sales Admin	- (1) person

Contact Adress: No.42,47,Corner of Yangon-Pathein Road and YTU Street. Hlaing Tharyar Township,Yangon,Myanmar.
Email Address:hr@ois-scania.com / Tel: 09-49342253

Job Vacancy

Octagon Automobile Machinery Services Co.,Ltd. (Liebherr Brand) have the job vacancy with good command in English speaking & writing,any graduate with related experience as follow:

(1)	Marketing Manager	- (1) person
(2)	Marketing Assistant	- (1) person
(3)	Sales Consultant	- (2) person
(4)	Sales Admin	- (1) person
(5)	Parts & store staff	- (2) person

Contact Adress: No.42,47,Corner of Yangon-Pathein Road and YTU Street. Hlaing Tharyar Township,Yangon,Myanmar.
Email Address:hr@ois-liebherr.com / Tel: 09-49342253

ကြော်ငြာ

MPT

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း သည် ဆွေသဟာ ဝန်ဆောင်မှု အသစ် နှင့် Voice & Internet Packages တို့ကို ချိုသာသော နှုန်းထား ၊ ပိုမို မြန်ဆန်သော အင်တာနက် မြန်နှုန်း တို့ဖြင့် ဝန်ဆောင်မှု ပေးနေပြီ ဖြစ်ပါ သည်။

ဝန်ဆောင် မှု အသစ်ကို ရယူရန် လမ်းညွှန်ချက်များ

မူလ နှုန်းထား

အဆင့် ၁

ဆွေသဟာ ဝန်ဆောင်မှု မှတ်ပုံတင်ခြင်း အခမဲ့

To: 1332
SWE

အဆင့် ၂ (ရွေးချယ်ရန်)

Voice & Data packages ကို မှတ်ပုံတင်ရန်

Swe Thahar

ချိုသာသောခေါ်နှုန်း နှင့် ပိုမြန်သော အင်တာနက်မြန်နှုန်း

တစ်မိနစ် ၃၅ကျပ်[(၁)]

လက်ဆောင် ၂

MPT နံပါတ်(၃) ခု အတွက် တစ်မိနစ် ၂၅ ကျပ်

SMS တစ်စောင်-၁၅ ကျပ်[(၂)]

လက်ဆောင်[(၃)]

50 MB အခမဲ့

1MB လျှင် ၁၅ ကျပ်[(၃)]

To: 1332
ADD 09XXXXX

- ပိုမြန်သော အင်တာနက်
- အင်တာနက် လျှောက်ထားခ အခမဲ့
- အသုံးပြုသည့် ပမာဏ အလိုက် ကောက်ခံခြင်း (MBဖြင့် တွက်ချက်ခြင်း)

Voice Package

ဖုန်းခေါ်ဆိုခ ကို ချွေတာနိုင်ခြင်း ရှိမည်

MPT ဖုန်းများကို ခေါ်ဆိုခြင်း၊ ၄၈၀မိနစ်

၁၂၀၀၀ ကျပ်

သက်တမ်း ၃၀ ရက်

To: 1332
480MIN

Internet Package

အင်တာနက်သုံးခြင်းကို ချွေတာနိုင်ခြင်း ရှိမည်

400 MB	1 GB
၅၀၀၀ ကျပ်	၁၀၀၀၀ ကျပ်
သက်တမ်း ၃၀ ရက်	

To: 1332
400MB

To: 1332
1GB

SMS

MPT သုံးစွဲသူများ(GSM / WCDMA) အတွက် SMS ပေးပို့ ရမည့် သင်္ကေတ စာရင်း

	မည်သို့ ရယူမည်......	ဝန်ဆောင်ခ	ဆောင်ရွက်ရန်	PREPAID သုံးစွဲသူများ အတွက်	POSTPAID သုံးစွဲသူများ အတွက်
Swe Thahar	ဆွေသဟာကို မှတ်ပုံတင်ရန်	အခမဲ့	1332 သို့ SMS ပို့ပါ	SWE	POSTSWE
	နှစ်သက်ရာနံပါတ် ထည့်ရန်	အခမဲ့	1332 သို့ SMS ပို့ပါ	ADD 09XXXXXX	POSTADD 09XXXXXX
	နှစ်သက်ရာနံပါတ် စစ်ဆေးရန်	အခမဲ့	1332 သို့ SMS ပို့ပါ	CHECKFAV	POSTCHECKFAV
	နှစ်သက်ရာ နံပါတ်ပြောင်းလဲရန်	အခမဲ့	1332 သို့ SMS ပို့ပါ	MODIFY 09XXXXXX 09YYYYYY	POSTMODIFY 09XXXXXX 09YYYYYY
	ဆွေသဟာကို မရယူတော့ရန်	အခမဲ့	1332 သို့ SMS ပို့ပါ	UNSUB SWE	POSTUNSUB SWE
Internet package[(၄)]	400MB PACKAGE တစ်ခု ဝယ်ယူရန်	၅၀၀၀ကျပ်	1332 သို့ SMS ပို့ပါ	400MB	POST400MB
	1GB PACKAGE တစ်ခု ဝယ်ယူရန်	၁၀၀၀၀ကျပ်	1332 သို့ SMS ပို့ပါ	1GB	POST1GB
Voice package[(၄)]	480MIN PACKAGE တစ်ခု ဝယ်ယူရန်	၁၂၀၀၀ကျပ်	1332 သို့ SMS ပို့ပါ	480MIN	POST480MIN
Balance	သင်၏ လက်ကျန်ကို စစ်ဆေးရန်	အခမဲ့	1331 သို့ SMS ပို့ပါ	BAL	BAL
			သို့မဟုတ်ဖုန်းခေါ်ဆိုပါ	*124#	—

CALL CENTER 106
Toll free 24 hours everyday

For more information & detailed terms and conditions :
http://www.mpt.com.mm
https://facebook.com/...

အော်ပရေတာများ ပိုမိုယှဉ်ပြိုင်ရမည့် ၂၀၁၅ နှင့် ပြည်သူတို့ရရှိမည့် ဝန်ဆောင်မှုများ

သတင်းဆောင်းပါး-သူရဖြိုး

၂၀၁၄ ခုနှစ် နောက်ဆုံးလေးလ အတွင်း မြန်မာနိုင်ငံ မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှုတွင် ပထမဆုံးအဖြစ် ပြည်ပမှ ပုဂ္ဂလိကအော်ပရေတာနှစ်ခု ဝင်ရောက်လာခဲ့သည်။ လုပ်ငန်းလုပ်ကိုင်ရန် တင်ဒါများကို ၂၀၁၃ ခုနှစ်အတွင်းက စတင်အောင်မြင်ခဲ့သော အော်ရီဒူးနှင့် တယ်လီနောတို့သည် ပြင်ဆင်ချိန် နည်းပါးခြင်းနှင့် အခြားအကြောင်းအရာများကြောင့် လုပ်ငန်းစတင်ဝန်ဆောင်မှုပေးချိန်တွင် အားနည်းချက်ကိုယ်စီရှိခဲ့သည်။ အဓိကအားနည်းချက်မှာ မိုဘိုင်းကွန်ရက်လွှမ်းခြုံနိုင်မှု ဧရိယာ နည်းပါးခြင်းဖြစ်သည်။ ထို့ကြောင့် ၂၀၁၄ အတွင်း ကုမ္ပဏီနှစ်ခုနှင့် လက်ရှိဝန်ဆောင်မှုပေးနေသည့် မြန်မာ့ဆက်သွယ်ရေး(MPT)တို့၏ ပြိုင်ဆိုင်မှုမှာ မပီပြင်ခဲ့ပေ။

အော်ရီဒူးနှင့် တယ်လီနော

၂၀၁၄ ဇူလိုင်လကုန်ပိုင်းက စတင်ဝန်ဆောင်မှုပေးခဲ့သော အော်ရီဒူးသည် ရန်ကုန်နှင့်မန္တလေး၌ စတင်ဝန်ဆောင်မှုပေးခဲ့ပြီး သုံးလခန့် အကြာတွင် အမြန်လမ်းမကြီး တစ်လျှောက် ကွန်ရက်ဖြည့်စွက်နိုင်ခဲ့ကာ ပဲခူးနှင့် မကွေးတိုင်းဒေသကြီးတို့၌လည်း ကွန်ရက်များ တည်ထောင်နိုင်ခဲ့သည်။ အောက်တိုဘာလအတွင်း မန္တလေး၊ နေပြည်တော်နှင့် ရန်ကုန်တို့၌ ဝန်ဆောင်မှုများ စတင်ခဲ့သည့် တယ်လီနောကလည်း စတင်ချိန်တွင် ကွန်ရက်မမိမှုကြောင့် မြို့တွင်းနေရာများ၌ ဖုန်းပြောရန်ပင် အဆင်မပြေမှုများ ရှိခဲ့သော်လည်း အချိန်တိုအတွင်း ပြင်ဆင်နိုင်ခဲ့သည်။

ထို့ကြောင့် တယ်လီနောနှင့် အော်ရီဒူးတို့သည် တစ်နိုင်ငံလုံး ကွန်ရက်လွှမ်းခြုံမှုတွင် ၂၀၁၅ ခုနှစ်အတွင်း MPT ကို မမီနိုင်သေးသော်လည်း နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတို့အပါအဝင် မြို့ကြီးများ၌ တိုးချဲ့လာနိုင်ဖွယ်ရှိကာ ဈေးနှုန်းသက်သာသည့် အားသာချက်ကြောင့် MPT နှင့် အပြိုင်အဆိုင်ဖြစ်လာဖွယ် ရှိနေသည်။

MPT ၏ ဝန်ဆောင်မှု

ပြည်ပအော်ပရေတာနှစ်ခု စတင်ဝင်ရောက်လာပြီးချိန်မှစ၍ MPT သည် ၎င်း၏ဝန်ဆောင်မှုကို တိုးမြှင့်နိုင်ရန် ကြိုးစားလာနေသည်ကို တွေ့ရသည်။ နည်းပညာပိုင်းအရ ၂၀၁၄ ခုနှစ်အတွင်းကပင် ဂျပန်ကုမ္ပဏီ KDDI နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ကာ နည်းပညာပိုင်းကို မြှင့်တင်ရန် ပြင်ဆင်လျက်ရှိသည်။ ထို့အပြင် ငွေဖြည့်ကတ်များတွင် ဘောနပ်စ်ပေးသောအစီအစဉ်ကိုလည်း ၂၀၁၄ နှစ်ကုန်ပိုင်းတွင် မကြာခဏပြုလုပ်ကာ အသုံးပြုသူများကို ဆွဲဆောင်နိုင်ခဲ့သည်။ ထို့အပြင် ဖုန်းဆင်းကတ်များ၏ ကတ်ပျောက်ကတ်ပျက် ပြန်လည်လျှော်ထားသည့် နှုန်းထားများကိုလည်း နှစ်ကုန်ပိုင်းတွင် ထပ်မံလျှော့ချပေးခဲ့သည်။

MPT သည် ၂၀၁၅ နှစ်ဆန်းမှာပင် ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများကို စတင်ပြုလုပ်လာသည်။ MPT ၏စီဒီအမ်အေ ၈၀၀ ဖုန်းများတွင် ဘောနပ်စ်ပေးသောပမာဏကို ယခင်က မပေးဖူးသော ၇၀ ရာခိုင်နှုန်းအထိတိုးမြှင့်ခြင်း၊ ဘောနပ်စ်ပေးသောငွေကို အချိန်အကန့်အသတ်မရှိဘဲ သုံးနိုင်ခြင်းနှင့် အင်တာနက်လျှော့ထားရန် ယခင်က ကျပ်တစ်သောင်းပေးရသည့်အစား အခမဲ့ လျှော့ထားနိုင်ခြင်းတို့ကို ဇန်နဝါရီ ၁၄ ရက်တွင် စတင်ခဲ့သည်။ ထို့အပြင် MPT အနေဖြင့် အဓိကအားနည်းချက်ဖြစ်နေသော တစ်မိနစ်ဖုန်းပြောခ ငါးဆယ်ကျပ်နှုန်းကို ဇန်နဝါရီ ၉ ရက်မှစ၍ ဆွေသဟာ အစီအစဉ်သစ်ဖြင့် စတင်လျှော့ချခဲ့သည်။

အော်ရီဒူးနှင့် တယ်လီနောတို့၏ နှုန်းထားဖြစ်သော တစ်မိနစ် ၂၅ ကျပ်နှုန်းအထိ တန်းတူမလျှော့ဘဲ ၃၅ ကျပ်နှုန်းအထိသာ လျှော့သော်လည်း အပိုရွေးချယ်နိုင်သည့် ကျပ် ၁၂၀၀၀ တန် voice package အစီအစဉ်ဖြင့်ဆိုပါက တစ်နိုင်ငံလုံးမှ အသုံးပြုသူများအတွက်မူ ပိုမိုအဆင်ပြေသော နှုန်းထားဖြစ်ခဲ့သည်။ သို့သော် ဆွေသဟာအစီအစဉ်၏ အင်တာနက်အသုံးပြုခနှုန်းထားများနှင့် ပတ်သက်၍မူ ယခင်ကကဲ့သို့ အချိန်နှင့်ကောက်ခံသည်ထက် ဈေးနှုန်းပိုမိုများပြားနေသဖြင့် ဝေဖန်မှုများရှိနေသည်။ အင်တာနက်အသုံးပြုခများသဖြင့် အင်တာနက်ကိုသာ အများဆုံးသုံးပြီး ဖုန်းပြောမှုနည်းသူအချို့က ဆွေသဟာအစီအစဉ်ကို စမ်းသုံးကြည့်ပြီးနောက် ဆက်မသုံးတော့ဘဲ ပြန်ပိတ်ပစ်ကြသည်။

"ကျွန်တော့်အမြင် ပြောရရင် တစ်လ ၁၂၀၀၀ ဖိုးလောက် ဖုန်းပြောနေတဲ့သူတွေအတွက် အင်တာနက် plan ကလွဲရင် သင့်တော်တယ်လို့ ထင်ပါတယ်။ ၁၂၀၀၀ plan ကို ယူရင် ၁ မိနစ် ၂၅ ကျပ်ပဲ ကျသွားတာကြောင့်ပါ။ အင်တာနက်အနေနဲ့အရင် တစ်မိနစ် ၂ ကျပ်/၄ကျပ် plan အဟောင်းကလည်း 3G မိတဲ့ နေရာတွေမှာဆိုရင် သုံးရတာမဆိုးဘူး။ အတိုင်းအတာ တစ်ခုအထိတော့ ကျေနပ်မှုရစေတယ်လို့ ပြောလို့ရပါတယ်။ အင်တာနက် plan ကို အခြားပြိုင်ဘက်တွေနီးပါး ဈေးလျှော့ပေးမယ်ဆိုရင် သူ့ရဲ့ဝန်ဆောင်မှုအထွေထွေအတွက် သင့်တော်သွားမှာပါ" ဟု MPT အသုံးပြုနေသူတစ်ဦးက ဆွေသဟာအစီအစဉ်နှင့်ပတ်သက်၍ ၎င်း၏အမြင်ကို ပြောသည်။

ပြည်သူတွေအတွက် ရွေးစရာ

အော်ပရေတာသုံးခု၏ ယှဉ်ပြိုင်မှုသည် ၂၀၁၄ တွင် မပီပြင်ခဲ့သော်လည်း ၂၀၁၅ တွင်မူ နှစ်ဆန်းပိုင်းမှစ၍ အရှိန်ရလာသည်နှင့်အမျှ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့ကြီးများမှ ဖုန်းအသုံးပြုနေသူများအတွက် ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများ ရရှိလာသည်။ အော်ရီဒူး၏ ဘောနပ်စ်အပိုပေးခြင်းနှင့် မြန်ဆန်သော အင်တာနက်စနစ်၊ တယ်လီနော၏ သတင်းအချက် အလက်စင်တာကဲ့သို့သော မိုဘိုင်းအခြေခံဝန်ဆောင်မှုများ၊ MPT ၏ ဘောနပ်စ်ပေးသည့် အစီအစဉ်နှင့်အသုံးပြုခ၊ ဝန်ဆောင်ခများလျှော့ချခြင်း စသည့် အစီအစဉ်များသည် မိုဘိုင်းဖုန်းအသုံးပြုနေသူများကို ပိုမိုအဆင်ပြေစေခဲ့သည်။

ရွေးချယ်စရာ ပိုမိုလာသဖြင့် မိမိတို့အတွက် အဆင်အပြေဆုံးဖြစ်မည့် ပုံစံများကို ရွေးချယ်အသုံးပြုလာကြသည်။ ဖုန်းပြောရန် အသုံးများသူက ဖုန်းပြောခသက်သာသော အော်ရီဒူးနှင့် တယ်လီနောတို့ကို အသုံးပြုမှုများလာပြီး အင်တာနက်ကို ဈေးနှုန်းသက်သာစွာဖြင့် ပုံမှန်သုံးလိုသူတို့က MPT ၏ တစ်မိနစ် ၂ ကျပ်နှင့် ၄ ကျပ် အစီအစဉ်များကို သုံးကြသည်။

ပိုကောင်းလာမည့်ဟန်းဆက်

အော်ပရေတာများ၏ ယှဉ်ပြိုင်မှုကြောင့် မိုဘိုင်းဖုန်းအသုံးပြုသူများအတွက် ပိုမိုအဆင်ပြေသည့် အချက်တစ်ခုမှာ ဈေးနှုန်းပိုသက်သာပြီး ပိုကောင်းသော ဟန်းဆက်များကိုပါ အသုံးပြုနိုင်ခွင့် ရရှိလာခြင်းဖြစ်ကြောင်း သိရသည်။ ယခင်က အခြားနိုင်ငံဈေးကွက်အတွက် ထုတ်လုပ်ထားသည့်ဟန်းဆက်ကို ပြည်တွင်းသို့ တင်သွင်းရောင်းချခြင်းသာ ရှိသော်လည်း ယခုအခါ ဟန်းဆက်ထုတ်လုပ်သူများအနေဖြင့် ဆင်းကတ်ရောင်းသည့် အော်ပရေတာများဖြင့် ပူးပေါင်းပြီး ပြည်တွင်းဈေးကွက်၊ ပြည်တွင်းအင်တာနက်မြန်နှုန်း၊ ပြည်တွင်းဖုန်းလိုင်းမိမှု၊ မြန်မာစာအလိုအလျောက်ပါဝင်ခြင်း စသည့် မြန်မာနိုင်ငံသားများအတွက် အကိုက်ညီဆုံး ဟန်းဆက်များကို စတင်ထုတ်လုပ်ရောင်းချနေပြီဖြစ်သကဲ့သို့ ရှေ့ဆက်၍လည်း ထိုသို့သော ဟန်းဆက်ထုတ်လုပ်မှုများ ပိုများလာဖွယ်ရှိကြောင်း ကမာရွတ်မြို့နယ်မှ ဟန်းဆက်အရောင်းဆိုင်ရှင်တစ်ဦးက ပြောသည်။

လက်ရှိ ဟန်းဆက်ဈေးကွက်တွင် ငွေကြေးမတတ်နိုင်သူများအနေဖြင့် ဈေးနှုန်းချိုသာသည့် Keypad ဟန်းဆက်များကို ဝယ်ယူအသုံးပြုသကဲ့သို့ ငွေကြေးတတ်နိုင်သူများအနေဖြင့်လည်း ဆင်းကတ်အတွက် ကုန်ကျမည့်ငွေကို ဟန်းဆက်တွင် ထည့်ပေါင်းအသုံးပြုသဖြင့် တန်ဖိုးနည်းနှင့် တန်ဖိုးမြင့် ဟန်းဆက်နှစ်မျိုးလုံး အရောင်းသွက်လျက်ရှိကြောင်း သိရသည်။

၂၀၁၅ အတွင်း မျှော်လင့်နိုင်စရာများ

၂၀၁၅ တွင် အော်ပရေတာသုံးဦး၏ ပြိုင်ဆိုင်မှုများ ပို၍များလာဖွယ်ရှိသည်။ အင်တာနက်သုံးသူများပြားသည့် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးဈေးကွက်များအတွက် MPT အနေဖြင့် အင်တာနက်သုံးခများကို ပို၍ဈေးသက်သာသော အစီအစဉ်ပြုလုပ်ပေးရန် လိုအပ်နေသေးသကဲ့သို့ ဖုန်းကို နယ်ဝေးယူသွားရန် အဆင်မပြေသော တယ်လီနောနှင့် အော်ရီဒူးတို့အနေဖြင့်လည်း ပိုမိုကျယ်ပြန့်သောကွန်ရက်များ တည်ဆောက်ရန် လိုအပ်နေသည်။

လက်ရှိ အခြေအနေများအရ အော်ပရေတာသုံးဦးလုံးကလည်း မိမိတို့၏ အားနည်းချက်များကို ဖြည့်စွက်ပြင်ဆင်ကာ ဝန်ဆောင်မှုများကို ပိုမိုကောင်းမွန်အောင် နည်းအမျိုးမျိုးဖြင့် ကြိုးစားတော့မည့် အလားအလာများကို တွေ့မြင်နေရပြီဖြစ်သည်။ သို့ဖြစ်ရာ ဖုန်းအသုံးပြုသူများအနေဖြင့် အော်ပရေတာများ၏ ယှဉ်ပြိုင်မှု ပို၍ အရှိန်မြင့်လာသည်နှင့်အမျှ ၂၀၁၅ ခုနှစ်အတွင်း ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများကို ပို၍သက်သာသော ဈေးနှုန်းများဖြင့် ရရှိနိုင်ဖွယ်ရှိသည်။

စိတ်ဝင်စားမှု မြင့်တက်နေတဲ့ အသစ်ထွက်ကုန်စည်သစ် Mi Note Pro

Xiaomi (ရှောင်မီ)ဆိုတဲ့ တရုတ်အမှတ်တံဆိပ်ကနေ Mi Note နဲ့ Mi Note Pro ဆိုတဲ့ စမတ်ဖုန်းမော်ဒယ်အသစ်နှစ်မျိုးကို တရုတ်နိုင်ငံဈေးကွက်အတွင်း စရောင်းဖို့ ဇန်နဝါရီ ၁၅ ရက်မှာ ကြော်ငြာခဲ့ပါတယ်။ ပြည်တွင်းဈေးကွက်ကို ဘယ်အချိန်ရောက်မယ် မသိရသေးပါဘူး။ ဒါပေမယ့် အရင်က ပြည်တွင်းဈေးကွက်ကိုရောက်ခဲ့ပြီးတော့ မြင့်မားလွန်းတဲ့ အရည်အသွေးနဲ့ သက်သာတဲ့ ဈေးနှုန်းတွေကြောင့် အချိန်တိုအတွင်း အကြီးအကျယ် လူကြိုက်များခဲ့တဲ့ Redmi Note Series မော်ဒယ်တွေရဲ့ အရှိန်ကြောင့် အခု Mi Note နဲ့ Mi Note Pro ကို ပြည်ပဈေးကွက်မှာ စတင်ကြေညာချိန်ကစလို့ မြန်မာနိုင်ငံက ဖုန်းအသုံးပြုသူတွေ စိတ်ဝင်စားနေကြပါတယ်။ Mi Note Pro ရဲ့ အချက်အလက်တွေကို ဖော်ပြလိုက်ပါတယ်။

သူရဖြိုး

Mi Note Pro

မျက်နှာပြင်အကျယ်	၅.၇ လက်မ။
ပရိုဆက်ဆာ	64 bit 8core; snapdragon810
စနစ်	အန်းဒရွိုက် ၄.၄.၄
မင်မိုရီ (RAM)	4 GB
မင်မိုရီ (Storage)	64 GB(internal)
ကင်မရာ	နောက်- 13.1 MP, ရှေ့- 5 MP
နက်ဝပ်	GSM- Micro/Nano Sim
ဈေးနှုန်း	၅၃၀ ဒေါ်လာ

လူပျောက်ကြော်ငြာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာကွက်သစ်နေ ကျွန်တော်၏ဇနီး မယဉ်နွယ်ခိုင် ၅/ရဘန(နိုင်)၁၀၂၅၅၇သည် ရွှေဘိုမြို့ရှိ ၎င်း၏အစ်မနေအိမ်သို့အလည်သွားရောက်ရာမှ ပြန်လည်ရောက်ရှိမလာပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။ လက်ခံထားသူများအား တရားဥပဒေအရ အရေးယူမည်ဖြစ်ပါကြောင်း။

ကိုထွန်းထွန်းနိုင် ၅/ရဘန(နိုင်)၁၄၉၁၄၅၊ ဖုန်း-၀၉-၂၅၉၁၁၅၉၀၉

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၃ယ/၄၅၂၃၄၊ New ANBO 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းဝင်းတင်၁၂/သကတ(နိုင်)၀၁၇၄၃၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၆ယ/၄၅၀၈၆၊ Zongshen 125 ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ဝင်း ၉/မခန(နိုင်)၂၀၁၀၆၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မြင်းခြံမြို့)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၇/၂၈၅၅ Toyota Mark II S/L(4×2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းဝင်းလှိုင် ၉/မရမ(နိုင်)၀၈၈၉၆၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၉ယ/၂၈၃၆၁ Sunbo 125 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးဖိုးညို ၅/စကန(နိုင်)၁၄၉၃၃၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9A/2482 TOYOTA COROLLA AE100 S/L(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှရီ ၁၂/လမတ(နိုင်)၀၁၁၇၀၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ က/ရပ်ကွက်၊ နွယ်သာကီ(၁)လမ်း၊ အမှတ်(၆၇၃၁/၂) ဟု ခေါ်တွင်သော အလျားပေ ၂၀×အနံ ၆၀ ပေအကျယ်ရှိ မြေနှင့်နေအိမ်အဆောက်အအုံအား တရားဝင်ပိုင်ဆိုင်ပြီး လိုအပ်သလို စီမံခန့်ခွဲရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း အတိအလင်းဝန်ခံကတိပြုသူ ဒေါ်ခင်ညို ၁၂/ဗဟန(နိုင်)၀၀၈၃၃၁ ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်၍ အဆိုပါအရောင်းအဝယ်ပြုလုပ်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူမည်သူမဆိုပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီး ကန့်ကွက်မည့်သူမရှိက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကိုကိုစံ LL.B အထက်တန်းရှေ့နေ(စဉ်-၂၅၁၈၅)
က/၄၅၃၊ နွယ်သာကီ(၆)လမ်း၊ မ/ဥက္ကလာ
ဖုန်း-၀၉-၄၂၁၀၆၅၄၁၅၊ ၀၉-၃၁၂၇၆၂၁၈

သွာနုတ္တသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း မခိုင်(ခ)မခင်သစ်နိုင်နှင့် အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့၊ ကံသာရပ်ကွက်၊ နယ်မြေ(၁၂)၊ ကုန်းမြင့်သာယာလမ်း၊ အမှတ် ၅၇နေ ဦးမေး(ခ)ဦးစံရွှေ-ဒေါ်လှရင်တို့၏သမီး မခိုင်(ခ)မခင်သစ်နိုင် ၁၃/တကန(နိုင်)၁၈၈၇၄၃သည် မိဘများ၏ဆိုဆုံးမမှုကိုနာခံခြင်းမရှိဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မိသားစု ဂုဏ်သိက္ခာကျဆင်းအောင် အရှက်မဲ့သည့်ကိစ္စရပ်ကို ၎င်းမှပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ သွာနုတ္တသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမေး(ခ)ဦးစံရွှေ ၁၃/တကန(နိုင်)၀၁၁၅၀၂
ဒေါ်လှရင် ၁၃/တကန(နိုင်)၀၁၁၅၀၃

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဈ/၆၁၂၀ ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းစိုး ၁/မညန(နိုင်)၁၁၃၃၉၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ တင်ပြသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မိုးညှင်း)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ည/၄၀၆၈ ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းစိုး ၁/မညန(နိုင်)၁၁၃၃၉၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ တင်ပြသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မိုးညှင်း)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၁၄၄၆၅၊ ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်လွင် ၉/တကန(နိုင်)၀၉၈၇၂၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရမည်းသင်း)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၃ယ/၃၇၅၁၇၊ Kenbo 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြင့် WDN -၁၉၆၄၀၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မိတ္ထီလာမြို့)

ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်နီလာစိုး MME-၆၅၀၀၅၄ ၏ Psno(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၅၃၇၀၇၁၀

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

လမ်းမများပေါ်ရှိ လမ်းတားတုံးများမရှိရန် စည်းကမ်း၊ စိတ်ဓာတ်၊ စေတနာကောင်းများလိုအပ်

လမ်းသွယ်-လမ်းဆုံ မီးပွိုင့်ထိပ်နေရာများတွင် လမ်းတားတုံးများချမထားဘဲ ချန်လှပ်။

ရန်ကုန်မြို့တွင်း စည်းကမ်းတကျ မောင်းနှင်ခြင်း၊ ရပ်နားခြင်း အားနည်းသည့်အတွက် ကားလမ်းမများပေါ်ရှိ မျဉ်းကြောင်းမျိုးစုံ၊ သင်္ကေတမျိုးစုံ၊ လမ်းညွှန်မျိုးစုံတို့နှင့် လုံလောက်မှုမရှိသဖြင့် သက်မဲ့ရုပ်ဝတ္ထုဖြစ်သော ကွန်ကရစ်လမ်းတားတုံးများနေရာချထားရာ လမ်းအများစုတွင် လမ်းတားတုံးများရှိနေပါသည်။ ယာဉ်ကြော ပိတ်ဆို့မှုကြောင့် လမ်းအသုံးပြုသူများ လမ်းများပေါ်တွင် အလဟဿ အချိန်ကုန်ဆုံးခြင်းများ၊ လိုင်းကားများပေါ်တွင် ဆင်းရဲဒုက္ခခံစီးနင်းနေရခြင်းများ ၊ သတ်မှတ်ယာဉ်စီးခထက် ပိုမိုပေးနေရခြင်းများ ခံစားနေရသည့်အတွက် အဓိကကျသော ယာဉ်ပိတ်ဆို့မှု လျော့ပါးရေးအတွက် နည်းလမ်းမျိုးစုံဖြင့် သက်ဆိုင်ရာက အကောင်အထည်ဖော်နေသည်။

၂၀၁၄ခုနှစ် နှစ်လယ်နောက်ပိုင်း ရန်ကုန်မြို့တွင် ဘတ်စ်ကားလမ်းမကြီးများ၏ လက်ယာဘက်ယာဉ်ကြောတွင် ခရီးသည်တင်ယာဉ်သီးသန့်လမ်းကြောင်း ဖော်ဆောင်ရန် မျဉ်းဝါတန်းများထင်ရှားစွာ ရေးဆွဲခဲ့သော်လည်း လိုင်းကားအချို့ လိုက်နာမှုအားနည်းနေသည်။

၂၀၁၄ခုနှစ် နိုဝင်ဘာလကုန်ပိုင်းမှစ၍ တစ်လမ်းမောင်း အနော်ရထာလမ်းမကြီးပေါ်တွင် အရှေ့ဘက် ဗိုလ်တထောင်ဘုရားလမ်း၊ အနောက်ဘက်ကမ်းနားလမ်း (ရွာသစ်ချောင်း) အပိုင်းရှိ မျဉ်းဝါတန်းပေါ်တွင် လမ်းတားကွန်ကရစ်တုံးပေါင်း ၂၄၂ တုံးချထားခြင်းဖြင့် ခရီးသည်တင်သီးသန့် ယာဉ်လမ်းကြောင်းကို စမ်းသပ် ဖော်ဆောင်နေသည်ကို မြင်တွေ့ရသည်။ လမ်းသွယ်ထိပ်များ၊ မီးပွိုင့်လမ်းဆုံထိပ်နေရာများ လုံလောက်သော အကွာအဝေး အတိုင်းအတာထိ တုံးများချထားခြင်းမပြုဘဲ နေရာလပ်ချန်ထားသည်ကို မြင်တွေ့ရသည်။ လသာမြို့နယ်အတွင်း လသာလမ်းသို့ ချိုးကွေ့ရန်အတွက် အနော်ရထာလမ်းမကြီး၏ ဆေးရုံကြီးအုတ်ထရံဘေးတစ်လျှောက် လမ်းပိုင်းတွင် လသာလမ်းထိပ်မရောက်မီ နေရာမှလွဲ၍ လမ်းတားတုံးများကို တန်းစီချထားသည်မှာ အရှည်ဆုံးဖြစ်နေသကဲ့သို့ ယာဉ်လမ်းကြောင်းအတွင်း ယာဉ်ရှင်းနေသည့် အချိန်များနေသည်ကို မြင်တွေ့ရသည်။

သီးသန့် လမ်းကြောင်းအတွက် လမ်းတားတုံးများချအပြီး ယနေ့အထိ လိုင်းကားများ တစ်စီးနှင့်တစ်စီးကျော်တက် မောင်းနှင်ခြင်းမတွေ့ရသကဲ့သို့ မှတ်တိုင်များတွင် ယခင်ကာလကကဲ့သို့ အချိန်ကြာမြင့်စွာ ခရီးသည်စောင့်တင်ခြင်းများ လျော့နည်းသွားသည်။

သီးသန့်ယာဉ် လမ်းကြောင်း ပြင်ပယာဉ်ကြောများတွင် လိုင်းကားများ မြင်တွေ့ရမှုနည်းသော်လည်း ယာဉ်ငယ်မျိုးစုံ သီးသန့်ယာဉ်လမ်းကြောင်းအတွင်း တစ်စီး၊ နှစ်စီး သာမက အုပ်စုလိုက်စီတန်းမောင်းနှင်နေမှုကို ပန်းဘဲတန်း၊ ကျောက်တံတားမြို့နယ်များအတွင်းရှိ အပိုင်းတွင် နေ့စဉ်မြင်တွေ့နေရသည်။ ယင်းသို့ မောင်းနှင်မှုအပေါ် မြင်တွေ့နေရသော လမ်းမများပေါ်ရှိ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ တာဝန်ရှိသူများက အရေးယူမှုအားနည်းနေ၍ ယနေ့တိုင် အနော်ရထာလမ်းမပေါ်တွင် သီးသန့်ခရီးသည်တင်ယာဉ်လမ်းကြောင်း ဖော်ဆောင်နေချိန်တွင် ယာဉ်ပိတ်မှု ဆက်လက်ကြုံတွေ့နေရဆဲဖြစ်ရသည်ဟု ဘုရင့်နောင်ပွဲရုံဝင်းတွင် အလုပ်လုပ်နေသော တာမွေမြို့နယ်နေ ဒေါ်နွဲ့ရီက ဆိုသည်။

ရန်ကုန်မြို့လယ် အနော်ရထာလမ်းပိုင်းတွင် ဖြူ၊ နီ၊ ကျား သင်္ကေတများ ရေးဆွဲထားပြီး ကန့်သတ်ဇုန်အတွင်း လမ်းဘေးတွင် ယာဉ်ရပ်နားခကောက်ခံမှုကိုလည်း သက်ဆိုင်ရာမှ ၂၀၁၄ ဒီဇင်ဘာလဆန်းတွင် စတင်ရပ်နားထားသည်။

လမ်းဘေးယာဉ်ရပ်နားမှုမရှိသော ပုဇွန်တောင်မြို့နယ် အထက(၆) ရှေ့ရှိ သီးသန့်ခရီးသည်တင်ယာဉ်လမ်းကြောင်းဘေးနေရာတွင် မိနီဘတ်စ်နှင့်ယာဉ်ငယ်အချို့ ယာဉ်ပိတ်ချိန်တွင် ယာဉ်ကြောတစ်ကြောအဖြစ် အသုံးပြုမောင်းနှင်သကဲ့သို့ လမ်း ၄၀ နှင့် လသာမှတ်တိုင်ဝန်းကျင်တို့တွင် ယာဉ်နှစ်ထပ်အဖြစ် ခရီးသည် စောင့်ဆိုင်း တင်ဆောင်နေကြောင်း မြင်တွေ့နေရသည်။

ဇန်နဝါရီ ၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြသော ပုဇွန်တောင်တွင် လိုင်းကားနှစ်စီး နောက်ကြည့်မှန်ချိတ်၍ ယာဉ်ကြောပိတ်သတင်းနှင့် ယာဉ်ကြောပိတ်ဆို့မှုဖြေရှင်းပေးခြင်း ခရီးပေါက်ရဲ့လား ဆိုသော ဆောင်းပါးတို့ကို ဖတ်ရှုရခြင်းဖြင့် လမ်းမများပေါ်တွင် လမ်းတားတုံးများ ရှိနေရသည့်အကြောင်းရင်းနှင့် လမ်းမများပေါ်ရှိ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ တာဝန်ရှိသူများ၏ အင်အား၊ စိတ်ဓာတ်၊ စေတနာနှင့် တာဝန်ကျေပွန်မှုတို့လိုအပ်ကြောင်း၊ လမ်းမများပေါ်မှ စည်းကမ်းမဲ့မှုများကို လမ်းသွားလမ်းလာများက လက်ကိုင်ဖုန်းများဖြင့် လွယ်လင့်တကူ မှတ်တမ်းတင်နေခြင်းများကိုရယူပြီး ထိရောက်စွာအရေးယူပေးခြင်း၊ ပွင့်လင်းမြင်သာစွာ အရေးယူမှုကို အများပြည်သူထံချပေးခြင်းတို့သည် အရေးပါသော အခန်းကဏ္ဍတွင်ရှိနေသည်ဟု သိရသည်။

လမ်းတား ကွန်ကရစ်တုံးတစ်တုံး၏တန်ဖိုးမည်မျှရှိသည်ကို တရားဝင်မသိရှိသော်လည်း လမ်းအသုံးပြုသူများ စည်းကမ်းရှိရေး၊ သက်မဲ့ကွန်ကရစ်တုံးများ ရန်ကုန်မြို့တွင်းနေရာချထားမှုတွင် ငွေကြေးကုန်ကျမှုများနိုင်သကဲ့သို့ လမ်းအသုံးပြုသူများမှာလည်း စည်းကမ်းတကျမောင်းနှင်သွားလာရန် အထူးအရေးကြီးသည်။

အခြားသော တိုင်းပြည်များနှင့် ယှဉ်၍ အမြင်မတင့်တယ်သော ရန်ကုန်မြို့တွင်း လမ်းများပေါ်တွင် မြင်တွေ့နေရသော ကွန်ကရစ်လမ်းတားတုံးများ ဖယ်ရှားလိုလျှင် လမ်းအသုံးပြုသူများနှင့်တကွ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ တာဝန်ယူနေရသည့်ပုဂ္ဂိုလ်များပါ စည်းကမ်း၊ စိတ်ဓာတ်၊ စေတနာကောင်းများဖြင့် လုပ်ဆောင်မှုပေါ်တွင် အဓိကကျပါသည်ဟု စာရေးသူ၏ကိုယ်ပိုင်အမြင်ကို ထပ်ဆင့် တင်ပြရေးသားလိုက်ပါသည်။

ခင်ဆိုင်

သက်မဲ့ကွန်ကရစ်တုံးများ ရန်ကုန်မြို့တွင်းနေရာချထားမှုတွင် ငွေကြေးကုန်ကျမှုများနိုင်သကဲ့သို့ လမ်းအသုံးပြုသူများမှာလည်း စည်းကမ်းတကျမောင်းနှင်သွားလာရန် အထူးအရေးကြီးသည်။

လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ပဉ္စမပွဲစဉ်ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၇

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် JUNIOR GOLF MYANMAR (JGM) က ကြီးမှူးကျင်းပသော 5th JUNIOR GOLF MYANMAR TOURNAMENT 2015 လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇန်နဝါရီ ၂၉ ရက်နှင့် ၃၀ တို့ရက်တွင် ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကလပ်၌ ကျင်းပမည် ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲတွင် အသက် ၂၀ နှစ်အောက်အမျိုးသား အမျိုးသမီး သက်တန်းအလိုက် ပြိုင်ပွဲများဟူ၍ ကျင်းပမည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်ကြမည့် လူငယ်ဂေါက်သီးရိုက်အားကစားသမားများသည် ဇန်နဝါရီ ၂၇ ရက် မွန်းတည့် ၁၂ နာရီနောက်ဆုံးထား၍ အမည်စာရင်းနှင့်ပူးတွဲ၍ မွေးစာရင်း သို့မဟုတ် မှတ်ပုံတင် (မူရင်း/မိတ္တူ)များနှင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်သို့ စာရင်းပေးသွင်းရမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲ၌ သက်တမ်းအလိုက် လူငယ်ဂေါက်သီးရိုက်အားကစားသမားများကို ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဖြစ်ရာ တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ပါဝင် ကူညီပံ့ပိုးနိုင်ကြသည်။

လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲနှင့်စပ်လျဉ်း၍ သိရှိလိုပါက ဖုန်း-၀၉-၂၅၄၂၂၅၀၇၀၊ ၀၁-၉၆၆၉၅၂၆ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်သည်။

မျိုးဆက်သစ်လူငယ်အားကစားသမားများ ပေါ်ထွက်လာရေးအတွက် လစဉ်ပြိုင်ပွဲများ ကျင်းပလျက်ရှိကြောင်း သိရသည်။

(မြန်မာ့အလင်း)

သစ်တောတက္ကသိုလ် မောင်မယ်သစ်လွင်ကြိုဆိုပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၇

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရေဆင်းသစ်တောတက္ကသိုလ် (၂၀၁၄-၂၀၁၅)ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကိုဇန်နဝါရီ ၁၅ ရက်က သစ်တောတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် သစ်တောတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြင့်ဦးနှင့် ဒုတိယပါမောက္ခချုပ်ဒေါက်တာစန်းဝင်းတို့က (၂၀၁၄-၂၀၁၅)ပညာသင်နှစ် ပထမနှစ်ကျောင်းသား ကျောင်းသူများကို ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး သစ်တောတက္ကသိုလ် အနုပညာအသင်းမှ ကျောင်းသားကျောင်းသူများက တေးဂီတဖျော်ဖြေပေးခဲ့ကြောင်း သိရသည်။ **(၄၀၆)**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ၁စ/၁၈၄၂၊ BMW 7351, S/L (4×2)R ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းငွေ ၁၂/လသန(နိုင်)၀၀၆၄၆၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

လူပျောက်ကြော်ငြာ

ဦးလှတင်ရွှေ၏သမီး မနော်ထူးထူးဇော အသက် (၂၆)နှစ် ၁၂/တကန(နိုင်)၁၇၂၇၃၃ သည် နွယ်သာကီ(၇)လမ်း၊ (က)ရပ်ကွက်၊ မြောက်ဥက္ကလာနေအိမ်မှ ၃၁-၁၂-၂၀၁၄ရက်တွင် နိုင်ငံခြားခရီးသွားမည်ဟုပြောဆို၍ လေဆိပ်သို့ထွက်သွားရာမှ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ လက်ခံထားသူအားအရေးယူမည်။

ဒေါ်မာလာထွန်း၊ ဖုန်း-၀၉-၂၅၀၅၅၀၀၂၂၊ ၀၉-၄၄၈၀၄၀၉၃၂

လူပျောက်ကြော်ငြာ

အထက်ပါဓာတ်ပုံရှင် မဝေယံဝင်း ၁၄/ညတန(နိုင်)၁၁၀၆၅၄သည် နေအိမ်မှ ထွက်သွားပါသည်။ တွေ့ရှိပါက အကြောင်းကြားပါ။ လက်ခံထားသူ တရားဥပဒေအရ အရေးယူမည်။

ဆက်သွယ်ရန်ဖုန်း-၀၉-၃၁၁၃၉၅၆၉

နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးခြင်း

ဦးအာကာမင်းမင်း ၁၂/ကခက(နိုင်)၀၆၅၁၅၄ နှင့် ဒေါ်မေသဲစု ၁၄/ဖပန(နိုင်)၁၃၉၂၉၇ တို့သည် ၂-၁၀-၂၀၁၄ ရက်တွင် ဗန်းမော်မြို့နယ် တရားရုံး မြို့နယ်တရားသူကြီး ဦးစံရွှေသိန်း ၏ရှေ့မှောက်၌ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း။

ဦးအာကာမင်းမင်း

အထွေထွေကိုယ်စားလှယ်လွှဲပြောင်းခြင်းအားရုပ်သိမ်းခြင်း

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ဆင်ဖြူကျွန်း(၁)နေ ဦးထွန်းရွှေ၏သမီး ဒေါ်ညွန့်ရီ ၈/စလန(နိုင်)၀၁၄၅၇၇ မှ သား ဦးဝင်းနိုင်ဦး ၈/စလန(နိုင်) ၀၀၇၇၁ (ဘ)ဦးထွန်းရွှေအား ကားငှားရမ်းခြင်းကိစ္စအတွက် GENERAL POWER ကိုယ်စားလှယ်လွှဲပြောင်းထားခြင်း အမှတ်(၂၆/၂၀၀၉)ကားအပ်နှံပြီးဖြစ်ပါ၍ အထွေထွေကိုယ်စားလှယ်လွှဲအပ်မှုအား ရုပ်သိမ်းပြီးစီးကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ညွန့်ရီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရန်အောင် (၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၂/ဂုဏ်တန်တောင်၊ မြေကွက်/ဦးပိုင်အမှတ် ၁၈၆၊ ဧရိယာ ၀ ဒသမ ၀၇၈ ဧကရှိ ဒေါ်တီ အမည်ဖြင့်ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား ဦးခင်မောင်မြင့်၊ ဦးနိုင်မျိုးဇော် (အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ) ၉/ပမန(နိုင်) ၀၃၄၅၇၂၊ ၉/ပမန(နိုင်)၁၄၃၂၇၇ (ဘ)ဦးမွေးနီ၊ ဦးခင်မောင်မြင့်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရန်အောင်(၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၇/ရန်အောင်မြောက်၊ မြေကွက်/ဦးပိုင်အမှတ် ၉၇၊ ဧရိယာ ၀ ဒသမ ၀၃၆ ဧကရှိ ဦးချစ်မောင်(ပါ)၄ အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဒေါ်စန်းရီ(ပါ)၃၊ ဦးဖိုးကောင်း(ပါ)၈ ၁၂/တမန(နိုင်)၀၇၀၈၅၀၊ ၉/မတလ(နိုင်) ၂၁၇၀၆၅ (ဘ)ဦးလှတင်၊ ဦးလှမောင်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ အောက်ဖော်ပြပါရုံးသို့ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၊ ရတနာ ဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက်ရပ်၊ မြေကွက်အမှတ် (ပ-၁၅၁၂)၊ ဧရိယာ ၀ဒသမ၁၄၆ ဧက၊ မြေကွက်တည်နေရာ (ပ-၁၅၁၂)၊ ရတနာဒီပရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်ရှိ ဦးလှဝင်း အမည်ပေါက် ဂရန်မြေအား ဦးကျော်ဇောလင်း ၉/ပမန(နိုင်)၁၃၄၉၅၀ (ဘ)ဦးစိန်အေး မှပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားစာချုပ်အမည်ပြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာလိုက်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေ စီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/မြို့မအနောက်ရပ်၊ ဇဝနဒီပရပ်ကွက် မြေကွက်အမှတ်(ပ-၃၀၂၅၉)၊ ဧရိယာ ၀ဒသမ၀၅၅ ဧကရှိ ဦးသိန်းအောင် အမည်ပေါက် နှစ်၃၀အငှားဂရန်မြေကွက်အား ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ဌာနမှူးရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၇၇၇၀/၂၀၁၃ ၁၅-၅-၂၀၁၃ ဖြင့် ဦးသိန်းအောင်မှ ကိုယ်စားလှယ်လွှဲအပ်ခြင်းခံထားရသူ ဦးကျော်စွာဝင်း ၇/ညလပ(နိုင်)၀၉၆၁၉၃ (ဘ)ဦးကျော်ဝင်းမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ အောက်ဖော်ပြပါရုံးသို့ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာလိုက်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းအဆင့်(၁)၊ မြေကွက်အမှတ် ၁၇၆၈ အမည်ပေါက် ဦးခင်ဦး၏ မြေကွက်အားဝယ်ယူပိုင်ဆိုင်သူ ဦးဇော်မင်းထွန်း ၁၂/ခရန(နိုင်)၀၀၁၅၅၁ မှ အရောင်းအဝယ်စာချုပ်(မူရင်း) တင်ပြပြီး မြေကွက်စလစ်(မူရင်း)နှင့် ငွေသွင်းချလန်(မူရင်း)ပျောက်ဆုံးသွားပါသဖြင့် မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာပါ၍ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေချပါမစ်ထုတ်ပေးရန်ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

သတင်းတိုများ

တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေးဆွေးနွေး

စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် သလဲဘာကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ပညာသင်ကြားလျက်ရှိသော တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများအောင်ချက်မြင့်မားရေးအတွက် မန္တလေးတက္ကသိုလ်မှ မြန်မာစာကထိက ဒေါက်တာဝင်းမင်းသိန်း၊ အင်္ဂလိပ်စာ ပါမောက္ခ(ငြိမ်း)ဒေါ်ညွန့်ဆွေ၊ ဦးဝေလွင်ထွန်း(သင်္ချာ)၊ ဒေါက်တာဝင်းဝင်းခိုင်(ဓာတု)၊ ဒေါက်တာနေလင်းအောင် (ရူပဗေဒ)၊ ဒေါက်တာအောင်မေစိန်(ဇီဝဗေဒ)၊ ဒေါ်နန်းမြညွန့်(ဘောဂဗေဒ)နှင့်အဖွဲ့သည် အခမဲ့ပညာသင်ကြားဆွေးနွေးပို့ချကြကြောင်း သိရသည်။ **အောင်ကျော်ထွန်း(ပုသိမ်ကြီး)**

တရားမဝင် ကျင်းထုံခြင်နိုင်ဆေးခွေများဖျက်ဆီး

မန္တလေး-မူဆယ် ကားလမ်းတစ်လျှောက် စားသုံးသူအကာအကွယ်ပေးရေးနှင့် တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးညွှန်ကြားရေးမှူး ဦးသိန်းဝင်း ဦးစီးသော အဖွဲ့သည် နောင်ချိုမြို့အဝင် အေးရှားဝေါလ်တိုးဂိတ်အနီးတွင် ခရီးသည်ယာဉ် ကုန်တင်ယာဉ်များကို စစ်ဆေးရာ မူဆယ်ဘက်မှ မန္တလေးဘက်သို့မောင်းနှင်လာသည့် ယာဉ်များ ပေါ်မှ တရားမဝင်တင်ဆောင်လာသော တစ်ဖက်နိုင်ငံထုတ် ကျင်းထုံခြင်နိုင် ဆေးခွေဘူး ၁၄၈၀၀ တို့ကို ရှာဖွေတွေ့ရှိသိမ်းဆည်းရမိသောကြောင့် မြေမြုပ်၊ ရေဖျန်း၊ ဖျက်ဆီးခဲ့ကြောင်း သိရသည်။ **(ဝဇ၁)**

ကျေးလက်လူငယ်သင်တန်းဖွင့်

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော ကျေးလက်လူငယ်သင်တန်း(၁/၂၀၁၅)ဖွင့်ပွဲကို ဇန်နဝါရီ ၁၀ ရက်က ညောင်လေးပင်မြို့နယ် ငှက်ပျောတောကျေးရွာ၌ ကျင်းပသည်။

ယခုဖွင့်လှစ်သောသင်တန်းသို့ ကျေးရွာအုပ်စု ၁၂ အုပ်စု၊ ကျေးရွာ ၄၃ ရွာမှ စုဖွဲ့ထားသော ကျေးလက်လူငယ်အင်အား ၁၀၀ ကျော် တက်ရောက်ခဲ့ကြပြီး သင်တန်းကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်း၍တာဝန်ရှိသူများက သင်ကြားပို့ချကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် လဝကရုံးမှ မိုးပွင့်အထူးစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးမှုကို ဇန်နဝါရီ ၁၅ ရက်က အောင်သုခကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ လဝကညွှန်ကြားရေးမှူး ဦးချိုထွန်းက ဒေသခံတစ်ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်စဉ်။ ကိုကိုရူပ

ကမ္ဘာ့ပထမဦးဆုံး ကျောက်စိမ်းစေတီတော်ဖူးမြော်သူများ

ဝေရောစန ကျောက်စိမ်းစေတီတော်မြတ်ကြီး တည်ထားကိုးကွယ်ထားရှိမှုမှာ ပြီးစီးနေပြီဖြစ်၍ မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်မှ လာရောက် ဖူးမြော်သူများနှင့် နိုင်ငံခြားသား ခရီးသွားဧည့်သည်များပါ လာရောက်ဖူးမြော်ကြရာ ဘုရားဖူးများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ကျောက်စိမ်းစေတီတော်မြတ်ကြီးကို မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဆင်ရွာမြင်းမှူးကျေးရွာအုပ်စု ကွင်းအမှတ်(၆၂၈) ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၏ မိုင်တိုင် (၃၆၁)အနောက် ပေ ၆၀၀ ခန့်နှင့် စစ်ကိုင်း-မြစ်ငယ်ကားလမ်း၏ မိုင်တိုင် (၄/၇) တောင်ဘက် ပေတစ်ထောင်ခန့်အကွာ ငါးဧကအကျယ်အဝန်းရှိ ကုန်းမြေတွင် တည်ထားခြင်းဖြစ်ရာ ရင်ပြင် တော်အကျယ်အဝန်းမှာ ၁၃၃ ပေခြောက်လက်မနှင့် အနံ ၁၃၃ ပေခြောက်လက်မရှိသည်။

ထီးတော်မပါ ဉာဏ်တော်အမြင့် ၇၅ ပေခြောက်လက်မ၊ လုံးပတ်တော် ၁၇၆ ပေ၊ ပန်းတင်ခုံမှာ အလျား ၅၂ ပေ ခြောက်လက်မ၊ အနံ ၅၂ ပေခြောက်လက်မနှင့် အမြင့် ၁၂ ပေ၊ ထီးတော်အမြင့် ခုနစ်ပေ၊ ငှက်ပျောဖူး အမြင့်ရှစ်ပေ ခြောက်လက်မရှိကြောင်း သိရသည်။ ပန်းတင်ခုံအတွင်းရှိ မုခ်ဦးလေးခု၌ ပူဇော်ကိုးကွယ်ထားရှိသည့် ကျောက်စိမ်းရုပ်ပွားတော်များ၏ ဉာဏ်တော်များမှာ အရှေ့ဘက်မုခ်ဦးရှိ ရုပ်ပွားတော်မှာ ဉာဏ်တော် ၄၉ လက်မ၊ အနောက်ဘက်မုခ်ဦးရှိ ရုပ်ပွားတော်မှာ ဉာဏ်တော် ၃၁ လက်မ၊ တောင်ဘက်မုခ်ဦးရှိ ရုပ်ပွားတော်မှာ ၄၉ လက်မခွဲနှင့် မြောက်ဘက်မုခ်ဦးရှိ ရုပ်ပွားတော်မှာ ၅၀ လက်မခွဲရှိသည်။

စေတီတော်တွင် နှစ်လက်မ ပတ်လည် အရွယ်အစားရှိ ကျောက်စိမ်းဆင်းတုတော်ပေါင်း သုံးသောင်းကို ကပ်လှူပူဇော်ထားသည်။ ထို့ပြင် မုခ်ဦးလေးခုရှိ တံကဲဥယျာဉ်ခေါ် ဥကင်တော်ဥယျာဉ်တို့ရှိ ဒုယင်ဗိမာန်တွင်မြတ်ဗုဒ္ဓ၏ဖွားမြင်တော်မူခန်း၊ ပွင့်တော်မူခန်း၊ ဓမ္မစကြာတရားဦးဟောတော်မူခန်းနှင့် ပရိနိဗ္ဗာန်စံတော်မူခန်း၊ ရုပ်ပွားတော်များ၏ စေတီတော်ပတ်လည်တွင် ပါရမီတော် ၁၀ ပါး ကျောက်စိမ်းစာလုံးများ၊ ပန်းတင်ခုံနံရံအထက်တွင် အောင်ခြင်းရှစ်ပါးအောင်တော်မူခန်းများ၊ ဇာတ်တော်ကြီး ၁၀ ဘွဲ့ အစရှိသော ကျောက်စိမ်းပန်းချီကားများ ထည့်သွင်း ပူဇော်ထားလျက်ရှိသည်။ ထို့အတူ အရှေ့ဘက်အထက်ပစ္စယံ၊ တောင်ဘက် အထက်ပစ္စယံ၊ အနောက်ဘက် အထက်ပစ္စယံ၊ မြောက်ဘက် အထက်ပစ္စယံတို့တွင် ကျောက်စိမ်းဆင်းတုတော်တစ်ဆူတို့ကို လည်းကောင်း၊ ပထမပစ္စယံ၊ ဒုတိယပစ္စယံ၊ တတိယပစ္စယံတို့တွင် ဗောဓိညောင်ပင်နှင့် ဘူမိဖဿမုဒြာ ဗုဒ္ဓရုပ်ပွားတော်၊ ဈာနမုဒြာဗုဒ္ဓရုပ်ပွားတော်၊ သန္တိဒမုဒြာဗုဒ္ဓရုပ်ပွားတော်၊ အဘယမုဒြာ ဗုဒ္ဓရုပ်ပွားတော်၊ စိဝရဟတ္ထမုဒြာ ဗုဒ္ဓရုပ်ပွားတော်တို့ကို လည်းကောင်း၊ မုခ်လေးခုတံကဲဝဲယာတို့တွင် မဟာဗောဓိပုံသဏ္ဌာန် ကျောက်စိမ်းရုပ်ပုံတို့ကို လည်းအသီးသီးပုံဖော်ပူဇော်ထားသည်။

ကမ္ဘာတည်သရွေ့ကျောက်စိမ်းစေတီတော်မြတ်ကြီး တည်ရှိနေရေးအတွက် ရည်ရွယ်ကာ ငလျင်ဒဏ်ရစ်ချ်တာစကေး ၆ ဒသမ ၅၉ နှင့် လေဒဏ်များ ခံနိုင်ရည်ရှိစေရန် ကမ္ဘာ့နောက်ဆုံးပေါ် တည်ဆောက်ရေးစနစ်ဖြစ်သည့် ဘိုးပိုင်စနစ်ဖြင့် အတူ သံကူကွန်ကရစ်၊ အဆင့်မြင့် သံမဏိစတီးလ်များအသုံးပြု၍အမာခံ တည်ဆောက်ထားခြင်း ဖြစ်သည်။

စေတီတော် တည်ဆောက်ထားမှု အလုံးစုံတွင် ကျောက်စိမ်းအရိုင်းတွဲများနှင့် အုတ်တစ်ချပ်မျှ ပါဝင်ခြင်းမရှိဘဲ နိုင်ငံတကာဈေးကွက်ဝင် အရည်အသွေးကောင်းမွန်သည့် အေ၊ ဘီ၊ စီ၊ ဒီ အဆင့်ရှိ ကျောက်စိမ်း စုစုပေါင်းတန်ချိန် တစ်ထောင်ကျော်ကို အသုံးပြုထားခြင်းဖြစ်ပြီး ကျောက်စိမ်းအထည်ကျောက်တန်ချိန် ၈၅၀ ကို ဌာပနာ ထည့်သွင်းထားပြီး ငှက်ပျောဖူးတော်တွင်မူ အေအဆင့်ရှိ ကျောက်စိမ်းများဖြင့် ပူဇော်ထားရှိခြင်းဖြစ်သည့်အပြင် စိန်ဖူးတော်ကြီးမှာလည်း ကျောက်စိမ်းဖြင့်သာ ပြုလုပ်ထားသည့် စိန်ဖူးတော်ကြီးဖြစ်သည်။

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် အရည်အသွေးအကောင်းဆုံး ကျောက်စိမ်းများထွက်ရှိရာ နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ကျောက်စိမ်းဆိုသည်မှာ ရတနာကိုးပါးအနက် တစ်ပါးအပါအဝင်ဖြစ်ပြီး သဘာဝသယံဇာတပစ္စည်း ဖြစ်သောကြောင့် နောင်တစ်ချိန်ဝယ် ကွယ်ပျောက်နိုင်ချေရှိသည်။

ကျောက်စိမ်း စေတီတော်မြတ်ကြီးဆိုသည်မှာ မြန်မာနိုင်ငံတွင်သာ တည်ရှိရမည်ဟူသော ရည်ရွယ်ချက်များဖြင့် တည်ထားခြင်းဖြစ်သောကြောင့် နိုင်ငံအတွက် အထင်ကရ ပြယုဂ်တစ်ခုဖြစ်လာမည်ဖြစ်သည်။ ကမ္ဘာ့ဂင်းနက်စ်မှတ်တမ်းဝင်သည်အထိ ရည်မှန်းထားသည်ဖြစ်ရာ ပြည်တွင်းရှိ နိုင်ငံတကာ ခရီးသွားလုပ်ငန်းများ ပိုမို ဖွံ့ဖြိုးတိုးတက်လာစေနိုင်သည်။

အကယ်၍ ကျောက်စိမ်းသယံဇာတ ကုန်ဆုံးသွားချိန် ရောက်ရှိပါက မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် အရည်အသွေးအကောင်းဆုံး ကျောက်စိမ်းများ ထွက်ရှိရာနိုင်ငံဖြစ်သည်ဆိုသည့်အချက်ကို ကျောက်စိမ်းစေတီတော်ကြီးကသာ အခိုင်အမာ ရည်ညွှန်းပြသပေးနိုင်မည်ဖြစ်သည်။ ယခုကဲ့သို့ စေတီတော်မြတ်ကြီးသည် ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံမှလွဲ၍ အခြားမည်သည့် နိုင်ငံများတွင်မှ ထပ်မံတည်ထားရန် မဖြစ်နိုင်သော ထူးခြားသည့် ကျောက်စိမ်းစေတီတော်မြတ်ကြီးပင်ဖြစ်ပါတော့သည်။ **မောင်မောင်စိုး(မြစ်ငယ်)**

အိတ်ဖွင့်သယ်ပို့တင်ဒါခေါ်ယူခြင်း

၁။ အမှတ် (၃)အကြီးစားစက်မှုလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)မှ အမှတ်(၃၆)အကြီးစားစက်ရုံ(ကျောက်ဆည်)သို့ Na_2So_4 Salt Cake (400) Tons သယ်ယူလိုပါသည်။

၂။ တင်ဒါပိတ်ရက်မှာ ၂၀-၁-၂၀၁၅ ရက် ၁၅း၃၀ နာရီဖြစ်ပါသည်။တင်ဒါပုံစံများအား အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ ထုတ်လုပ်ရေးဌာန၊ ရုံးအမှတ်(၄၁)နေပြည်တော်တွင်ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းပြီး တင်ဒါများလာရောက် ဝယ်ယူနိုင်ပါသည်။

တင်ဒါပုံစံတရားဝင် ဝယ်ယူထားသူများထံမှ တင်ဒါကိုသာ လက်ခံပါမည်။

(အသေးစိတ်သိလိုပါက စုံစမ်းရန် ဖုန်း-၀၆၇-၄၀၈၃၆၀)

အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့်စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာ အသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၁၉-၁-၂၀၁၅ ရက်

၃။ **တင်ဒါပိတ်မည့်ရက်** - ၂၃-၁-၂၀၁၅ ရက်

၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀ နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် (၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၄)၊ မြေကွက်အမှတ်(၉၇)၊ အလျားပေ ၂၀×အနံပေ ၆၀ ရှိသော ဦးဂေါ်ရာ(ခ) ဦးသန်းထွန်း O/RGN-၀၀၄၉၅၄ အမည်ပေါက်စက်မှုဇုန်မြေချပါမစ်၊ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၄)ရပ်ကွက်၊ ချင်းတွင်းလမ်း၊ အမှတ်(ဘီ-၉၇) ဟုခေါ်တွင်သော ဆိုင်ခန်းနှင့်မြေကွက်ပေါ်ရှိ တွယ်ကပ်ဆက်စပ်သမျှ အကျိုးခံစားခွင့်အရပ်ရပ်ကို ၎င်းထံမှ ဦးသန်းထွန်း PAG-၁၆၃၂၂၆ ကလည်းကောင်း၊ ၎င်းထံမှ ဦးကျော်မင်းလွင် ၁၂/ပဇတ(နိုင်)၀၀၄၈၇၄ ကလည်းကောင်း၊ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူလက်ရှိထားပြီး တစ်ဆင့်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးကျော်မင်းလွင် ၁၂/ပဇတ(နိုင်)၀၀၄၈၇၄ ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ပစ္စည်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သောငွေကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆိုင်ခန်းတို့နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ ကန့်ကွက်အရေးဆိုလိုသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံစာရွက်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် ကိုယ်တိုင်လာရောက်ကန့်ကွက်တင်ပြနိုင်ပါသည်။ သတ်မှတ်ရက်ပြည့်သည်အထိ ကန့်ကွက်အရေးဆိုသူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးသန်းအောင် LL.B အထက်တန်းရှေ့နေ (စဉ်-၂၀၁၈၅)
အမှတ်(၇၉)၊ ၁၀၁ လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်၊
ဖုန်း-၀၉-၇၃၀၃၅၇၆၉

ကန့်ကွက်နိုင်ပါကြောင်း

မိတ္ထီလာမြို့၊ ဇောင်ချမ်းကုန်းအုပ်စု၊ အကွက်အမှတ်(၁၉-ဠ)၊ ဇောင်ချမ်းကုန်း၊ မြေကွက်အမှတ်(၈၀)၊ ဧရိယာ ၀ ဒသမ ၀၆၀ ဧကရှိ မြေကွက်အား ဗိုလ်ကြီးတင်ဦး အမည်ဖြင့် D.O.R.P(NO)739,96/97 အရ (၆-၆-၉၇ မှ ၅-၆-၂၀၂၇)အထိ နှစ်(၃၀)ဂရန်ရရှိထားပြီး မြေကွက်ဖြစ်ပါသည်။ ၎င်းဂရန်မူရင်းပျောက်ဆုံးသွားသည်မှာ မှန်ကန်ပါကြောင်းနှင့် ကျွန်တော်ဦးမျိုးသက်ဦးသည် မယားညီအစ်ကိုတော်စပ်သူ ဗိုလ်ကြီးတင်ဦး၏ မြေကွက်ကိစ္စအဝဝအား လုပ်ကိုင်နိုင်ရန်အတွက် အထွေထွေကိုယ်စားလှယ်အဖြစ် တရားဝင်လွှဲအပ်ထားပြီးကြောင်း ကျမ်းသစ္စာကျိန်ဆိုချက်များနှင့်အတူ မြေငှားဂရန် မိတ္တူလျှောက်ထားလာပါသဖြင့် ၎င်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ဤသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိတ္ထီလာမြို့**

ပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့လေကြောင်း
ကြေညာအမှတ် (၂/၂၀၁၅)

မြန်မာ့လေကြောင်းမှ ကြေညာချက်အမှတ် (၁/၂၀၁၅)ဖြင့် ခေါ်ယူထားသော လေယာဉ်မောင်၊ လေယာဉ်မယ်လျှောက်လွှာများ လက်ခံမည့်ရက်ကို ၃၀-၁-၂၀၁၅ရက်အထိ တိုးမြှင့်လက်ခံမည်ဖြစ်ကြောင်းနှင့် လူတွေ့အမည်စာရင်းနှင့် လူတွေ့စစ်ဆေးမည့်ရက်များအား အောက်ဖော်ပြပါနေ့ရက်များတွင် ဆောင်ရွက်မည်ဖြစ်ကြောင်း ထပ်မံအသိပေးကြေညာအပ်ပါသည်-

(က) **လူတွေ့အမည်စာရင်းကြေညာမည့်ရက်** - ရန်ကုန်တွင် ၂-၂-၂၀၁၅ရက်
မန္တလေးတွင် ၆-၂-၂၀၁၅ရက်

(ခ) **လူတွေ့စစ်ဆေးမည့်ရက်** - ရန်ကုန်တွင် ၄-၂-၂၀၁၅ရက်မှ စတင်ပါမည်။
မန္တလေးတွင် ၁၀-၂-၂၀၁၅ရက်မှ စတင်ပါမည်။

မြန်မာ့လေကြောင်း

TAXI ရောင်းမည်

1. 2005 Toyota FIELDER. HID Limited TV-DVD.CD. Alloy ကျွန်းကွက်ပတ်လည် စတိန်ပါတ်အဖြူရောင်

2. 2006 Toyota FIELDER. 40th amiversary. TV. ခေါင်မိုးတန်း၊ ကျွန်းကွက်အပြည့် စတိန်ပါတ် Silver Colour

ဖုန်း-၀၉-၃၀၀၀၆၄၄၄၊ ၀၉-၇၃၀၅၇၀၉၂

အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ နယ်မြေ (၉)၊ နမ့်ခိုက်တိုးချဲ့ကွက်၊ ဦးပိုင်အမှတ် ၂၆၇၃၊ မြေချိန်ဧရိယာ ၀ဒသမ၀၉၆ဧက၊ မြေဂရန်အမှုတွဲအမှတ် ၃၄၄-၅/၁၉၉၂-၉၃(စီ) မြေဂရန်မြေကွက် အမည်ပေါက် ဒုအရာခံဗိုလ်ကျော်ဝင်း(ငြိမ်း) ၁၃/လရန(နိုင်)၀၁၂၇၃၁၏ မြေဂရန်ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

သီပေါမြို့၌ သန့်ရှင်းသာယာလှပရေး အမှိုက်ကင်းမဲ့ စံပြလမ်းဖြင့် ဆောင်ရွက်မည်

သီပေါ ဇန်နဝါရီ ၁၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်သည် မန္တလေး၊လားရှိုး၊ မူဆယ်သွား ပြည်ထောင်စုလမ်းမကြီးပေါ်တွင် တည်ရှိပြီး ကုန်စည်ကူးသန်း ရောင်းဝယ်ရာ အချက်အချာကျသည့် အပြင် သဘာဝအရင်းအမြစ်များ တည်ရှိရာ မြို့ဖြစ်၍ ပြည်တွင်းပြည်ပ ခရီးသွားများဖြင့် နေ့စဉ်စည်ကားလျက်ရှိကာ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေးအတွက် လုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၅ ရက် နံနက် ၁၀ နာရီက မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

ဆက်လက်၍ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းများအတွက် အရပ်ရပ်ဆိုင်ရာ အခွန်ကိစ္စရပ်များ၊ မြို့သန့်ရှင်းသာယာလှပရေးအတွက် လုပ်ငန်းစဉ်များ၊ မြို့နယ်အလိုက် အမှိုက်ကင်းမဲ့ စံပြလမ်း၊ ရပ်ကွက်များ ရွေးချယ်သတ်မှတ်ရေး၊ ဒုဋ္ဌဝတီမြစ်ကမ်းဘေးတစ်လျှောက် နမ့်ပေါ့ချောင်းနှင့် မြို့တွင်းရှိ ချောင်းမြောင်းများ သန့်ရှင်းသာယာရေး၊ အမှိုက်များ စနစ်တကျစွန့်ပစ်ရေး စသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်သွားရန် ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအောင်ခင်နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး၊ အမှုဆောင်အရာရှိ ဦးစိုင်းဝင်းမြင့်တို့က ဥပဒေ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်သွားရေးကို ဖြည့်စွက်ဆွေးနွေးကြကြောင်း သိရသည်။

စိုင်း(သီပေါ)

ဖရဲဈေးကွက်ပျက်သဖြင့် ဖရဲစိုက်တောင်သူများ အရင်းမကျေ

နေပြည်တော် ဇန်နဝါရီ ၁၇

ယခုနှစ်ဆောင်းပိုင်း ဖရဲပေါ်ချိန်တွင် ဝယ်လက်ပွဲစားမရှိသလောက် ဖရဲဈေးကွက်ပျက်သဖြင့် ဖရဲစိုက်တောင်သူများမှာ အရှုံးပေါ်ပြီး တချို့ဖရဲစိုက်သူများသည် အရင်းပင်ပြန်မရကြောင်း တပ်ကုန်းမြို့ ဖရဲစိုက်တောင်သူများထံမှ သိရသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်း မြို့နယ်များရှိ ဖရဲစိုက်တောင်သူများသည် ပြီးခဲ့သည့်နှစ် အစောပိုင်း ဖရဲပေါ်ချိန်က ပွဲဝင်သည့် ဖရဲတစ်လုံးကို ငွေကျပ် ၅၀၀၀ အထိ ရောင်းချရပြီး ဈေးကွက်ကောင်းသောကြောင့် ဝယ်လက်ပွဲစားများက ဒေသခံများ၏ ဖရဲစိုက်ခင်းများအထိ ကွင်းဆင်းပြီး အခင်းပြတ်ဝယ်ယူခြင်းနှင့် ကြိုတင်ငွေပေးချေခြင်းများဖြင့် သူ့ထက်ငါ အလုအယက် ဝယ်ယူခဲ့ကြကြောင်း၊ သို့သော်လည်း ယခုနှစ်တွင်မူ ဝယ်သူများမရှိသဖြင့် စိုက်သည့် အရင်းငွေကျပ် ၅၀၀၊ ၆၀၀ ပြန်ရရန်မလွယ်ကြောင်း ဖရဲစိုက်တောင်သူတစ်ဦးက ပြောသည်။

"ဒီနှစ် ဖရဲစိုက်သူတွေ အခြေအနေတွေက တော်တော်ဆိုးတယ်။ ဖရဲနဲ့ပတ်သက်လို့ ပြောရရင် တချို့ဆို အရင်းမကျေတဲ့ တောင်သူတွေရှိတယ်။ ကျွန်တော်တို့ ဒီဘက်မှာ ဝယ်မယ့်ပွဲစားကို မရှိသလောက်ဘဲ။ ဒီအတိုင်းရောင်းလည်း ငွေကျပ် ၅၀၀၊ ၆၀၀ နဲ့ကို ဝယ်မယ့်သူမရှိဘူး။ ဖရဲဈေးက တော်တော်မကောင်းတဲ့နှစ်ပါ"ဟု ကိုချော်ဖီက ပြောသည်။

ဒေသတွင်း ဈေးကွက်ပျက်သဖြင့် နေပြည်တော်တပ်ကုန်းရှိ ဖရဲစိုက်တောင်သူအချို့တို့သည် ၁၂ ဘီးကားများငှားရမ်းပြီး တရုတ်နယ်စပ် မူဆယ် ၁၀၅ မိုင် အထိသွားရောက်ရောင်းချကြကြောင်း၊ သို့သော်လည်း တစ်ဖက်ဝယ်လက်ပွဲစားတချို့က ဆက်လက်ဈေးလျှော့ဝယ်ယူမှုကြောင့် ဖရဲအရင်းမရသည့်အပြင် ကားစရိတ်ပါပြန်မရသည့် တောင်သူများပင်ရှိကြောင်း သိရသည်။

မူဆယ်ဈေးကွက်သို့ ဖရဲရောင်းချပြီး ပြန်လာသည့် နေပြည်တော် တပ်ကုန်း မကျဉ်းပင်ကျေးရွာမှ ဖရဲသုံးဧကကျော် စိုက်ပျိုးသည့် ကိုဝင်းနိုင်ထွန်းက "ဒီဘက်ဈေးကွက်မရှိလို့ မူဆယ် ၁၀၅ မိုင် ဈေးကွက် တရုတ်နယ်စပ်အထိ ကျွန်တော်တို့ ၁၂ ဘီးကားနဲ့ ဖရဲ ၁၇ တန် လောက်တင်ပြီး သွားရောင်းတယ်။ ကားခက တစ်တန်ကို ၉၅၀၀၀ ဝန်းကျင်ပေးရတယ်။ ကျွန်တော်တို့အနေနဲ့ ကားခကလည်း ငွေကျပ် ၁၅ သိန်း၊ ၁၆ သိန်း ကုန်ကျတယ်။ ဖရဲသီးဖိုးက ငွေကျပ် ခုနစ်သိန်းလောက်ပဲရတယ်။ အဲဒီတော့ ကျွန်တော်တို့တောင်သူတွေက ကားခကို ခုနစ်သိန်းလောက် ပြန်စိုက်နေရပြန်တော့ တစ်ဖက်ဝယ်လက်က ဈေးအတက်အကျလုပ်နေတော့ သွားရောင်းရတဲ့ တောင်သူတွေအတွက် အခက်အခဲဖြစ်နေပါတယ်"ဟု ၎င်းကြုံတွေ့ရမှုကို ပြောပြသည်။

အဆိုပါ တရုတ်နယ်စပ် မူဆယ် ၁၀၅ မိုင် သို့မြန်မာနိုင်ငံ အနယ်နယ် အရပ်ရပ်မှ ဖရဲလာရောက်ရောင်းချသည့် ကားအစီးရေ တစ်ရက် အစီး ၄၀၀ မှ ၅၀၀ ကျော်အထိ ရှိပြီး နေ့စဉ်ဝင်ထွက်လျက်ရှိကြောင်း သိရသည်။ **မောင်လွင်(တပ်ကုန်း)**

ဒီနှစ် ဖရဲစိုက်သူတွေ အခြေအနေတွေက တော်တော်ဆိုးတယ်။

ဖရဲနဲ့ပတ်သက်လို့ပြောရရင် တချို့ဆို အရင်းမကျေတဲ့ တောင်သူတွေရှိ

သတင်းတိုများ

တပ်ကုန်းမြို့၌ စာပေဟောပြောပွဲကျင်းပမည်

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် စာရေးဆရာများအသင်းနှင့် စာပေဝါသနာရှင်များဦးစီးကျင်းပသည့် ၁၃၇၆ခုနှစ် စာပေဟောပြောပွဲကို ဇန်နဝါရီ ၃၁ ရက် ည ၇နာရီတွင် မြို့နယ်အောင်ဆန်း ခန်းမကြီး၌ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ စာပေဟောပြောပွဲတွင် စာရေးဆရာ ဦးဘုန်း(ဓာတု)၊ ဆရာမ ခင်ခင်ထူး၊ ဆရာ ကျော်ရင်မြင့်တို့က စာပေသုတ၊ ရသစုံလင်စွာ ဟောပြောကြမည်ဖြစ်ကြောင်း သိရသည်။ (၀၂၁)

ပုသိမ်ကြီးမြို့၌ စာပေဟောပြောပွဲကျင်းပ

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မြို့မိမြို့ဖများနှင့် စာပေဝါသနာရှင်များ ပူးပေါင်းကျင်းပသည့် တတိယအကြိမ်မြောက် စာပေဟောပြောပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၄ ရက်က ပုသိမ်ကြီးမြို့ ချမ်းသာလှစေတီရင်ပြင်၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန့်၊ စာပေဟောပြောပွဲကျင်းပရေး ကော်မတီနာယက ဦးထွန်းခင်၊ ဦးရဲညွှန့်၊ ဥက္ကဋ္ဌ ဦးမောင်မောင်၊ အတွင်းရေးမှူး ဦးခင်မောင်မြင့်၊ ဒေါ်စိုးမမနှင့်အဖွဲ့ဝင်များ၊ စာပေချစ်မြတ်နိုးသူ ရဟန်းရှင်လူများ တက်ရောက်ကြကြောင်း သိရသည်။

အောင်ကျော်ထွန်း(ပုသိမ်ကြီး)

ဝက်သက်နှင့် ဂျိုက်သိုးရောဂါ အသိပေးဆွေးနွေး

ကျန်းမာရေးဦးစီးဌာန၏ နိုင်ငံတစ်ဝန်း ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း (၂၀၁၅) မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းသို့ ဗဟိုအဆင့်အသိပေးဆွေးနွေးပွဲကို ဒက္ခိဏသီရိမြို့နယ်ရှိ အသင်းအစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၁၃ ရက်က ကျင်းပသည်။ အခမ်းအနားတွင် ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) ဒေါက်တာ စိုးလွင်ငြိမ်းက အစုလိုက်ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၉ ရက် မှ ၂၇ ရက်အထိ ကျောင်းနေကလေးများကို စာသင်ကျောင်းများ၌ ပထမအစီအစဉ်ဖြင့် ကာကွယ်ဆေးထိုးပေးခြင်း၊ ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၈ ရက်အထိ လူထုအတွင်း ကလေးငယ်များအား ကျန်းမာရေးဌာနများ၊ ရပ်ကွက်နှင့် ကျေးရွာများရှိ စုရပ်များတွင်ဒုတိယအစီအစဉ်ဆောင်ရွက်မှု တွင် ပြည်သူလူထု အခြေပြုလူမှုရေးအသင်းများ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ အသင်းဝင်များသည် နိုင်ငံတစ်ဝန်း ဝက်သက်နှင့် ဂျိုက်သိုးရောဂါ အစုလိုက်ကာကွယ်ဆေးထိုးလုပ်ငန်းများတွင် မိမိတို့၏ကျရာအခန်းကဏ္ဍအလိုက် အမျိုးသားရေးလှုပ်ရှားမှုတစ်ရပ်အဖြစ် ပူးပေါင်းပါဝင်လက်တွဲ ကူညီဆောင်ရွက်ပေးကြရန်နှင့် ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်သဇင်နွယ်က တိုင်းဒေသကြီးနှင့် ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့များမှ အသင်းဝင်များကို ကူညီဆောင်ရွက်ရန် လိုအပ်သောလုပ်ငန်းများတွင် ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားသည်။

(မြန်မာ့အလင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်မြို့၏မြောက်ဘက် (၁၂)မိုင်ခန့်အကွာတွင် ဆောင်ရွက်လျက်ရှိသော ရွှေလီ (၃)ရေအားလျှပ်စစ်စီမံကိန်းတွင် Curtain Grout Hole Drilling လုပ်ငန်း ပေ ၂၃၀၀နှင့် Curtain Grouting လုပ်ငန်း ၂၇၀၇ပေအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါစတင်ရောင်းချမည့်ရက်၊ အချိန်**	-	၁၂-၁-၂၀၁၅ရက်၊ ၀၉း၃၀နာရီ
တင်ဒါအရောင်းပိတ်မည့်ရက်၊ အချိန်	-	၂၀-၁-၂၀၁၅ရက်၊ ၁၆း၃၀နာရီ
Technical Proposal နှင့် Price Proposal နောက်ဆုံးထား၍ တင်သွင်းရမည့် နေ့ရက်၊ အချိန်	-	၂၆-၂-၂၀၁၅ရက်၊ ၁၅း၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံများကို ရုံးချိန်အတွင်း အောက်ပါဌာနတွင် တင်ဒါပုံစံတစ်စောင်လျှင် ၁၀၀၀၀ကျပ်နှုန်းထားဖြင့် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ် (၂၇)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၄၃၁၊ ၄၁၀၂၅၇၊ ဖက်စ်-၀၆၇-၄၁၀၄၃၁

လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန၏အစီအစဉ်ဖြင့်
ဂျပန်နည်းပညာစင်တီမီတာဖြင့်
စက်ချုပ်သင်တန်းခေါ်ယူခြင်း

စင်တီမီတာဖြင့် အင်္ကျီဆွဲနည်း — မိန်းမဝတ်ရင်စေ့ပုံစံအမျိုးမျိုး
မိန်းမဝတ်ခေတ်ပေါ်ပုံအမျိုးမျိုး — မိန်းမဝတ်ရင်ဖုံးပုံအမျိုးမျိုး

စနေ/တနင်္ဂနွေပိတ်ရက် နံနက် ၉း၃၀မှ ညနေ ၃း၀၀ထိ ဖွင့်လှစ်မည်။ သင်တန်းကာလ(၈)ပတ် သင်တန်းဖွင့်မည့်ရက် ၃၁-၁-၂၀၁၅ရက် စိတ်ပါဝင်စားသူများ သင်တန်းလျှောက်လွှာများကို အောက်ပါလိပ်စာတွင် ရယူနိုင်ပါသည်။

စုံစမ်းရန်လိပ်စာ- ကျောင်းအုပ်၊ မသန်စွမ်းသက်ကြီးသင်တန်းကျောင်း၊ အမှတ် (၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၁-၉၆၆၁၇၁၂၊ ၀၉-၇၃၀၁၆၂၈၈၊ ၀၉-၅၀၃၄၆၉၁၊ ၀၉-၄၂၀၁၂၄၈၄၀

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန လက်အောက်ရှိ ရေအားလျှပ်စစ်စီမံကိန်းများမှ အသုံးပြုပြီး ပစ္စည်းအဟောင်းများဖြစ်သော (က) တာယာ ၁၈၈၃ လုံး၊ (ခ) ဘက်ထရီ ၄၇၁ လုံး၊ (ဂ) ဘိလပ်မြေအိတ်ခွံ ၁၂၀၀၀၀ လုံး၊ (ဃ) ပိုဇိုလန်အိတ်ခွံ ၁၇၉၇ လုံး၊ (င) Filter Bag (ဖုန်စုပ်အိတ်) ၉၃၅ လုံး၊ (စ) စက်အရန်ပစ္စည်း (ရောရော) ၉ အုပ်စုနှင့် (ဆ) ရုံးသုံးပစ္စည်း (ရောရော) ၁အုပ်စု တို့အား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါ၍ ဈေးနှုန်းအဆိုပြုပုံစံများကို ဤကြော်ငြာပါသည့်ရက်မှစ၍ စတင်ရောင်းချမည်ဖြစ်ပါသည်။

၂။ **အိတ်ဖွင့်လေလံပိတ်ရက်** - ၃-၂-၂၀၁၅ ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီ

၃။ အသေးစိတ်အချက်အလက်များနှင့် ဈေးနှုန်းအဆိုပြုပုံစံအား ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ပစ္စည်းဖြည့်တင်းရေးဌာနခွဲ [အမှတ်(၁) နေပြည်တော်ပင်မဓာတ်အားခွဲရုံ]၊ ဖုန်း-၀၆၇-၄၁၃၈၇၅ သို့ ဆက်သွယ်မေးမြန်းဝယ်ယူနိုင်ပါသည်။

လေလံတင်ရောင်းချရေးနှင့်စိစစ်တန်ဖိုးဖြတ်ရေးအဖွဲ့
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့ အထက(ခွဲ)ကျောင်းတွင် ပညာသင်ကြားနေသော အဌမတန်း(A)မှ မောင်စိုးကျော်သူနှင့် ပဥ္စမတန်း(A)မှ မောင်သက်ပိုင်ဖြိုး၏ ဖခင်ဦးမြင့်ဦး၏ အမည်မှန်မှာ ဦးစန်းနွဲ့ ၅/ကလတ(နိုင်)၀၀၂၈၉၃ ဖြစ်ပါသည်။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃၁ဃ/၅၁၉၃၇ Honda Click-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ညိုညိုလွင် ၈/ရနခ(နိုင်)၀၀၇၄၂၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းရုံး(မကွေး)

အမည်ပြောင်း

ဦးကျော်ထူးအောင်၏သမီး နေပြည်တော်၊ ပျဉ်းမနား၊ အထက(၂) ပဥ္စမတန်း(A)မှ မမေသူအောင်အား မသိမ့်ဆုရတီကျော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မသိမ့်ဆုရတီကျော်

ဖခင်အမည်မှန်

လားရှိုးမြို့၊ အထက(၈)၊ တက္ကသိုလ်ဝင်တန်း(ဂ)တွင် ကျောင်းဝင်အမှတ် (11353) ဖြင့် ပညာသင်ကြားနေသော မောင်အောင်ရဲထွန်း၏ ဖခင်အမည်မှန်မှာ ဦးတင်ထွန်းအောင် ဖြစ်ပါသည်။

အမည်ပြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ မင်းကုန်းအုပ်စု အထက(ခွဲ)၊ ပဥ္စမတန်း(A)မှ ဦးမြင့်နိုင်၏သား မောင်မျိုးခန့်ကျော်အား ယနေ့မှစ၍ မောင်ဘုန်းခန့်သူဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဘုန်းခန့်သူ**

မိဘအမည်မှန်

ဟိုပန်မြို့၊ အထက၊ တက္ကသိုလ်ဝင်တန်းမှ မနန်းဆိုင်အောင်၏ မိဘအမည်မှန်မှာ ဦးအောင်ဆာ(ခ)ဦးဆာအောင် ၁၃/ဟပတ(နိုင်)၀၁၂၀၁၁နှင့် ဒေါ်အေးအိ(ခ)ဒေါ်ယဉ်နု ၁၃/ဟပတ(နိုင်)၀၁၈၃၆၉ ဖြစ်ပါသည်။

တစ်ဦးတည်းဖြစ်ပါကြောင်း

မော်လမြိုင်မြို့နယ်၊ အထက (ကော့ခမယ်)၊ အဌမတန်း(C)မှ မဇူဇူသင်း၏ ဖခင်မှာ ဦးဆာလီဘိုင်နှင့် ဦးစိုးဝင်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးဆာလီဘိုင်(ခ)
ဦးစိုးဝင်း(MDN-၀၂၄၀၆၄)

တစ်ဦးတည်းဖြစ်ပါကြောင်း

မော်လမြိုင်မြို့နယ်၊ အထက (ကော့ခမယ်)၊ အဌမတန်း(A)မှ မခိုင်သဇင်အေး၏ ဖခင်မှာ ဦးအေးဝင်းနှင့် ဦးကမာလာဒင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးအေးဝင်း(ခ)
ဦးကမာလာဒင်(MDN-၀၃၀၁၆၈)

၂၀၁၃-၂၀၁၄ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်အများဆုံးပေးဆောင်သည့် လုပ်ငန်းရှင်(၁၀၀၀)ဦး စာရင်း

၁၅ ရက်နေ့ စာမျက်နှာ ၁၉မှအဆက်

စဉ်	အခွန်ထမ်းအမည်	လိပ်စာ	တိုင်းဒေသကြီး/ပြည်နယ်	လုပ်ငန်းအမျိုးအစား	မှတ်ချက်
405	ဦးရန်နိုင်	ထုံးဘို၊ ပုသိမ်ကြီးမြို့နယ်။	မန္တလေး	လမ်းအသုံးပြုခကောက်ခံရေး	
406	Wa Minn Co.,Ltd.	၆၆၉၊ စီ၊ မြကန်သာလမ်း၊ ကမာရွတ်မြို့နယ်။	CCTO	Trading	
407	Win Consulting Co.,Ltd.	အမှတ် ၁၈၂/၁၉၄၊ ဗိုလ်တထောင်ဘုရားလမ်း၊ ဗိုလ်တထောင်မြို့နယ်။	CCTO	Services	
408	ဂရိတ်ဟော်ခမ်းအများပိုင်ကုမ္ပဏီ	ကောင်းမှုလွယ်ရပ်၊ မူဆယ်မြို့။	ရှမ်း	ဆောက်လုပ်ရေးလုပ်ငန်း	
409	R-Oasis Ltd.	၁၉၂၊ ဗိုလ်မင်းရောင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။	CCTO	Trading	
410	Benhur Industries Co.,Ltd.	၁၁၄၊ ကနောင်မင်းသားကြီးလမ်း၊ စက်မှုဇုန်(၄)၊ ရွှေပြည်သာမြို့နယ်။	CCTO	Industrial/ Production	
411	My'r Liwayway Food Ind;Ltd.	အမှတ်-၉၆/၉၈၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်။	CCTO	Production	
412	Opal International Co.,Ltd.	၁၄/၁၅၊ ဒီပဲယင်းဝန်ထောက်ဦးမြလမ်း၊ စက်မှုဇုန်(၂)၊ လှိုင်သာယာမြို့နယ်။	CCTO	Trading	
413	Dagon Seik Kan Garment Industry Co.,Ltd.	၁၃၇ (ဘီ)၊ မက္ခရာမင်းသားကြီးလမ်း၊ စက်မှုဇုန်၊ ဒဂုံဆိပ်ကမ်းမြို့နယ်။	CCTO	Industrial/ Production	
414	I.E.M Co.,Ltd.	အမှတ် ၁၁၆၊ ၁၅၇ လမ်း၊ တာမွေမြို့နယ်။	CCTO	Trading	
415	Aung Myint Marr Co.,Ltd.	အမှတ် ၇(ဒီ)၊ အေးသာယာလမ်း၊ တာမွေမြို့နယ်။	CCTO	Trading	
416	Innwa Brother (MDY) Ltd.	အမှတ်(၂၆၂/၂၈၆)၊ ကုန်စျေးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်။	CCTO	Trading	
417	Forever Agriculture & Livestock Development Co.,Ltd.	အမှတ် ၃၃၁၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်။	CCTO	Service	
418	ခင်မောင်ဦး/ဦး	စမိုင်လမ်းဆုံ၊ ၅- ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။	ရန်ကုန်	စီးပွားရေးလုပ်ငန်း	
419	Southern Metal Industry Co.,Ltd.	အမှတ်-၆၇၊ ဒီပဲယင်းဝန်တောက်ဦးမြလမ်း၊ လှိုင်သာယာစက်မှုဇုန်၊ လှိုင်သာယာမြို့နယ်။	CCTO	Production	
420	Manaw Phyu Co.,Ltd.	အမှတ်(၁၅၈/၁၆၈)၊ အခန်း(၁၁)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်။	CCTO	Production	
421	Gaia Construction Co.,Ltd.	အမှတ်၄၀၆၊ အခန်းဘီ၊ ၉လမ်း၊ မရမ်ကုန်းမြို့နယ်။	CCTO	Construction	
422	Myin Kong Trading Co.,Ltd.	အမှတ်၃၃၃၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်။	CCTO	Trading	
423	Advanced Vision Co.,Ltd.	၁၉-ဘီ၊ ဓမ္မာရုံလမ်း၊ ၆မိုင်ခွဲ၊ ၁၀ ရပ်ကွက်၊ လှိုင်မြို့နယ်။	CCTO	Trading	
424	Pann Thi Trading Co.,Ltd.	၁၀၆/ဘီ၊ မြေညီထပ်၊ ဒယ်လ်တာပလာဇာ၊ အထက်ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်။	CCTO	Trading	
425	Charming Garment Manufacturing Co.,Ltd.	အမှတ်(၁၉/ဘီ)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်။	CCTO	C.M.P	
426	Crabs World Industries Co.,Ltd.	သီတာမြိုင်ရပ်ကွက်၊ ကျောက်တန်းမွေးမြူရေးဇုန်၊ ကျောက်တန်းမြို့နယ်။	CCTO	Production	
427	Eleven Group Trading Co.,Ltd.	၂၂၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်။	CCTO	Trading	
428	Lucky Three Brothers Co.,Ltd.	၉၃၁၊ (၇)လမ်း၊ (၆)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်။	CCTO	Trading	
429	Soe Myanmar Trading Co.,Ltd.	၅၀၁၊ ၅လွှာ၊ ဓမ္မစေတီလမ်း၊ စမ်းချောင်းမြို့နယ်။	CCTO	Trading	
430	Myanmar Ta Kaung Trading Co.,Ltd.	အမှတ်(၃၃၄)၊ ပုဂံစီးပွားရေးအိမ်ရာ၊ လမ်းမတော်မြို့နယ်။	CCTO	Trading	
431	ဦးထွန်းဝင်း	A-5/4 ပြည်ကြီးတံခွန်မြို့နယ်။	မန္တလေး	ရွှေမြင်းပျံအရက်ချက်	
432	Soe Ko Ko Co.,Ltd.	ပျဉ်းမနား၊ နေပြည်တော်	ပြည်ထောင်စု	Construction	
433	First Rice & Paddy Co.,Ltd.	၄၅(ပထမထပ်)၊ (၂)လမ်း၊ လမ်းမတော်မြို့နယ်။	CCTO	Trading	
434	Sinma Furnishing Co.,Ltd.	အမှတ်(၇၁)၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်။	CCTO	Industrial/ Production	
435	Golden Monkey Trading Co.,Ltd.	ဒီ ၅၂၊ ရေတမာလမ်း၊ ဘုရင့်နောင်ပွဲရုံ၊ မရမ်းကုန်းမြို့နယ်။	CCTO	Trading	
436	Chain Family Assent Co.,Ltd.	အမှတ်(၃၈)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်။	CCTO	Trading	
437	Snow Everest Co.,Ltd.	အမှတ်-၁၁၀၁၊ ရွှေဂုံပလာဇာ (အေ)၊ ဗဟန်းမြို့နယ်။	CCTO	Trading	
438	Strong Co.,Ltd.	အမှတ်(၈၄)၊ ပြင်စည်မင်းသားကြီးလမ်း၊ လှိုင်သာယာဇုန်(၄)	CCTO	Trading	
439	Ruby Dragon Mining Co.,Ltd.	အမှတ်၃၉-က၊ ခုနစ်မိုင်ခွဲ၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်။	CCTO	Mining	
440	Kaung Su Co.,Ltd.	အမှတ်(၇၇)၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်။	CCTO	Trading	
441	Control Star Export & Import Co.,Ltd.	အမှတ်-၂၈၊ ယုဇနလမ်း၊ ၅-ရပ်ကွက်၊ အေးရိပ်မွန်အိမ်ရာ၊ လှိုင်မြို့နယ်။	CCTO	Trading	
442	Great Foundation Industries Co.,Ltd.	၁၁၃၊ ဘုရင့်နောင်လမ်းမကြီး၊ စက်မှုဇုန်(၄)၊ ရွှေပြည်သာမြို့နယ်။	CCTO	Trading	
443	Ayar Thukha San Pulses & Beans Trading Co.,Ltd.	အမှတ်(က/၃၁၄)၊ ခတ္တာလမ်း၊ ဘုရင့်နောင်ပွဲရုံ၊ မရမ်းကုန်းမြို့နယ်။	CCTO	Trading	
444	Maou Oak Shaung In'L Co.,Ltd.	အမှတ်(၁၈၂-၁၉၄)၊ ၃-လွှာ၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်။	CCTO	Trading	
445	New Days Asia Mining Co.,Ltd.	အမှတ်-၃၀၊ အခန်း-၃၀၂၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်။	CCTO	Production	
446	Tin Win Tun Production Co.,Ltd.	အမှတ်၈/၁၊ သီရိမင်္ဂလာ၊ ဥယျာဉ်အိမ်ရာ၊ကမ်းနားလမ်း၊ အလုံမြို့နယ်။	CCTO	Production	
447	Ayenarwun Co.,Ltd.	၃၁၀၊ အခန်း(၈၀၁)၊ ဝင်းရွှေဝါအိမ်ရာ၊ လမ်းမတော်မြို့နယ်။	CCTO	Trading	
448	Hpoun Htut San Co.,Ltd.	အမှတ်(၆၄/၆၆)၊ ၃၀လမ်း၊ ပန်းဘဲတန်းမြို့နယ်။	CCTO	Trading	
449	A & S International Co.,Ltd.	အမှတ်(၆၆)၊ ၁၂၄လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ပြည်ကြီးတံခွန်မြို့နယ်။	CCTO	Production	
450	Han Sein Thant Trading Co.,Ltd.	အမှတ်၁၁၂၊ အခန်း(၂၈)၊ တတိယထပ်၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်။	CCTO	Trading	
451	Diamond Arrow General Trading Co.,Ltd.	အမှတ်(၇၉၇)၊ အခန်းဘီ၊ အမ်အေစီတာဝါ၊ ဝါးတန်းလမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်၊ လမ်းမတော်မြို့နယ်။	CCTO	Trading	
452	Blue Nile Trading Co.,Ltd.	အမှတ်၇၉၊ အုတ်ပုံဆိပ်လမ်း၊ မရမ်းကုန်းမြို့နယ်။	CCTO	Trading	
453	Ayar Shwe Lee River Co.,Ltd.	တိုက်(၃၁)၊ အခန်း(၃၀၂)၊ စကားဝါလမ်း၊ဒဂုံမြို့နယ်။	CCTO	Trading	
454	ခိုင်ထွန်းဦးကုမ္ပဏီ	၇-လမ်း၊ ရွှေညောင်ရပ်။	မကွေး	ဆောက်လုပ်ရေးကုမ္ပဏီ	
455	Authentic Trading Co.,Ltd.	အခန်း-၃၀၄၊ ကွန်ဒို-ဒီ၊ ကမ္ဘာအေးဗီလာ၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။	CCTO	Trading	
456	Ayeyar Hinthar Trading Co.,Ltd.	အမှတ်(၅၃၁)၊ အခန်း(၁၀၆)၊ ရဲတံခွန်တာဝါ၊ အောက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်။	CCTO	Trading	
457	Myanmar Winner Trading Co.,Ltd.	အမှတ်၁၇၈၊ ၅၁ လမ်း၊ ပန်းဘဲတန်းမြို့နယ်။	CCTO	Trading	
458	Pyi Aung Yadanar Fisheries Co.,Ltd.	အမှတ်-၁၄၇၊ ၄၇လမ်း၊ ဗိုလ်တထောင်မြို့နယ်။	CCTO	Trading	
459	Elite Petrochemical Co.,Ltd.	အမှတ်၅၊ ပြည်လမ်း၊ ဗိုလ်တထောင်မြို့နယ်။	CCTO	Trading	
460	Myanmar Kaung Thu Kha Co.,Ltd.	၃၃၊ ရွှေပိတောက်ရိပ်မွန်၊ ဘုရင့်နောင်လမ်း၊ ကမာရွတ်မြို့နယ်။	CCTO	Trading	

(ဆက်လက်ဖော်ပြပါမည်)

ဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင်သာသနာပြု၊ တောရရိပ်သာကျောင်းတိုက် ထီးတော်တင်အလှူပွဲ၊ အလှူငွေပေးအပ်ပွဲ အဘိုးအဘွားများ အခမဲ့ဆေးရုံတည်ဆောက်ရန် အလှူငွေပေးအပ်ပွဲ လမ်းပြုပြင်နိုင်ရန်အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲ အလှူရှင်များနှင့် ဆရာတော်ကြီးရဲ့ တပည့်ဒကာ၊ ဒကာမများအား ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁၃၇၆ ခုနှစ် တပို့တွဲလဆန်း (၁၃)ရက် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် တနင်္ဂနွေနေ့

အချိန် - နံနက် ၉း၀၀ နာရီ

ပန်းတစ်ပွင့်တောင်ဆရာတော်

(၂၅)နှစ်မြောက် မင်္ဂလာဆုတောင်း

ဖေဖေ ဗိုလ်ကြီးလေးနိုင်(ငြိမ်း)၊ ပြည်နယ်ဦးစီးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနနှင့် မေမေ ဒေါ်ကြည်ကြည်အောင်(အလယ်တန်းပြ၊ အလက-၅၊ ရန်ကင်း) တို့၏ ၁၈-၁-၂၀၁၅ ရက်တွင် ကျရောက်သော ငွေရတုနှစ်ပတ်လည်မှစ၍ နှစ်(၁၀၀)တိုင် မိသားစုနှင့် ပျော်ရွှင်စွာ ဖြတ်သန်းနိုင်ပါစေ…

သား-မောင်ကိုကိုသက်ကြည်နိုင်

မွေးနေ့ကျောင်းရေစက်ချ ဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြသီတာရပ်ကွက်(ဘိုခြံ)ရှိ ဇေတဝန်ဓမ္မာရုံကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဒေါက်တာ အရှင်သောပါက(သာသနဓဇဓမ္မာစရိယ၊ M.A, Ph.D)၏ သက်တော်(၄၃)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်နှင့်အတူ ဆောက်လုပ်ပြီးစီးသွားသော **ဇေတဝန်ဓမ္မာဗိမာန်တော်** သုံးထပ်ကျောင်းတော်ကြီး ရေစက်ချအလှူတော်မင်္ဂလာပွဲကျင်းပမည်ဖြစ်ပါ၍ အတူတကွ ရေစက်ချ အနုမောဒနာတရားတော်များ နာယူနိုင်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ အလှူရှင်များ ဖိတ်စာမရောက်ရှိပါကလည်း ကြွရောက်ကြပါရန် ထပ်မံဖိတ်ကြားအပ်ပါသည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၅ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီ

ဆက်သွယ်ရန် ဖုန်း-၀၉-၈၅၉၈၀၀၁/၀၉-၄၂၁၀၆၇၀၀၇

ဖခင်အမည်မှန်

ယင်းမာပင်ခရိုင် ကနီမြို့နယ် ဝင်းမနားအထက၊ န၀မတန်း(A)မှ မောင်အောင်ကျော်မြင့်၏ဖခင်အမည်မှန်မှာ ဦးမိုးကား ၁/တနန(နိုင်)၀၁၃၂၄၂ ဖြစ်ပါသည်။

အမည်ပြောင်း

မြဝတီမြို့၊ အလက(၂)ဆဌမတန်းမှ မောင်ဇေထက်ထွန်းအား မောင်ဇေဆန်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဇေဆန်း**

အမည်မှန်

ဦးဝင်းဦး ၅/၀၃၆၃၆၄ ၏သမီး မြောင်မြို့နယ်၊ နဘက် အထကကျောင်း ဆဋ္ဌမတန်း(A)မှ မဝင်းသီရိကျော်၏ အမည်မှန်မှာ မမိုးသီဂီဖြစ်ပါကြောင်း။

မမိုးသီဂီ

အမည်ပြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ် အထကမော်လူး၊ သတ္တမတန်း(A)မှ မမီယာဟမ်းအား မမေသီရိဇော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မမေသီရိဇော်

ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့်(၃)၊ မြေကွက်အမှတ် ၉ အမည်ပေါက် ဦးကျော်ဝင်း၏ မြေကွက်အမှတ် ၁၈၄ အမည်ပေါက် ဦးသင်းမောင်တို့၏မြေကွက်များအား လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဒေါ်ကေခိုင်ဖြိုး ၁၂/သလန(နိုင်)၁၀၅၄၁၃က မြေကွက်စလစ်(မူရင်း)၊ အရောင်းအဝယ်စာချုပ်(မူရင်း) များတင်ပြ၍ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေချပါမစ် ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းအဆင့် (၁)၊ မြေကွက်အမှတ် ၁၆၆၀ အမည်ပေါက် ဦးမျိုးကျော်၏ မြေကွက်ကိုလက်ရှိဝယ်ယူပိုင်ဆိုင်သူ ဒေါ်ခင်ရွှေ ၁၂/သလန (နိုင်) ၀၄၂၃၇၂မှ မြေကွက်စလစ် (မူရင်း)၊ ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း) တင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၆၉၆၅ ယာဉ်လက်ဝယ်ရှိသူ ဒေါ်နှင်းဝေလွင် ၅/ကလထ(နိုင်)၁၅၈၆၁၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး၊ ကလေးမြို့**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၃၀၈၃၄ Honda C-90 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဌေးဌေး ၉/သစန(နိုင်)၀၃၄၃၆၉က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး၊ မိတ္ထီလာ**

ပြင်ဆင်ဖတ်ရှုပါရန်

၄-၁၂-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာကြော်ငြာ(၇) ကန့်ကွက်ကြော်ငြာအမှတ်စဉ်(၇) ဦးသန်းဇော်၏ အမည်ပြောင်းတွင် လျှောက်ထားသူအမည် ဦးသန်းဇော် ၁၂/သခန(နိုင်)၀၇၂၁၃၈အစား ဦးတင်ဌေး+(၄) ၁၂/ဥကတ(နိုင်)၀၉၂၁၈၈ ဟု ဖတ်ရှုပါရန်။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မန္တလေးတိုင်းဒေသကြီးအတွင်း ဆည်နှင့် ရေကန်ငယ် ၁၀၀ ပြုပြင်တူးဖော်နေ

ညောင်ကုန်းကန်ကို တူးဖော်နေစဉ်။

မန္တလေး ဇန်နဝါရီ ၁၇

နှစ်စဉ်နွေရာသီရောက်တိုင်း ရေအခက်အခဲနှင့်ကြုံတွေ့ရသော မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင်နှင့် မိတ္ထီလာခရိုင်အတွင်းရှိ ကျေးရွာများတွင် သောက်သုံးရေဖူလုံစွာရရှိရေးအတွက် ဆည်နှင့် ရေကန်ငယ် ၁၀၀ ကို မိတ္ထီလာမြို့ရှိ ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် နိုင်ငံတော်သမ္မတ၏ အထူးရန်ပုံငွေဖြင့် ဒီဇင်ဘာလအတွင်းက စတင်တူးဖော်ဆောင်ရွက်နေပြီဖြစ်ပြီး မတ်လအတွင်း ပြီးစီးအောင် တူးဖော်ဆည်ဖို့သွားမည်ဖြစ်ကြောင်း သိရသည်။

ကျေးလက်နေပြည်သူများနှင့် တိရစ္ဆာန်များအတွက်ပါ သောက်သုံးရေဖူလုံစေရန် တူးဖော်မည့် အဆိုပါ ဆည်ကန်ငယ် ၁၀၀ တွင် ရမည်းသင်းမြို့နယ်၌ ၁၅ ကန်၊ ပျော်ဘွယ်မြို့နယ်၌ ၂၂ ကန်၊ ဝမ်းတွင်းမြို့နယ်၌ ကန် ၂၀၊ မလှိုင်မြို့နယ်၌ ၁၃ ကန်၊ သာစည်မြို့နယ်၌ ၁၉ ကန်နှင့် မိတ္ထီလာမြို့နယ်၌ ၁၁ ကန် ပါဝင်ကြောင်း သိရသည်။

မိတ္ထီလာမြို့နယ်အတွင်း တူးဖော်ပြုပြင်မည့် ဆည်ကန် ၁၁ ခုမှာ ညောင်အိုင်ကျေးရွာရှိ ဘုန်းကြီးဆည်၊ ချိုစွန်းကျေးရွာရှိ စပါးတောင်ဆည်၊ ငွေးချိုကျေးရွာမှ သောက်သုံးရေကန်၊ ညောင်ကုန်းကျေးရွာမှ ညောင်ကုန်းကန်၊ သံကြိုးရကျေးရွာမှ မကျီးသမျှားဆည်၊ ရေဝေကျေးရွာမှ စိမ့်ရိုးကန်၊ ကြိုးစုကျေးရွာမှ ကျွန်းတောဆည်၊ မယ်ဇလီကုန်းကျေးရွာမှ မယ်ဇလီကန်၊ ဒီးဒုတ်တောင်ရွာမှ ဒီးဒုတ်တောင်ဆည်၊ ကန်နီအနောက်ရွာမှ ဖိုးဦးဆည်နှင့် အုတ်ဖိုကျေးရွာမှ ညောင်မြင့်ရေလွှဲဆည်တို့ဖြစ်သည်။

ထိုရေကန် ၁၀၀ တွင် သောက်သုံးရေကန် ၂၄ ကန်နှင့် စိုက်ပျိုးရေအတွက် ၇၆ ကန်ဖြစ်ရာ ရေကန်များတူးဖော်ပေးခြင်းကြောင့် မိတ္ထီလာနှင့် ရမည်းသင်းခရိုင်အတွင်းရှိ ရမည်းသင်း၊ ပျော်ဘွယ်၊ မိတ္ထီလာ၊ ဝမ်းတွင်း၊ မလှိုင်နှင့် သာစည်မြို့နယ်များမှ ကျေးရွာပေါင်း ၉၃ ရွာအတွက် နွေရာသီတွင် သောက်သုံးရေလုံလောက်စွာ ရရှိနိုင်တော့မည်ဖြစ်သည့်အပြင် ဆည်ရေသောက်လယ်မြေဧက ၁၆၀၀ ကျော်အတွက်လည်း စိုက်ပျိုးရေရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

တင်လှိုင်(မိတ္ထီလာ)

မြစိမ်းရောင်ကျေးရွာစီမံကိန်းအတွက် ရန်ပုံငွေ ကျပ်သိန်း ၃၀၀ လွှဲပြောင်းပေးအပ်

ယင်းမာပင် ဇန်နဝါရီ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် ဝါးရုံကျေးရွာအုပ်စု တင်ဆုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ကျေးရွာမြစိမ်းရောင်စီမံကိန်း ရန်ပုံငွေကျပ်သိန်း ၃၀၀ လွှဲပြောင်းပေးအပ်ပွဲကို ဇန်နဝါရီ ၁၅ ရက်က အဆိုပါကျေးရွာ ဝိသုဒ္ဓါရုံကျောင်းတိုက်၌ ကျင်းပသည်။

ရန်ပုံငွေပေးအပ်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဗိုလ်မြင့်က အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်သန်း၊ ဒုတိယဦးစီးမှူး ဒေါ်အေးအေးသက်၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာအေးအောင်၊ ယင်းမာပင်ခရိုင်ငါးလုပ်ငန်းဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးမင်းမင်းနိုင်တို့က တက်ရောက်လာသည့် ဒေသခံပြည်သူများအား မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်ပတ်သက်၍အသေးစိတ် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ကြီးကြပ်မှုကော်မတီကို မဲစနစ်ဖြင့် ရွေးချယ်ဖွဲ့စည်းပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက ပြည်ထောင်စုအစိုးရအဖွဲ့ရန်ပုံငွေမှ ခွင့်ပြုချထားပေးသော ငွေကျပ်သိန်း ၃၀၀ ကို တင်ဆုံကျေးရွာ မြစိမ်းရောင်စီမံကိန်းအကောင် အထည်ဖော်ဆောင်ရွက်ရန်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထွန်းကိုကို

ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်း ရှင်းလင်းပွဲကျင်းပ

ကန့်ဘလူ ဇန်နဝါရီ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့တွင် နိုင်ငံတစ်ဝန်း ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း (၂၀၁၅) မြို့နယ်အဆင့် အသိပေးရှင်းလင်းပွဲကို ဇန်နဝါရီ ၁၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်ကျန်းမာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမျိုးလွင်က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာန ခုတင်(၁၀၀)ဆေးရုံအုပ် ဒေါက်တာမေစန်းချိုက ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေးကို ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများတွင် အသက် ၉ လမှ ၁၅ နှစ်အတွင်း ကန့်ဘလူမြို့နယ်အတွင်းရှိ ကလေးများအားလုံးကို ကျောင်းအခြေပြုနှင့် ရပ်ကွက်၊ ကျေးရွာပြည်သူလူထုအခြေပြုခွဲခြားပြီး ကာကွယ်ဆေးထိုးရန် စီစဉ်ထားကြောင်း ပြောကြားသည်။ ထို့နောက် မြို့နယ်ပညာရေးမှူး ဦးညွန့်လွင်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ချိုဦးတို့က ဆေးထိုးခြင်းလုပ်ငန်းများအောင်မြင်ရေးအတွက် ရပ်ကွက်ကျေးရွာများရှိ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များက ကလေးများအားလုံးထိုးနှံပေးနိုင်ရေးနှင့် မကျန်ရှိစေရေး ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးကြရန် ပြောကြားသည်။

အဆိုပါ ကာကွယ်ဆေးထိုးစုရပ်ပေါင်း ၃၁၅ နေရာ၊ ကျောင်းပေါင်း ၂၈၂ ကျောင်းမှ ကျောင်းသား ကျောင်းသူရည်မှန်းဦးရေ ၅၀၁၇၆ ဦး၊ ရပ်ကွက်၊ ကျေးရွာ ၂၇၅ ရွာမှ ကလေးပေါင်းရည်မှန်းဦးရေ ၂၆၁၀၉ ဦးတို့အတွက် ရည်မှန်းဆောင်ရွက်ထားကြောင်းသိရသည်။ လုပ်ငန်းရှင်းလင်းပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့ပေါ်ကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာ ကိုးအုပ်စုမှ အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ၊ မြို့နယ်ခုတင်(၁၀၀)ဆေးရုံမှ ဝန်ထမ်းများ တက်ရောက်ခဲ့သည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေ ပေးအပ်ပွဲကျင်းပ

ကော့ကရိတ် ဇန်နဝါရီ ၁၇

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်တွင် ပြည်ထောင်စုလွှတ်တော်၏ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရန်ပုံငွေပေးအပ်ပွဲကို ကော့ကရိတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဘုရင့်နောင်ခန်းမ၌ ဇန်နဝါရီ ၁၅ ရက်က ကျင်းပသည်။

ရန်ပုံငွေပေးအပ်ပွဲတွင် ကရင်ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမန်းလှမြိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းမျိုးတင့်လွင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်သိန်း၊ ကော့ကရိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ခိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးနိုင်လင်းဦးတို့က အမှာစကားပြောကြားပြီး ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်၏ဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၁၀၀၀ ကို သက်ဆိုင်ရာလုပ်ငန်းများတွင် လုပ်ငန်းဆောင်ရွက်နိုင်ရန် ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ပေးအပ်ခဲ့သည်။

စိုးထက်အောင်(ကော့ကရိတ်)

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်း-၂၀)
တောင်ကြီးခရိုင်တရားရုံး
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၁၂

ဒေါ်ခင်မြင့် **နှင့်** ၁။ ဦးစိန်ဝင်း
၂။ ဒေါ်ခေါင်လီခင်

တရားလို **တရားပြိုင်များ**

တောင်ကြီးမြို့၊ တောင်လေးလုံးအကျဉ်းဦးစီးဌာနနေ (၁)ဦးစိန်ဝင်း၊ (၂)ဒေါ်ခေါင်လီခင် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေကျပ်(၉၉၅)သိန်း ရလိုမှုနှင့် လျှောက်ထားစွဲချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက်ဖြစ်စေ၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဇန်နဝါရီ ၂၇ရက် (၁၃၇၆ခုနှစ် ပြာသိုလပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကိုထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇန်နဝါရီ ၁၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဒေါ်ခင်အုန်းတင့်)
ဒုတိယခရိုင်တရားသူကြီး(၃)
တောင်ကြီးခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ လှည်းတန်းလမ်း၊ တိုက်အမှတ်(၃၉/၄၀)၊ စန္ဒာမြိုင်ကွန်ဒိုရှိ အခန်းအမှတ်(အေ-၂)၊ ခြောက်ထပ်၊ အကျယ်အဝန်း (၂၄'×၄၈')ရှိ ကွန်ဒိုတိုက်ခန်းနှင့်ယင်းတိုက်ခန်း၌စွဲကပ်တည်ရှိသည့် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ လက်ရှိကွန်ဒို တိုက်ခန်းပိုင်ရှင်များဖြစ်ကြသည့် ဦးသောင်းဝင်း(ဗိုလ်မှူးကြီး-ငြိမ်း)၊ ၁၂/မရက(နိုင်)၁၁၆၇၇၉နှင့် ဇနီးဖြစ်သူ ဒေါ်ကြင်မြ ၁၂/မရက(နိုင်)၀၃၁၀၅၈ ကိုင်ဆောင်သူတို့ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါသည်။ အထက်ပါကွန်ဒိုတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်းများပြသ၍ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည့်တိုင်ကန့်ကွက်မှုမရှိခဲ့ပါက အရောင်းအဝယ်စာချုပ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအေးဟန် B.A(Law), LL.B, (D.B.L)(D.M.L)(D.I.L)
တရားလွှတ်တော်ရှေ့နေ (၄၅၄၆/၈၈)
တိုက်အမှတ် (၂၈)၊ အခန်းအမှတ်(၄)၊ သုံးလွှာ၊ ၄၀လမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၅၃၂၉၃

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ် ၄၇၁/က၊ မြေကွက်တည်နေရာအမှတ် ၄၇၁/က၊ သဒ္ဒါလမ်း၊ ၄ရပ်ကွက်၊ တ/ဥမြို့နယ် (ဒေါ်တင်မြင့်)အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် (မိခင်)ဒေါ်တင်မြင့်၊ ဖခင် ဦးဘတင် အစ်မ/ညီမဖြစ်သူ ဒေါ်သိန်းသိန်းအေး (အပျိုကြီးဘဝဖြင့်) အသီးသီးကွယ်လွန်သဖြင့် ၁။ဒေါ်မြမြဝင်း ၁၂/ဥကတ(နိုင်)၀၄၄၃၁၄၊ ၂။ဒေါ်သန်းသန်းနွဲ့ ၁၂/ဥကတ (နိုင်)၀၄၄၃၂၃၊ ၃။ ဦးခင်မောင်ကြည် ၁၂/ဥကတ(နိုင်) ၀၄၄၃၂၉၊ ၄။ဦးအောင်ဇော်မြင့် ၁၂/ဥကတ(နိုင်)၀၄၄၃၂၅နှင့် ၅။ ဒေါ်သန်းသန်းမော် ၁၂/ရကတ(နိုင်)၀၄၄၃၁၉ တို့က သားသမီးများနှင့်မောင်နှမများတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့်သေစာရင်းတို့ကို တင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

တရားမအထွေထွေလျှောက်ထားလွှာကို ဆိုင်ရန်ချိန်းဆိုသည့်နေ့ကို လျှောက်ထားခံရသူများကို ကြားသိစေသည့်အကြောင်းကြားစာ
ရန်ကုန်တိုင်းဒေသကြီး၊ တရားလွှတ်တော်
၂၀၁၄ခုနှစ် တရားမအထွေထွေလျှောက်လွှာအမှတ်-၂၃

ဦးသိန်းလှထွန်း **နှင့်** ၁။ ဦးမာမက်အီစမိုင်၊ ၂။ ဦးအောင်ဘော်၊ ၃။ ဦးကြည်၊ ၄။ ဒေါ်ရင်နု၊ ၅။ ဒေါ်တင်တင်ယု၊ တိုက်အမှတ် ၅၊ ခြောက်လွှာ၊ ခေါင်းရင်းခန်း၊ အောင်ချမ်းသာအိမ်ရာ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ၆။ ဒေါ်သန်းသန်းအေး၊ ၇။ ဒေါ်ကြူကြူ၊ အမှတ် (၂၂)၊ ပထမထပ်၊ ၁၆၅ လမ်းရှည်၊ တာမွေ(ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ၈။ ဒေါ်သန်းသန်းလှ ရွှေတောင်ရဲစခန်းဝင်း၊ ရွှေတောင်မြို့၊ ၉။ ဦးသန်းဝင်း

(လျှောက်ထားသူ) **(လျှောက်ထားခံရသူများ)**

၂၀၁၄ခုနှစ် ဧပြီ ၈ရက်စွဲပါ လျှောက်ထားသူ၏ တရားရုံးများ မထီမဲ့မြင်ပြုမှုဥပဒေပုဒ်မ ၃အရ အရေးယူပေးပါရန် လျှောက်ထားမှု၊ အထက်အမည်ပါအမှုမှ လျှောက်ထားခံရသူအမှတ် (၅)(၆)(၇)(၈) (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

ယခုအမှုတွင် လျှောက်ထားသူက တရားရုံးများ မထီမဲ့မြင်ပြုမှုအတွက် ဥပဒေပုဒ်မ ၃ အရ အရေးယူပေးပါရန် လျှောက်ထားရာ ဤရုံးတော်တွင် မှတ်တမ်းတင်စာရင်းသွင်း၍ ဤ တရားမထွေထွေလျှောက်လွှာကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၃၀ရက် (၁၃၇၆ ခုနှစ် တပို့တွဲလဆန်း ၁၁ရက်) တွင်ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သင်တို့၏ရှေ့နေဖြစ်စေ၊ တရားမထွေထွေမှုတွင် သင်တို့အတွက်ရွက်ဆောင်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးသို့မလာမရောက်ရှိခဲ့လျှင် ၎င်းတရားမအထွေထွေမှုကို သင်တို့၏မျက်ကွယ်တွင် စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီ ၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အမိန့်အရ

(ခင်နွဲ့နွဲ့)
လက်ထောက်ညွှန်ကြားရေးမှူး
တရားမတရားစီရင်ရေးဌာန
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် BB/5075 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1F/1842 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ပန်းတောင်းမြို့နယ် ထုံးဘိုမြို့အနီး အကောက်တောင်ဘုရားသို့ နိုင်ငံခြားသားဧည့်သည်များနှင့် မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးများလာရောက်

ပန်းတောင်း ဇန်နဝါရီ ၁၇

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ထုံးဘိုမြို့အနီး အကောက်တောင်ဘုရားသို့ ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း နိုင်ငံခြားသား ဧည့်သည်များနှင့် မြန်မာပြည် အရပ်ရပ်မှ ဘုရားဖူးပြည်သူများ အထူးစည်ကားစွာလာရောက်ဖူးမြော် ဇလွန်မြို့ ပြည်တော်ပြန်ဘုရားမှ အကောက်တောင်ဘုရားသို့ ၂၀၁၅-၂၀၁၆ ခုနှစ်အတွင်း ကားလမ်းဖောက်လုပ်မည်ဖြစ်ကြောင်း၊ ရုံးပိတ်ရက်များဖြစ်သော စနေ၊ တနင်္ဂနွေရက်တို့တွင် ဘုရားဖူးများဖြင့် အထူးစည်ကားလျက်ရှိပြီး အလွန်ရှေးကျသော ရှေးဟောင်းနံရံကပ်ဘုရားများနှင့် ဆန် ၂၀ တင်းခန့်ကုန်ကျပြီး နံနက်အရုဏ်မုန့်ဟင်းခါးဆွမ်းကို နေ့တိုင်း ပိဿာချိန် ၅၀ မှ ၁၀၀ အထိ ကျွေးမွေးရကြောင်း၊ ရုံးပိတ်ရက်များတွင် အထူးစည်းကားသဖြင့် ပြည်မြို့နှင့် ထုံးဘိုမြို့မှ အလှူရှင်များက အဆက်မပြတ် လှူဒါန်းလျက်ရှိပြီး၊ အကောက်တောင် အနီးရှိရွာများမှ နိုင်ငံခြားသားများမှာ အကောက်တောင်ရှိ နံရံကပ်ဘုရားများကို အထူးစိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် သောကြာဒူးအုပ်စုမှ အကောက်တောင် ရွှေမြင်တင်စေတီတော် ဂေါပကအဖွဲ့နာယက

ကြသည်။ အကောက်တောင်ဘုရားအား နဝဒေးတံတား(ပြည်) ကိုဖြတ်၍ ပန်းတောင်းမြို့နယ် ဥဿျှစ်ပင်မြို့ရှိ ပုသိမ်-မုံရွာလမ်းဆုံမှ ၁၅ မိုင်ခန့် အကွာ ထုံးဘိုမြို့အနီး အကောက်တောင်ဘုရားသို့လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်-မုံရွာလမ်းအတိုင်း ထုံးဘိုမြို့အနီး အကောက်တောင်ဘုရားသို့ လည်းကောင်း သွာရောက်နိုင်သည်။ အကောက်တောင်ဆရာတော်ဦးပညာဒီပကလည်း ဧရာဝတီတိုင်းဒေသကြီး ကျောက်လိုဏ်ဂူကြီးများ၊ ရေတံခွန်များကို ကမ္ဘာလှည့်ခရီးသည်များ အထူးစိတ်ဝင်စားလျက်ရှိကြသည်။ ရုံးပိတ်ရက်များတွင် မြန်မာပြည် အရပ်ရပ်မှ ဘုရားဖူးပြည်သူများ ၂၀၀၀ ကျော် ၃၀၀၀ နီးပါးလာရောက်ကြပြီး ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့)တွင် ဘုရားဖူးပြည်သူများ ၃၀၀၀ ကျော်လာ ရောက်ဖူးမြော်ပြီး ဘုရားဖူးလာသူများအား အကောက်တောင်ဘုရားဇရပ်ပေါ်တွင် သက်သတ်လွတ်ဟင်းနှင့် ထမင်းကိုကျွေးရာ ရွာသူရွာသားများနှင့် ရုံးပိတ်ရက်များတွင် ဝန်ထမ်းများက လုပ်အားပေးလာရောက် ကူညီဆောင်ရွက်ကြကြောင်းဆရာတော်က မိန့်ကြားသည်။ နဝဒေးတံတားကြီး (ပြည်)ကိုဖြတ်၍ ပုသိမ်-မုံရွာလမ်း တစ်လျှောက် အမျိုးသား အာဇာနည်းခေါင်းဆောင်ကြီး သခင်မြမွေးရပ်မြေ ထုံးဘိုမြို့မှ တစ်ဆင့် ကုန်းလမ်း၊ ရေလမ်းဖြင့် အကောက်တောင်ဘုရားများသို့ နေ့ချင်းပြန်သွား ရောက်ဖူးမြော်နိုင်ပြီး ကမ္ဘာလှည့် ခရီးသည်များနှင့် ဦးစိန်မောင်က လာမည့်နှစ် ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ဇလွန်ပြည်တော်ပြန်ဘုရားမှ အကောက်တောင်ဘုရားသို့ နိုင်ငံတော်မှလမ်းဖောက်လုပ်မည်ဟု ပြောကြားရာ ထုံးဘိုမြို့အနီး၌ရှိသော အကောက်တောင်ဘုရားသည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာမည်ဖြစ်၍ ဘုရားဖူးများဖြင့် အထူးစည်ကားလာမည်ဟု ပြောကြားကြောင်း သိရသည်။

သိန်းတိုး

ရာသီဥတုပြောင်းလဲမှုလျော့နည်းရေး အသိပညာပေးဟောပြော

ပုဏ္ဏားကျွန်း ဇန်နဝါရီ ၁၇

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိ ကြံခင်းကျေးရွာအုပ်စုနှင့် အောင်ဖြူပြင်ကျေးရွာအုပ်စုတွင် ရာသီဥတုပြောင်းလဲမှုလျော့နည်းရေးဆိုင်ရာ ပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၃ ရက်နှင့် ၁၄ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်သစ်တောဦးစီးဌာနမှ နယ်မြေသစ်တောတာဝန်ခံ ဦးရွှေသိန်းနှင့် ဝန်ထမ်းများက လူသားတို့၏ရုပ်ဝတ္ထုပစ္စည်း လိုအပ်ချက်များကြောင့် ဂေဟစနစ်များပျက်စီးလာစေပြီး ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့များ လေထုအတွင်းစုစည်းမိလာသောကြောင့် ကမ္ဘာကြီးပူနွေးလာရာမှ အပူချိန် နှစ်စဉ်မြင့်တက်လာနေကြောင်း၊ လူသားများသာမက သက်ရှိလောကတစ်ခုလုံးအတွက် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့်အကျိုးဆက်နှင့် နောက်ဆက်တွဲပြဿနာများ၊ အဆိုပါပြဿနာများမကြုံတွေ့ရအောင် လူသားတိုင်းက အမျိုးသားစီမံကိန်းတစ်ရပ်အနေဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ရာသီဥတုဖောက်ပြန်၍ဖြစ်ပေါ်သည့် သဘာဝဘေးများကြောင့် နှစ်စဉ်အသက်ပေါင်းများစွာ ဆုံးရှုံးနေရမှုများ၊ လူသားတို့အနေဖြင့် ရုပ်ဝတ္ထုပစ္စည်းလိုအပ်ချက်များကို ပတ်ဝန်းကျင်ဂေဟစနစ်မပျက်ပြားစေဘဲ ပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေစွာ ရယူအသုံးပြုတတ်ကြရန်၊ သစ်တောမြေများပြန်လည်စိုက်ပျိုးပြုစုရန်၊ တောင်ကတုံးများ၊ မြေကွက်လပ်များနှင့် ဖုန်းဆိုးတောများတွင် သစ်ပင်များတစ်ပိုင်တစ်နိုင်စိုက်ပျိုးခြင်းဖြင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဆိုးကျိုးများကို လျှော့ချနိုင်မှုများ စသည်တို့ကို ဟောပြောခဲ့ကြသည်။

ဟောပြောပွဲသို့ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံကျေးရွာပြည်သူများ တက်ရောက်ခဲ့ကြသည်။

လှဘော်သူ

သတင်းတို

ကျေးရွာချင်းဆက်လမ်းဖောက်လုပ်မှုကြည့်ရှုစစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ်အတွင်း ကောင်းနေကုမ္ပဏီက တာဝန်ယူဖောက်လုပ်နေသည့် အရှည် ၁၁ မိုင် ၅ ဖာလုံရှိ နဘက်-တမဆေးကန်-တွင်းကြီး-မကျီးဘုတ် ကျေးရွာချင်းဆက်လမ်းဖောက်လုပ်မှုနှင့် မြေသားတာပေါင်တင်ခြင်း၊ ကျောက်ခင်းခြင်းလုပ်ငန်းများကို စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ မြို့နယ်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအုန်းငွေနှင့် တာဝန်ရှိသူများ ဇန်နဝါရီ ၁၀ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။ အဆိုပါ ကျေးရွာချင်းဆက်လမ်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၄၆ ဒသမ ၁၁၀ သန်းဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

မြင့်နိုင်စိုး(ထီးလှိုင်မြေ)

တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးကျော်ဖံအောင်၏သား မောင်ရွှေအေး(ခ)ရွှေအေးမောင် ၁၁/မပန(နိုင်)၀၀၉၆၉၂ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ရွှေအေးမောင်

ဖခင်အမည်မှန်

မြိတ်မြို့၊ ကန်ဖျားအလက(ခွဲ)မှုလွန်ကျောင်း စတုတ္ထတန်း(C)မှ မသင်းလဲ့လဲ့ကျော်နှင့် သတ္တမတန်း(A)မှ မနှင်းလဲ့လဲ့ကျော်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးကျော်မင်းနိုင်ဖြစ်ပါကြောင်း။

ဦးကျော်မင်းနိုင် ၆/မအရ(နိုင်)၀၅၃၂၇၅

TAXI ငှားရန်ရှိသည်

TOYOTA PROBOX

အိမ်ပေး တစ်လက်ကိုင်

စပေါ်နှင့်အုံနာညှိနှိုင်း

တောင်ဥက္ကလာ(၉)ရပ်ကွက်

ဖုန်း-၀၉-၂၅၃၆၈၆၈၂၇၊

၀၉-၇၉၉၅၈၉၉၂၉၊၀၉-၄၉၃၂၈၉၁၀

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၃/ရန်ပြေ၊ မြေကွက်အမှတ် ၁၀၁၉/က၊ မြေကွက်တည်နေရာအမှတ် ၁၀၁၉/က၊ ရန်ပြေ ၁၇ လမ်းအနောက်၊ ၃/ရန်ပြေရပ်ကွက်၊ သာကေတမြို့နယ် ဦးထွန်းမြတ်အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးထွန်းမြတ်(ဖခင်)နှင့် ဒေါ်ကျင်ပု(မိခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသမီး ဒေါ်လှလှမြင့် ၁၂/သကတ(နိုင်)၀၄၃၃၆၄ မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂)၊ မြေကွက်အမှတ်(၁၃၀၄)၊ မြေကွက်တည်နေရာအမှတ်(၁၃၀၄)၊ ဇော်ဂျီ ၂လမ်း၊ (၄၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ဦးချစ်ဝေAB-၀၄၈၂၀၈ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်ဦးချစ်ဝေနှင့် ဇနီးဒေါ်အုန်းကြည်တို့ ကွယ်လွန်သဖြင့် ဒေါ်မင်းမင်းစန္ဒာဇော် ၁၂/ကမရ(နိုင်)၀၄၃၀၁၅၈က တရားဝင် တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် မိခင်၊ ဖခင်သေစာရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါကဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက် မည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်ဦးဆောင်မှုဖြင့် အောက်ဖော်ပြပါ ဟိုတယ်ဧည့်ဝန်ဆောင်မှုသင်တန်းများအား ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း သင်တန်းဌာန(ရန်ကုန်)တွင် ဖွင့်လှစ်သွားပါမည်။

စဉ်	သင်တန်းအမျိုးအစား	အနည်းဆုံးပညာအရည်အချင်း
၁။	ခရီးသွားလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ Travel Consultant နှင့် Tour Operator သင်တန်း(အဆင့် ၁)	တက္ကသိုလ်ဒုတိယနှစ်၊ ဘွဲ့ရများ
၂။	ဧည့်ကြိုလုပ်ငန်းသင်တန်း (အဆင့် ၁)	တက္ကသိုလ်ဒုတိယနှစ်၊ ဘွဲ့ရများ
၃။	အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်း (အဆင့်၁)	တက္ကသိုလ်ဝင်တန်း
၄။	အစားအစာနှင့်အဖျော်ယမကာဧည့်ခံကျွေးမွေးရေး သင်တန်း(အဆင့် ၁)	တက္ကသိုလ်ဝင်တန်း
၅။	အစားအစာနှင့် အဖျော်ယမကာထုတ်လုပ်ရေး သင်တန်း(အဆင့် ၁)	တက္ကသိုလ်ဝင်တန်း
၆။	အရှေ့တိုင်းအစားအစာထုတ်လုပ်ရေးသင်တန်း (အဆင့် ၁)	ဤသင်တန်းဌာနမှအခြေခံ(အဆင့် ၁)အစားအစာထုတ်လုပ်ရေးသင်တန်းတက်ရောက်ပြီးသူဖြစ်ရမည်။
၇။	ဟိုတယ်ဆိုင်ရာကြီးကြပ်ရေးသင်တန်း(အဆင့် ၂) (စီမံ/ဘဏ္ဍာ)	- စီးပွားရေးပညာဘွဲ့ရရှိပြီးသူ (သို့)ဘွဲ့တစ်ခုခုရပြီး စာရင်းကိုင်ပညာ အခြေခံကျွမ်းကျင်သူ။
	(အခန်းဌာန) (အစားအစာနှင့် အဖျော်ယမကာဌာန)	- တက္ကသိုလ်ဘွဲ့တစ်ခုခုရရှိပြီး ဤသင်တန်းဌာနမှ သက်ဆိုင်ရာဌာန၏အဆင့်(၁) သင်တန်းတစ်ခုအောင်မြင်ပြီးသူ (သို့) တစ်နှစ်လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရပါမည်။

သင်တန်းကာလ။ ၂-၂-၂၀၁၅ရက်မှ ၂၇-၃-၂၀၁၅ရက်အထိ

သင်တန်းဆိုင်ရာအချက်အလက်ဆက်သွယ်စုံစမ်းရန်

လျှောက်လွှာများကို ကန်တော်ကြီးဟိုတယ်ရှေ့ရှိ သင်တန်းဌာနတွင် ဝယ်ယူနိုင်ပြီး ဓာတ်ပုံတစ်ပုံ၊ ပညာအရည်အချင်းမိတ္တူ၊ ကျန်းမာရေးထောက်ခံစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာ ပူးတွဲတင်ရမည်။

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန
ကန်ရိပ်သာလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း၃၉၄၈၃၆

ဒေါ်သွယ်သွယ်မိုး ၁၂/မဂဒ(နိုင်)၁၂၄၆၇၃၊
ဒေါ်ယုမြတ်နိုင် ၉/ခအဇ(နိုင်)၁၀၅၆၈၅ တို့နှင့်

အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး ၁၇၊ အနီးစခန်း၊ အမှတ် ၄၀၁ နေ ဒေါ်ရီရီထွန်း(ခ) ရွှေမင်းသမီး၏ လွှဲအပ်ညွှန်ကြားချက်များအရ အောက်ပါအတိုင်း ကြေညာလိုက်ပါသည်-

အထက်အမည်ပါ ဒေါ်သွယ်သွယ်မိုး၊ ဒေါ်ယုမြတ်နိုင်တို့နှစ်ဦးနှင့် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ရီရီထွန်း(ခ) ရွှေမင်းသမီးတို့မှာ ၁၂-၁၂-၂၀၁၄ရက်စွဲပါ နှစ်ဦးသဘောတူ မြေအရောင်းအဝယ်စာချုပ်ဖြင့် ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ်၊ ကွင်းအမှတ်(ပြင်)၊ ကွင်းအမည် (ငုတ်တွင်းအောက်)သံဘိုကျေးရွာရှိ အရှေ့လားသော်-ရဲထွဋ်ကျောက်တိုင်ဘေးခြံ၊ အနောက်လားသော်-ဒေါ်ယုမြတ်နိုင်ခြံ၊ တောင်လားသော်-၁၅ပေလမ်း၊ မြောက်လားသော်-ဦးညွန့်တင်တို့အတွင်းရှိ ဧရိယာအကျယ်အဝန်း (၃၀၀)ဧကအား ငွေကျပ်(၈၄၀)သိန်း (ကျပ်ရှစ်ရာ့လေးဆယ်သိန်းတိတိ)ဖြင့် အရောင်းအဝယ်ပြုကာ အသိသက်သေများအဖြစ် သံဘိုကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်အေး၊ မြေပွဲစား ဒေါ်အုန်းမြိုင်၊ အထက်တန်းရှေ့နေ ဦးနေမျိုးဇော်တို့၏ ရှေ့မှောက်တွင်စာချုပ်ချုပ်ဆို၍ ငွေများယူဆောင်သွားကြောင်း သိရပါသည်။

ကျွန်ုပ်တို့၏ မိတ်ဆွေထံသို့လွှဲပြောင်းရောင်းချခဲ့သော အဆိုပါယာမြေဧက(၃၀၀)မှာ အမှန်တကယ်မရှိကြောင်းနှင့် စာချုပ်တွင် ဖော်ပြထားသည့်ယာမြေဧကများမှာလည်း ကျွန်ုပ်တို့၏မိတ်ဆွေမှ သွားရောက်စုံစမ်းရာတွင် တွေ့ရှိသည့် မြေများနှင့် မတူညီ၊ မကိုက်ညီဘဲ ကွဲလွဲနေကြောင်း သိရပါသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ လူကြီးမင်းတို့နှစ်ဦးမှ ၂၅-၁-၂၀၁၅ ရက်နောက်ဆုံးထားပြီး ပြေလည်အောင်ဖြေရှင်းဆောင်ရွက်နိုင်ပါသည်။ အကယ်၍ ပြေလည်အောင် ဖြေရှင်းဆောင်ရွက်ခြင်းမရှိပါက လူကြီးမင်းတို့နှစ်ဦးအား ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ တည်ဆဲဥပဒေများနှင့်အညီထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း လူကြီးမင်းတို့နှစ်ဦးနှင့် အများသိစေရန် ကြေညာလိုက်ပါသည်။

ဒေါ်ရီရီထွန်း(ခ)ရွှေမင်းသမီး၏ လွှဲအပ်ညွှန်ကြားချက်များအရ-

ဦးနန်းထိုက်ဦး LL.B
အထက်တန်းရှေ့နေ (စဉ်-၃၇၃၂၄)
နယ်မြေ ၁၁၊ အောင်ချမ်းသာရပ်၊
ဇမ္ဗူသီရိမြို့နယ်၊
နေပြည်တော်

ဦးငွေထွန်းဦး LL.B
အထက်တန်းရှေ့နေ (စဉ်-၃၅၂၉၃)
အမှတ် ၁၄/၂၇၊ ဦးဘွားလမ်း၊
မင်္ဂလာရပ်၊ ပျဉ်းမနားမြို့
ဖုန်း-၀၉-၄၃၀၁၆၆၀၈

ဖုန်း-၀၉-၈၃၀၆၃၉၇၊ ၄၂၁၇၃၁၄၆၈ Email-adepade 9@ gmail.com

ကြော်ငြာ

မြတ်ဆုမွန်တောင်းဂုဏ်ပြုအပ်ပါသည်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၅)ဖြင့် **သိရီသုဓမ္မမဏိဇောတဓရ (လူမှုထူးချွန် ဒုတိယဆင့်)** ဦးကိုကိုအေး(အုပ်ချုပ်မှုဒါရိုက်တာ၊ဖြိုးစည်သူထရေးဒင်းကုမ္ပဏီလီမိတက်)အား ၂၀၁၅ခုနှစ် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အချိန်အခါသမယတွင် **အဂ္ဂမဟာသိရီသုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ်အပ်နှင်းခြင်းခံရသည့်အတွက် အထူးပင်လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း သက်ဆုံးတိုင် နိုင်ငံအကျိုး၊ သာသနာအကျိုးဆထက်ထမ်းပိုး သယ်ပိုးလျှဒါန်းနိုင်ပါစေကြောင်း မြတ်ဆုမွန်တောင်းဂုဏ်ပြုအပ်ပါသည်။

ဂေါပကအဖွဲ့
ဆရာစံရပ်ကွက်လုံးဆိုင်ရာနှစ်ကျိပ်ရှစ်ဆူစေတီမွှာရုံကြီး
ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

အစိုးရစာရင်းစစ်ဟောင်းများမိတ်ဆုံစားပွဲ

နိုင်ငံတော်စာရင်းစစ်ချုပ်ရုံးအသီးသီးတွင် တာဝန်ထမ်းဆောင်ခဲ့သည့် အစိုးရစာရင်းစစ်ဟောင်းများ၏ (၅)ကြိမ်မြောက် မိတ်ဆုံစားပွဲကို အောက်ပါအစီအစဉ်ဖြင့် ကျင်းပမည်ဖြစ်ရာ မိတ်ဆွေဟောင်းများအား ဆုံတွေ့နိုင်ရန်အတွက် ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ယာယီအမှုဆောင်အဖွဲ့

နေ့ရက် - ၈-၂-၂၀၁၅ ရက် (တနင်္ဂနွေနေ့)
အချိန် - နံနက် ၁၀း၀၀ နာရီမှ ၁၂း၀၀ နာရီအထိ
နေရာ - အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့၊

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ခန်းမ

ဆရာကန်တော့ပွဲ
ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း ၂၀၀၁-၂၀၀၂ပညာသင်နှစ် ကျောင်းသားဟောင်းများ အာစရိယပူဇော်ကန်တော့ပွဲ

ပြန်လည်ဆုံတွေ့ခြင်း၊ အာစရိယပူဇော်ကန်တော့ပွဲ ၂၅-၁-၂၀၁၅ရက် (တနင်္ဂနွေနေ့) ညနေ၃း၃၀နာရီမှ ၇း၀၀နာရီ M.I.C.T park hall တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ဆက်ဆက် လာရောက်ကြဖို့ ဖိတ်ခေါ်ပါတယ်။ အာစရိယပူဇော်ပွဲ ငွေပဒေသာပင်အတွက်လည်း စေတနာ သဒ္ဓါတရားအပြည့်နဲ့ ပါဝင်လှူဒါန်းကြပါအုံးလို့ တိုက်တွန်းနှိုးဆော်ပါရစေ။ လှူဒါန်းလိုသော သူငယ်ချင်းများအနေနဲ့ အောက်ပါသူငယ်ချင်းများထံတွင် ဖုန်းဖြင့်သော်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

စောကလျာကြည်	ဖုန်း-၀၉-၅၁၀၆၂၂၆
ခိုင်မွန်ချို	ဖုန်း-၀၉-၅၀၇၄၅၈၆
ချမ်းမြေ့အောင်	ဖုန်း-၀၉-၄၂၀၀၉၆၉၇၇
တိုးနိုင်ချစ်	ဖုန်း-၀၉-၅၁၂၉၁၃၇
အောင်သီဟန်	ဖုန်း-၀၉-၅၁၉၄၃၉၆
ငြိမ်းချမ်း	ဖုန်း-၀၉-၂၆၀၁၉၂၅၃၁
ရဲသွေးသန့်စင်	ဖုန်း-၀၉-၄၃၂၀၀၃၀၀
နွေအေး	ဖုန်း-၀၉-၅၀၅၄၆၆၇
နှင်းပွင့်စိုး	ဖုန်း-၀၉-၂၅၉၁၅၀၃၀၂
ဆုလဲ့မွန်	ဖုန်း-၀၉-၄၃၀၂၃၆၀၇
ခင်ကေသီကျော်	ဖုန်း-၀၉-၅၄၁၄၆၂၉
နှင်းဦးဝေ	ဖုန်း-၀၉-၄၃၁၆၄၉၄၉

အုတ်ဖိုမြို့နယ်အသင်း(ရန်ကုန်)
နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားလွှာ

အုတ်ဖိုမြို့နယ်အသင်း(ရန်ကုန်) (၄၁)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗားကရာလမ်း၊ ကိုးထပ်ကြီးဘုရားဝင်းအတွင်းရှိ သန္တိသုခဓမ္မာရုံကြီး၌ ၂၀၁၅ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်(တနင်္ဂနွေနေ့)နံနက် ၉း၀၀နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အသင်းသူ/သားများ၊ မြို့နယ်သူ/သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အစည်းအဝေးတက်ရောက်ကြပါရန်နှင့် အသက်(၇၅)နှစ်နှင့်အထက်အသင်းဝင်နှင့် အဘိုးအဘွားများအမည်စာရင်း၊ နိုင်ငံတော်အဆင့်ဘွဲ့ထူး၊ ဘွဲ့တံဆိပ်ရရှိသူများ၊ တက္ကသိုလ်တစ်ခုခုမှ ပါရဂူဘွဲ့(Ph.D)ရရှိသူများနှင့် ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသူများ၊ ဘက်စုံပညာထူးချွန်ဆုရရှိသူများသည် အမှတ်စာရင်းအထောက်အထားများနှင့်တကွ ဦးခင်မောင်ဇော် ဖုန်း-၀၁-၆၆၂၅၀၇၊ ဦးဝင်းမြင့် ဖုန်း-၀၉-၅၁၄၉၀၅၄၊ ဦးတင်မောင်ညွန့် ဖုန်း-၀၉-၈၆၁၈၃၀၅၊ ဦးအေးဝင်း ဖုန်း-၀၉-၇၃၀၅၉၇၆၄၊ ဦးခင်မောင်တင့် ဖုန်း-၀၉-၇၃၀၉၃၅၈၊ ဒေါ်ခင်ဝင်းကြည် ဖုန်း-၀၉-၄၂၃၇၂၈၂၂၃၊ ဒေါ်ညွန့်ညွန့်ဝင်း ဖုန်း-၀၉-၇၉၃၀၃၄၀၀နှင့် နီးစပ်ရာအမှုဆောင်များထံ ဆက်သွယ်စာရင်းပေးရန်နှင့် လှူဒါန်းလိုသူ စေတနာရှင်များမှလည်း ဆက်သွယ်လှူဒါန်းကြပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

မှတ်ချက်။ ။ နေ့လယ်စာဖြင့် ဧည့်ခံပါမည်။ **အလုပ်အမှုဆောင်အဖွဲ့**

မြတ်ဆုမွန်တောင်းဂုဏ်ပြုအပ်ပါသည်

ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၅) ဖြင့် **သိရီသုဓမ္မမဏိဇောတဓရ (လူမှုထူးချွန် ဒုတိယဆင့်)** ဦးကိုကိုအေး (အုပ်ချုပ်မှုဒါရိုက်တာ၊ ဖြိုးစည်သူထရေးဒင်းကုမ္ပဏီလီမိတက်)အား ၂၀၁၅ခုနှစ်(၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အချိန်အခါသမယတွင် **အဂ္ဂမဟာသိရီသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်** အပ်နှင်းခြင်းခံရသည့်အတွက် အထူးပင်ဝမ်းမြောက် ဂုဏ်ယူမိပါကြောင်း မြတ်ဆုမွန်တောင်း ဂုဏ်ပြုအပ်ပါသည်။

(အငြိမ်းစား)ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ
အထက(၂)ဗဟန်း(နန်းယန်)

အထူးဂုဏ်ပြုဝမ်းမြောက်ကြောင်း

